စစ်ကိုင်းတောင်ရိုး

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု

# ရွှေဟင်္သာဆရာတော်ဘုရားကြီး

၏

# အဋ္ဌုပ္ပတ္တိအကျဉ်း

နှင့်

## ပဒေသာဆုံးမစာများ,

## လူ့မင်း နတ်မင်း ဦးညွှတ်ခြင်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ မေလ ၁၉၇၉

စစ်ကိုင်းတောင်ရိုး

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

# ရွှေဟင်္သာဆရာတော်ဘုရားကြီး

၏

# အဋ္ဌုပ္ပတ္တိအကျဉ်း

နှင့်

## ပစ္ဆိမဒသာဆုံးမစာများ,

## လူမင်း နတ်မင်း ဦးညွှတ်ခြင်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ မေလ ၁၉၇၉

ရန်ကုန်မြို့၊ကမ္ဘာ့အေး သာသနာ့ရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ်(၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်း .... .... .... | ၁–၁၄ |
| ပဓာနအသုံးမစာများ .... .... | ၁၉–၄၇ |
| လူမင်း နတ်မင်း ဦးညွတ်ခြင်း .... .... | ၅၁–၁၂၀ |

## စစ်ကိုင်းတောင်ရိုး

### အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု

# ရွှေဟင်္သာ ဆရာတော်

## အတ္ထုပ္ပတ္တိအကျဉ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပုသိမ် (၃၂)မြို့၌ အပါအဝင်ဖြစ်သော ယခင်က ဟင်္သာတခရိုင်၊ ယခုအခါ ဧရာဝတီတိုင်း ငဝံမြစ် အနောက်ဘက်ကမ်းပေါ်၌ တည်ရှိသော လေးမျက်နှာ အမည်ရှိသော တောမြို့ကလေး၏ အလယ်ရပ်၌ ကုန်သည်မျိုး ဖြစ်သော ဦးကျောက်စိမ်း- ဒေါ်ရွှေသော့တို့မှ ရွှေဟင်္သာ ဆရာတော် အလောင်း သတိုးသားကို ဖွားမြင်သည်၊ ဖွားမြင်သော နေ့ရက်မှာ သက္ကရာဇ် ၁၂၅၅-ခု၊ နတ်တော်လဆန်း ၇-ရက် ကြာသပတေးနေ့ ညဉ့် ၉-နာရီ မိနစ် ၃၀-အချိန် ဖြစ်သည်။ သားသမီး ၅-ယောက်တွင် အငယ်ဆုံးဖြစ်သည်၊ ငယ်မည်မှာ မောင်သန်း ဟူ၍ မှည့်ခေါ်ကြသည်။

မောင်သန်း ကျောင်းသားအရွယ် ရောက်သောအခါ လေးမျက်နှာမြို့ တာကြီးတန်း ဆရာဆင့်ကျောင်း၌ ပညာသင်ရန် ပို့အပ်ကြသည်၊ ထိုနောက် ဂဏန်းသင်္ချာပညာကို သင်ကြားစေလိုသည် တကြောင်း၊ ရှင်ပြုလိုသည်တကြောင်း တို့ကြောင့် ဂဏန်းသင်္ချာ အသင်အပြ ကောင်းသော

မိကျောင်းရဲအမည်ရှိ ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ထားသဖြင့် မိကျောင်းရဲကျောင်း၌ ဂဏန်းသင်္ချာနှင့်တကွ 'မကာရန္တပေဒင်' ကို ဇာတာဖွဲ့သည့်အထိ သင်ခဲ့ရသည်။

**မောင်သန်း** အသက် (၁၄)နှစ်တွင် မိဘများက ရှင်ပြုရှိ မိကျောင်းရဲကျောင်း၌ ရှင်သာမဏေအဖြစ်နှင့် တနှစ် နေခဲ့ရသည်၊ ထိုနောက် ရှင်လူထွက်၍ အိမ်မှာနေသည်၊ အိမ်မှာလူထွက်နေစဉ် ရှင်သာမဏေ ပြန်ဝတ်ပြီး ပိဋကတ်စာပေ သင်ကြားလိုသောဆန္ဒ ထက်သန်စွာ ဖြစ်ပေါ်လာသဖြင့် မိဘနှင့် ဘကြီး ဒေါ်ကြီးများကို ပန်ကြားရာ တလစဉ်းစားရန် ပြောကြ၍ တလ စဉ်းစား၏၊ တလ ပြည့်သော်လည်း သာမဏေပြု၍ စာပေ သင်ကြားလိုကြောင်းကိုသာ ထပ်မံ ပြောကြားသည်ဖြစ်၍ ဘကြီး ဒေါ်ကြီးတို့က ကျေဉ်းကျဉ်း ထပ်မံ၍ ရှင်ပြုပေးသည်။

**မော်လမြိုင်သို့ ရောက်ခြင်း** ပိဋကတ်စာပေ သင်ကြားလိုကြောင်း လျှောက်သဖြင့် မိကျောင်းရဲ ဘုန်းတော်ကြီးက မော်လမြိုင်မြို့-မရမ်းကုန်းရပ် ပြည်ကျောင်းသို့ ပို့ပေးသည်၊ (အဆက်ရှိရာသို့ ပို့ပေးခြင်း ဖြစ်သည်။) လေးမျက်နှာသား ဦးဝါယာမ မော်လမြိုင်သို့ အပြန်တွင် လိုက်သွား၏၊ ပြည်ကျောင်းဆရာတော် အရှင်ပညာသာမိမထေရ်သည်လည်း လေးမျက်နှာ မြို့သားပင် ဖြစ်တော်မူသည်။(နောက်အခါ ပြည်ကျောင်းဆရာတော်သည် ရန်ကုန် ကြည့်မြင်တိုင် သာခုကျောင်းတိုက်က ပင့်၍ သာခု ကျောင်းတိုက် ဆရာတော်အဖြစ်ဖြင့် ထင်ရှားတော်မူသည်။)

**ရှင်ပဏ္ဍိတ ရန်ကုန်ရောက်ခြင်း** သာမဏေရှင်ပဏ္ဍိတသည် မော်လမြိုင်မြို့ ပြည်ကျောင်း၌ ၂-နှစ် နေခဲ့ရသည်၊ ဗာလာဝတာရ-သန္ဓိ, နာမ်, အာချာတ်, ကိတ် လေးစောင်နှင့် နာမ်ဂိုဏ်း အာချာတ်ဂိုဏ်းတို့ကို ဂိုဏ်းစဉ် ရုပ်အနက်တို့ကို ကျေညက်အောင် သင်ကြားခဲ့ရ၏၊ မော်လမြိုင်၌ ၂-နှစ်ကြာသောအခါ စာချပေးသော ဦးဝါယာမသည် ရှေးဦးစွာ ရန်ကုန်သို့ ပြောင်းသွားသည်၊ ထိုနောက် ရှင်ပဏ္ဍိတ လာခေါ်သဖြင့် ရန်ကုန်မြို့ ဗဟန်းကျောင်းတော်ရာ ရွှေကျင်တိုက်သို့ ရောက်သည်၊ ရွှေကျင်ဂိုဏ်းသို့ ပထမအကြိမ် ရောက်ခြင်းဖြစ်၏၊ ၁၂၇၂-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော်၌ ရောက်သည်၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ထန်းတပင်ဆရာတော်ကြီး သီတင်းသုံးသော ဘုံပြန်ကျောင်း၌ ပထမ နေရ၏၊ နောက် နေရာကျဉ်း၍ ပြာသာဒ်ကျောင်းသို့ ပြောင်းနေရသည်၊ ရှင်ပဏ္ဍိတ၏ စာချဆရာ ဦးဝါယာမသည် ရန်ကုန်သို့ ရောက်ကတည်းက ကိုယ်တိုင်လည်း စာမသင်, စာလဲမချ၊ စိတ်လေလွင့်နေရာက လူထွက်ပြီး မကြာမီ သေဆုံးသွားသည်။

**ရှင်ပဏ္ဍိတ ညောင်တုန်းသို့ ရောက်ခြင်း** ရှင်ပဏ္ဍိတသည် ဟတ်နိုင်သမျှ မိမိဘာသာ ကျက်သင့်သော စာများကို ကျက်၍ စာတက်ချင်သည်-ဟုမကြာမကြာညည်းနေသည်ကို ပြာသာဒ်ကျောင်းဆရာတော်က ကြား၍ ကိုရင် စာတက်ချင်လျှင် ညောင်တုန်း ရွှေဟင်္သာတောရတိုက်သို့ သွား၊ ကျောင်းတော်ရာဆရာတော်ကြီး နယုန်လ ညောင်တုန်း ကြွလိမ့်မည်၊ ကိုရင်

လိုက်ချင်လျှင် အပ်ပေးလိုက်မည်ဟု အမိန့်ရှိရာ ဝမ်းမြောက်စွာဖြင့် လိုက်ပါမည်ဟု ဝန်ခံလိုက်၏။ ၁၂၇၃-ခုနှစ် နယုန်လဆန်း ၁၀-ရက်နေ့၌ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ညောင်တုန်းသို့ ဝါကပ်ရန် ကြွတော်မူလျှင် ရှင်ပဏ္ဍိတသည် ပစ္ဆာသမဏအဖြစ်ဖြင့် လိုက်ပါရ၍ ညောင်တုန်း ရွှေဟင်္သာတောရတိုက်သို့ ရောက်ရပေသည်။

ညောင်တုန်း ရွှေဟင်္သာတောရတိုက်သို့ ညအခါ၌ရောက်သည်၊ နံနက် အရုဏ်ဆွမ်းစားကြပြီးကာလ ဇေတဝန်ဘုရားကျောင်းကြီးပေါ်၌ သံဃာများစုဝေး၍ စာအံနေကြသောအသံကိုကြားသောအခါ ရှင်ပဏ္ဍိတသည် "ငါတော့ စာတတ်တော့မဟ" ဟု စိတ်ထဲကကြိတ်၍ ဝမ်းသာမိ၏၊ ရောက်သစ်စဖြစ်သော ရှင်ပဏ္ဍိတကို ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးက တိုက်အုပ်ဆရာတော် (နောင်အခါ စံကျောင်းဆရာတော်-ဟု ထင်ရှားမည့် ဆရာတော်) ထံ၌ အပ်လိုက်သည်။ ထိုအချိန်က စ၍ ရှင်ပဏ္ဍိတသည် တိုက်အုပ်ဆရာတော်နှင့် တိုက်ကြပ်ဆရာတော် ( နောင်အခါ ဒုတိယစံကျောင်း ဆရာတော် ) တို့၏ အနီးနေ အဋ္ဌေဝါသိက တပည့်ရင်း အဖြစ်ဖြင့် ဆရာတော်များကိုယ်တိုင် စာပေပို့ချကာ ချီးမြှောက်တော်မူကြသည်။

သာမဏေဘဝနှင့် ရဟန်းသိက္ခာ ၂-ဝါအတွင်း၌ ငယ်လတ်အောင်သည်၊ အကြီးတန်း ဖြေဆိုချိန်၌ ကျန်းမာရေး ချို့၍ စာမကျက်နိုင်သောကြောင့် အကြီးတန်းကိုကား မအောင်နဲ့ပေ၊ ၁၂၇၅-ခုနှစ် ဝါဆိုလဆန်း ၁၄-ရက်နေ့၌ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် ဥပဇ္ဈာယ် ဆရာမြတ်

အဖြစ် ချီးမြှောက်တော်မူသည်ဖြစ်၍ရှင်း၊ တိုက်အုပ်ဆရာတော်၊ တိုက်ကြပ်ဆရာတော်များက ကမ္မဝါစာ ဆရာအဖြစ် ချီးမြှောက်တော်မူသည်ဖြစ်၍ရှင်း ရှင်ပဏ္ဍိတသည် ရွှေဟင်္သာတောရကျောင်းတိုက် ပထမ သီလဝိသောဓနီ သိမ်တော်ကြီး၌ ရဟန်းအဖြစ်သို့ ရောက်သည်၊ ဘကြီး၊ ဒေါ်ကြီး ဖြစ်သော လေးမျက်နှာမြို့ ပရိက္ခရာကုန်သည်ကြီး ဦးလူကြီး၊ ဒေါ်ငွေမှုံ တို့က ခမ်းနားစွာ ရဟန်းဒကာခံ၍ ကောင်းမှုပြုကြသည်၊ ညောင်တုန်းမြို့ ကုန်သည်ကြီးများ ဖြစ်ကြသော ဦးကျော်ဒွန်း၊ ဒေါ်ကြည် နှင့် ဦးချက်၊ ဒေါ်ဒွန်းအို တို့သည် နှစ်ဦးပေါင်း၍ ရှင်ပဏ္ဍိတကို သိက္ခာထပ်ကာ ရဟန်းဒါယကာ ပြုလုပ်ကြသည်၊ (သည်ဒကာများမှာ ဆရာတော်များ ချီးမြှောက်သော ဒကာများဖြစ်သည်)သည်နောက် ရွှေတောင်မြို့ ဒေါ်ဉာဏဝတီ က သိက္ခာထပ်ပြန်သည်၊ သည်နောက် မန္တလေး ဒါးတန်း ဒေါ်ခင်မြင့်က သိက္ခာထပ်သည်၊ သည်နောက် ရန်ကုန် ဒေါ်ခင်သန်းနှစ်တို့က သိက္ခာထပ်ကြသည်။

ဦးပဏ္ဍိတသည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၌ပင် စံကျောင်းဆရာတော်၊ ဒုတိယစံကျောင်းဆရာတော်၊ စပယ်ရုံကျောင်းဆရာတော် ဦးယုဂန္ဓရ၊ မြလေးရုံကျောင်း စာချဘုန်းကြီး ဦးမေဓာဝီ (သကျသီဟ ဓမ္မာစရိယ) (နောင်အခါ မေဓာဝီဆရာဆိုင်) တို့ ထံ၌ ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့ကို ကိုယ်တိုင် ဆိုဝါဖြင့် သင်ကြားခဲ့သည်။

**မန္တလေးတက်ခြင်း** ဦးပဏ္ဍိတသည် ရဟန်းသိက္ခာ ၄-ဝါ ရသောအခါ ဆရာတော်များ ထံ

မန္တလေးသို့တက်၍ စာပေ ဆည်းပူးလိုကြောင်း ပန်ကြားလျှောက်ထားရာ ဆရာတော်များက ကြည်သာစွာ ခွင့်ပြုတော်မူပြီးလျှင် ပါဠိဘာသာ စာဖြင့်ရေးသားသော အပ်နှံစာကိုပါ ချီးမြှောက်တော်မူကြသည်၊ မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက် ကံဆိပ်တော်ရ ငါးဆူဆရာတော် အရှင်သဒ္ဓမ္မာလင်္ကာရ ခြေတော်ရင်း၌ ဆည်းကပ်၍ ဆရာတော်ထံ၌ပင် ကင်္ခါဘေဒစိန္တာကို မိမိဆိုဝါဖြင့် ဆည်းပူးရသည်၊ ညဘက်၌ ပုဒ်စစ်-စသည်ကို ဆိုဝါဖြင့်သာ ဆည်းပူးရသည်၊ (ထိုအချိန်က ငါးဆူဆရာတော်ကြီးသည် သက်တော် ၇၅-နှစ် ရှိတော်မူပြီဖြစ်သော်လည်း သုတ်စဉ်, သုတ်နက်, ပုဒ်စစ်, သုတ်စစ်, သဒ္ဒါစစ်, နည်းလေးဆယ်, သံဝဏ္ဏနာစသည်တို့ကို နှုတ်တက်ရလျက်ပင်ရှိသည်၊) ဦးပဏ္ဍိတ ပုဒ်စစ်စသည်ဆိုစဉ်က ပုဒ်စစ်စာအုပ်မကြည့်ရ- မကျက်ရဟု ဆရာတော်ကြီး အမိန့်ရှိ၍ စာအုပ်မကြည့်- မကျက်ရပေ၊ ဆရာတော်ကြီးကိုယ်တိုင် နှုတ်တိုက်ချပေးပြီးမှ အဓိပ္ပါယ်ပြောတော်မူသည်၊ ငါးဆူတိုက်ပတ်ဝန်းကျင်ရှိ စကုတိုက်၊ ခင်မကန်တိုက်၊ တောင်သမန်တိုက်၊ ထီးလင်းတိုက်၊ မိုးကောင်းတိုက်၊ ချမ်းသာကြီးတိုက်၊ ဆင်တဲတိုက်တို့၌ ထင်ရှားသော စာချဆရာတော်များထံ၌လည်း စာလိုက်၍ လေ့လာဆည်းပူးခဲ့သည်။ များသောအားဖြင့် ဥပုသ်နေ့နှင့် စာဝါပိတ်သောနေ့ရက်တို့၌ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမကျောင်းတိုက်သို့ သွား၍နေ၏၊ ဗဟုသုတလည်း ဆည်းပူးရင်း အေးချမ်းသာယာရှိသောကြောင့်လည်း သွားခြင်းဖြစ်၏၊ မန္တလေး၌နေစဉ် ဝမ်းတွင်းမြို့မြောက်ဘက် မြန်မာတိုင် ၃-တိုင်ခန့်ဝေးသော ဒေါင်သူတောရ ဆရာတော်ကြီးထံ၌ နည်းနာနိဿယ ခံယူရင်း ဆန်းကျမ်းကို ဆိုဝါနှင့် သင်ကြား

ခဲ့သည်၊ မန္တလေး၌ ၂-နှစ်မျှသာနေရသည်၊ ကျေးဇူးရှင်ဆရာတော်များကပြန်ခဲ့ရန် အမိန့်တော်ရှိ၍ ညောင်တုန်းရွှေဟသ်ာတောရတိုက်သို့ ပြန်ခဲ့ရသည်။

**ကျောင်းဘုန်းကြီးနှင့် ဒုတိယ စာချဖြစ်ခြင်း** ၁၂၇၀-ပြည့်နှစ် နယုန်လ၌ကျောင်းတော်ရာ ဆရာတော် ဘုရားကြီးသည် ညောင်တုန်းရွှေဟသ်ာတောရတိုက်၌ ဝါကပ်ရန်ကြွတော်မူလာသောအခါ ဦးပဏ္ဍိတသည် ရဟန်းသိက္ခာ ၆-ဝါရသောအခါ ဖြစ်၏၊ နယုန်လပြည့်နေ့ည သံဃာများ ဘုရားဝတ်ပြုပြီးကျောင်းတိုက်လုံးသံဃာများ အစုံအညီမျက်မှောက်တွင် ကျောင်းတော်ရာဆရာတော်ဘုရားကြီးသည် ဦးပဏ္ဍိတ၏ ဂုဏ်ကျေးဇူးစကားတို့ကို အထိုက်အလျောက် မိန့်ကြားတော်မူပြီးလျှင် ကျောင်းဘုန်းကြီး ခန့်အပ်သောစာတမ်းကို သံဃာတပါးအား ဖတ်စေသည်၊ ထိုနောက်ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးကိုယ်တိုင်က''ယနေ့က စ၍ မှန်ကျောင်း မောင်ပဏ္ဍိတကို ဒုတိယစာချ စွယ်တော်ကျောင်းဘုန်းကြီးဟု ခေါ်ကြရမည်''ဟူ၍ မိန့်တော်မူသည်။

**ဥပုသ်သည်လက်စွဲ** ဦးပဏ္ဍိတ သိက္ခာ ၈-ဝါ အရတွင် စံကျောင်းဆရာတော်ဘုရား နည်းလမ်းညွှန်ကြားပြီးစေခိုင်းတော်မူ၍ဥပုသ်သည်လက်စွဲကိုရေးသည်။

**မြန်မာအလင်္ကာကျမ်း** ကျန်းမာရေးမကောင်း၍ စာမကျက်နိုင်သဖြင့်ပထမကြီးတန်းကို မအောင်သော်လည်း ပထမကြီးတန်း သမားများနှင့် တက္ကသိုလ်ကျောင်းသားများ စာရေးဆရာများ၌ မသုံးမဖြစ် သုံးရမည့်

ကျမ်းစာမျိုးကို ရေးနိုင်အောင် အားထုတ်မည်ဟု စိတ်ဆန္ဒပြုခဲ့သည့်အတိုင်း ရဟန်းသိက္ခာ ၁၄-ဝါ အရတွင် မြန်မာ အလင်္ကာကျမ်းကိုရေးသည်။ (အလင်္ကာကျမ်းကိုကား ဆရာထံ၌ တက်ခဲ့ဘူးခြင်းမရှိပါ၊ အလင်္ကာကိုတက်ရန် စီစဉ်ရင်း ပျက်ရင်းဖြစ်၍ မတက်ခဲ့ရခြင်း ဖြစ်သည်)။

ပထမအကြိမ်-ကာဗျတန်ဆာ မြန်မာအလင်္ကာကျမ်း အမည်ဖြင့် သူရိယ သတင်းစာတိုက်၌ ရိုက်သည်၊ ဒုတိယ အကြိမ် မြန်မာအလင်္ကာအမည်ဖြင့် ဟံသာဝတီ၌ ရိုက်သည်၊ တတိယအကြိမ် သင့်ဘဝပုံနှိပ်တိုက်၌ ရိုက်သည်။

မှတ်ချက်။ ။လူကြိုက်များသော ဆရာတော်၏ ကျမ်းစာများတွင် မြန်မာအလင်္ကာသည်လည်း တကျမ်းပါဝင်ခြင်းဖြစ်သည်။

စစ်ကိုင်းတောင်ရိုးသို့ရောက်ခြင်း ၁၂၈၄-ခုနှစ်၊ ၈၆-ခုနှစ် တို့၌ နှစ်ကြိမ်မျှ စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးရောက်သည်၊ တခေါက်လျှင် တလစီ နေသွားရာ စစ်ကိုင်းဥတုရာသီနှင့် သပ္ပါယဖြစ်သောကြောင့် နေသမျှရက်အတွင်း ကျန်းမာရေးကောင်းသည်ကို သတိပြုမိသဖြင့် စစ်ကိုင်းတောင်ရိုး၌ နေရလျှင် ကျန်းမာမည်ဟု စိတ်၌ စွဲလမ်းကာ ကျေးဇူးရှင် ဆရာတော်များထံ ခွင့်ပန်လျှောက်ထားရာ ၃-နှစ်ကြာသော်လည်း ခွင့်မပြုကြပါ၊ ၁၂၈၈-ခုနှစ်၌ ကထိန်အပြီးတွင် အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း စာချဆရာတော် (နောက် မင်္ဂလာတိုက်သစ် တိုက်ပိုင်ဆရာတော်) ဦးဓမ္မသာမိထံ၌ ပဋ္ဌာန်းဟောရန် အကြောင်းပြုပြီးလျှင်

လျှောက်ထားကာ ထွက်ခဲ့သည်၊ လျှောက်ထားခဲ့သည့်အတိုင်းလည်း ဦးဓမ္မသာမိအထံ၌ ကိုယ်တိုင်ဆိုဝါဖြင့် သီးခြားစာဝါတောင်း၍ ပဋ္ဌာန်းကိုလည်းဆိုရင်း ဟောရင်း စစ်ကိုင်းတောင်ရိုး၌ ကျောင်းနေရာရှာပြီး ကျောင်းနေရာ ပြုပြင်ထားသည်၊ တပေါင်းလမှ ညောင်တုန်းသို့ပြန်သည်၊ စစ်ကိုင်းတောင်ရိုး၌ ကျောင်းနေရာစီမံကြောင်းကို ညောင်တုန်းမှ ဆရာတော်များကြားသိတော်မူကြသဖြင့် အတော်ကြီး စိတ်မချမ်းမသာ ဖြစ်တော်မူကြသည်ဟု သိရသည်။

**ဦးဓမ္မသာမိပဋ္ဌာန်းနိုင်ပုံ** ဦးဓမ္မသာမိသည် အမရပူရ ညဝါပါရဂူ နိုင်ငံတော်၌ ထင်ရှားသော ဆရာကြီးဦးအုန်း၏ တူအရင်းဖြစ်သည်၊ ဦးပဏ္ဍိတ ပဋ္ဌာန်းဟောသောအချိန်၌ ဦးဓမ္မသာမိ ပဋ္ဌာန်းစာဝါကို အကြိမ် ၃၀-ကျော် ချပြီးလေပြီ၊ သုခမ္မာဂိုဏ်းသားလည်းဖြစ်, ဆေးလိပ်ကလည်း ကြိုက်သော ပုဂ္ဂိုလ် ဖြစ်သောကြောင့် ပဋ္ဌာန်းနှင့်စပ်သော စာဟူ၍မကြည့်၊ အနီးမှာပင်မရှိပဲ ဆေးလိပ်သောက်ရင်း စာသင်သားများ နားလည်အောင် နိုင်နိုင်နင်းနင်း သင်ပြနိုင်သောပုဂ္ဂိုလ်ဖြစ်သည်။ (ထိုအချိန်က ဦးဓမ္မသာမိသည် ရဟန်းသိက္ခာ ၁၂-ဝါမျှသာ ရှိသေးသည်။)

၁၂၇၉-ခုနှစ် ကဆုန်လ၌ ဆရာတော်နှစ်ပါးအား မရ-အရ လျှောက်ထွက် ထွက်လာခဲ့သည်၊ ညောင်တုန်းက ဆရာတော်များကလည်း သဘောမတူ၊ ဒကာများကလည်း သဘောမတူပဲ ထွက်လာခဲ့သည်ဖြစ်သောကြောင့် ကျောင်းဆောက်ပေးမည့် ဒကာလည်းမရှိ, ဆွမ်းဒကာလည်း မရှိပေ၊ အစ်မ ဝမ်းကွဲတော်သော မဂ္ဂင်ချောင်၌နေသော သီလရှင် မနန္ဒာ

က ရှိသမျှဝတ္ထုကလေးစုပြီး ဝတ္ထု ၇၀ဝိ·တန် ဝါးကျောင်းကလေး ဆောက်လုပ်လှူ၍ ၎င်းဝါးကျောင်းကလေးနှင့်ပင် စိတ်အေးချမ်းသာ နေရသဖြင့် ပျော်မွေ့သည်၊ ရွာထောင်ရွာသို့ နေ့စဉ် ဆွမ်းခံသွားခြင်းဖြင့် မျှတသည်၊ ကျောင်းနေရာကို ရက္ခမူဆရာတော် အရှင်အာစရနှင့် ရက္ခမူကျောင်းဒကာဒကာမများက ရက္ခမူဇရပ်မြေကို ပိုင်းခြား၍ လှူသောကြောင့် ကျောင်းနေရာ ပြည့်စုံရသဖြင့် စစ်ကိုင်းတောင်ရိုး၌ အခြေစိုက်နိုင်ခြင်း ဖြစ်သည်။

ဘုရားဖူး နှစ်ကြိမ်ရောက်စဉ်က စိတ်၌ ထင်မြင်စွဲလမ်းခဲ့သည့် အတိုင်းပင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာချောင်၌ တဝါမျှ နေမိလျှင်ပင် တဖြေးဖြေး ကျန်းမာရေး ကောင်းလာသည်ဖြစ်၍ ညောင်တုန်း၌ နေစဉ်က မဆောင်ရွက်နိုင်သော ပရိယတ် ပဋိပတ်တာဝန်တို့ကို အထိုက်အလျောက် ဆောင်ရွက်လာနိုင်သည်၊ ထို့ကြောင့် စွမ်းနိုင်သမျှ စာချရင်း ကျမ်းစာ ကြီးကြီးငယ်ငယ်တို့ကို ဝါသနာအလျောက် ရေးနိုင်ခဲ့သည်၊ စာပေပို့ချပေးသောကြောင့် စာသင်သား သံဃာလည်း တစတစ တိုးပွါးလာသည်။

စစ်ကိုင်း၌ လာနေလိုရင်း မူလဆန္ဒမှာ ကျန်းမာရေးဖြည့်ရင်း စာကြည့် စာရေး တရားနှလုံးသွင်း၍ တပါးတည်းနေရန်သာလျှင် ရည်ရွယ်ခြင်းရှိသည်၊ စာသင်စဉ်ကပင် တခါတရံ ဆရာတော်များကို လျောက်ထား ဘူးပါသေးသည်၊ တပည့်တော် အထွတ် အထိပ် တိုင်အောင် စာတတ်လိုခြင်း မရှိပါ၊ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ကြည့်ရှုနိုင်လျှင် ကျေနပ်ပါပြီ၊ တောကျောင်းကလေး၌ စာကြည့် တရားနှလုံးသွင်း၍

ကိုယ့်ဆွမ်း ကိုယ်ခံကာ မျှတ၍ ကုသိုလ် ပွါးများအောင်သာ အေးအေးနေလိုပါသည်-ဟု လျှောက်ထားဘူးပါသည်။

ထို့ကြောင့် ကျန်းမာရေး သင့်၍ စာပေပို့ချစ အခါက တွဲဘက်လက်ထောက် စာချဘုန်းကြီး မရှိခဲ့ပေ၊ တပါးတည်း ပို့ချခဲ့၍ မိမိပို့ချသည့် တပည့်ထဲက ပထမကြီးတန်း စာချတန်း အောင်သူတို့ ထွက်ပေါ်လာသောအခါမှသာလျှင် အထောက်အပံ့ အကူအညီ ရရှိခြင်းဖြစ်သည်။

**ရွှေဟင်္သာတိုက်သစ်ဖြစ်ပေါ်ခြင်း** ယင်းသို့ တတ်စွမ်းသမျှ အားထုတ်လာခဲ့ရာ စာသင်သား သံဃာလည်း တိုးပွါးလာသည်၊ ကျောင်း သိမ် ရေကန် စသည် တည်ဆောက်လိုသော ဒကာများလည်း ပေါ်ပေါက်လာရာ ရွှေဟင်္သာချောင်ဟောင်းနေရာမှာ ကျဉ်းသောကြောင့် လေးမျက်နှာမြို့(နောက် ရန်ကုန်မြို့)ကုန်သည်ကြီး ဦးစစ်ကြူ-ဒေါ်လှိုင် သမီး ဒေါ်အနှံသူ၊ ဒေါ်ကြင် စသော သားသမီးတို့က ၁၂-ဧက၊ ဒသမ ၆၀-ရှိသော မြေကွက်ကို ဝယ်ယူ၍ လှူဒါန်းကြပြီးလျှင် မိမိတို့ကပင်စ၍ သိမ်တိုက် ဆွမ်းစားတိုက်ကျောင်း ရေကန်ကြီးတို့ကို ရှေးဦးစွာ ဆောက်လုပ်လှူဒါန်းကြသည်၊ နောက်ကာလ၌ တဖြေးဖြေး တိုးတက်လာခဲ့သည်မှာ ယနေ့ မျက်မှောက်အခြေအနေသို့ ရောက်ကာ ခိုင်မြဲတိုးတက်လျက်ပင် ရှိပေသည်။

ရွှေဟင်္သာတိုက်သစ်၌ သံဃာ ၃၀-အထက်က စ၍ (၆၀) ကျော်အထိ ရှိလာသည်၊ ၁၂၈၇-ခုနှစ်မှ စ၍ ၁၃၄၀-ပြည့်နှစ် အထိ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်မှ စာမေးပွဲ အောင်သော သံဃာများမှာ—

| | |
|---|---|
| အစိုးရဓမ္မာစရိယအောင် | ၁၂-ပါး၊ |
| ပထမကြီးတန်းအောင် | ၁၉-ပါး၊ |
| ပထမလတ်တန်းအောင် | ၂၅-ပါး၊ |
| ပထမငယ်အောင် | ၆၂-ပါး၊ |
| သကျသီဟအောင် | ၂-ပါး၊ |
| စေတီယင်္ဂဏအောင် | ၁-ပါး၊ |
| ပေါင်း | ၁၂၁-ပါး- |

ထွန်းကားပေါ်ပေါက်ခဲ့သည်။

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာ တိုက်သစ်၌ ခုရနှစ်ပါးကို အားထုတ် ဆောင်ရွက်သော ပုဂ္ဂိုလ်မှတပါး ခုရမဲ့ပုဂ္ဂိုလ် ဟူ၍ မရှိပေ၊ စစ်ကိုင်းတောင်ရိုးရှိ ကျောင်းများသည် မြို့ကျောင်း ရွာကျောင်း မဟုတ်ကြ၊ မြို့ရွာ အခြေခံရှိသော ဒေသမဟုတ်သည့်အလျောက် ဆွမ်းနှင့်ရေကို ကြည့်ပြီး တာဝန် ယူနိုင်သလောက်ကိုသာ လက်ခံကြရသည်၊ ထို့ပြင် အရေ အတွက်ထက် အရည်အချင်းကို ပဓာနပြုရသောကြောင့် ရပ် ရွာ တို့မှ ဆရာ ဘုန်းတော်ကြီးများ ကိုယ်တိုင် တာဝန်ယူ၍ လာရောက်အပ်နှံသော တပည့်များကိုသာ လက်ခံပေသည်၊ ထို့ကြောင့် စာသင်သား သံဃာ မများနိုင်ခြင်း ဖြစ်သည်။

**သဒ္ဒါတလေ့လာခြင်း** စစ်ကိုင်းတောင်ရိုးသို့ ရောက်သော အခါ ကံအားလျော်စွာ အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးအနီးသို့ ရောက်ရှိကာ ဆရာတော်ဘုရား ကြီးအထံ၌ စာဏကျနိတိစာကိုယ်ငှိကာ၊ မုဂ္ဂဗောဓစာကိုယ် ငှိကာစသောသဒ္ဒါတကျမ်းစာတို့ကိုသင်ကြားလေ့လာရသဖြင့် သဒ္ဒါတစာပေ၌ အထိုက်အလျောက် တတ်မြောက်ခဲ့ရသည်။

**ဝန်ဆောင်ဂုဏ်ထူးနှင့် ဘွဲ့တံဆိပ်များ ရရှိခြင်း** ၁၃၁၀-ခု နှစ် ခန့်၌ စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်း၏ ဝန်ဆောင်လေးပါးတွင် တပါးအပါအဝင် တင်မြှောက်ခြင်း ခံရသည်။ ၁၃၁၄-ခုနှစ် တပေါင်းလ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ၌ စည်းဝေးသော နိုင်ငံလုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီး၌ ရွှေကျင် နိကာယ ဗဟိုဌာန ကမ္မကာရကဝန်ဆောင် ၉-ပါးအဖွဲ့တွင် တပါးအပါအဝင် တင်မြှောက်ခြင်းခံရသည်၊ ၁၃၃၇-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့မှစ၍ လေးရက်တိုင်တိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပပြုလုပ်သော နိုင်ငံလုံး ဆိုင်ရာ ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက (ရွှေကျင်နိကာယ ဒုတိယသာသနာ ပိုင်)အဖြစ်သို့ တင်မြှောက်ခံရခြင်း၊ ထိုနောက် ၁၃၃၇-ခုနှစ်၌ပင် တပေါင်းလပြည့်နေ့ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ကျောင်းတိုက် တိုက်သက် (၇၅) နှစ်မြောက် အထိမ်းအမှတ် အဖြစ် ကျင်းပအပ်သော စိန်ရတုသဘင်၌ စိန်ရတုသဘင်သို့ တက်ရောက် လာကြသော ၅၀၀-ကျော်သော ရွှေဟင်္သာ အနွယ် ရွှေဟင်္သာဖွား ရွှေဟင်္သာဝံသ သံဃသဘာက စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတထေရ် အား "ရွှေဟင်္သာဝံသသံဃမဟာနာယကာဓိပတိ" ဘွဲ့တံဆိပ် ဖြင့် ဆက်ကပ် ပူဇော်ကြသည်ကို ခံယူရသည်။ ၁၃၂၂-ခုနှစ်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ကိုရင်း၊ ၁၃၄၀-ပြည့်နှစ်၌ အဘိဓဇမဟာ-ရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုရင်း နိုင်ငံတော်အစိုးရက ဆက်ကပ် လှူဒါန်းပူဇော်ခြင်းကို ခံယူရရှိပြန်ပါသည်။

ကျောင်းတိုက်ကို လွှဲအပ်ခြင်း ရွှေဟင်္သာဆရာတော်သည် သက်တော် ရွယ်တော်ကြီး လာပြီဖြစ်၍ မိမိကိုအကြောင်းပြု၍ ကာလဒေသအလျောက် ဖြစ်ပေါ်လာသော စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် သာသနာကို အဓွန့်ရှည်စွာ တည်တံ့စေလိုသော ဆန္ဒဖြင့် တပည့်ကြီးများနှင့် တိုင်ပင်ပြီးလျှင် ၁၃၄၀-ပြည့်နှစ် တော်သလင်းလပြည့်ကျော် (၅) ရက်နေ့၌ ညောင်တုန်းမြို့ ရွှေဟင်္သာ တောရကျောင်းတိုက်သို့ ထိန်းသိမ်းစောင့်ရှောက်ရန် လွှဲအပ်လိုက်သည်။

ရွှေဟင်္သာဆရာတော်သည် ယခုအခါ သက်တော်(၇၆) နှစ်သို့ ရောက်နေပြီဖြစ်၍ တိုက်တာ သာသနာ အဓွန့်ရှည်စွာ စည်ပင်ပြန့်ပွါးတည်ရှိရေးကို မျှော်တွေးလျက် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရကျောင်းတိုက်သို့ လွှဲအပ်လိုက်ပြီးပြီ ဖြစ်သောကြောင့် စိတ်အေးချမ်းသာစွာ နိဗ္ဗာန်ရောက်ကြောင်း ရဟန်းတရားတော်မြတ်ကိုသာလျှင် ပွါးများသောအားဖြင့် အချိန်ကာလကို ကုန်လွန်စေကာ သီတင်းသုံးတော်မူလျက်ရှိ ပါသတည်း။ (ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ)။

၁၃၄၀-ပြည့်နှစ် | အရှင်ပဏ္ဍိတာထေရ်
ပြာသိုလပြည့်ကျော်(၁၃)ရက်၊ | ရွှေဟင်္သာဆရာတော်
ကြာသပတေးနေ့ | ရွှေဟင်္သာတိုက်သစ်၊
စစ်ကိုင်းတောင်ရိုး။

(သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့် လျှောက်၍ ရေးသည်။)

စစ်ကိုင်းတောင်ရိုး

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု

ရွှေဟင်္သာဆရာတော်

၏

# ပဒေသာဆုံးမစာများ

၁၃၄၀-ပြည့်နှစ်၊ တတိယအကြိမ်

# အကြောင်းအရာ

---

ပဒေသာဆုံးမစာ - ဟူသည်မှာ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်၌ ကျောင်းသားငယ်များ နေ့စဉ် ရွတ်ဆိုကြရသော စာများနှင့် ရွှေဟင်္သာတိုက်သစ် မြောက်ဘက်တံတိုင်း၌ တံတိုင်းပြုလုပ်စဉ် ၁၄၀၅-ခုနှစ် တံတိုင်းပေါ်တွင် အင်္ဂတေဖြင့် ရေးသားအပ်သော ဆုံးမစာမျိုးစုံ သံပေါက်လင်္ကာများ ဖြစ်သည်။

ယင်း ဆုံးမစာများသည် နှစ်ကာလ ကြာညောင်းသဖြင့် အင်္ဂတေ ကွာသည့်နေရာ၌ ကွာ၍ ရေညှိတက်သည့်နေရာ၌ ရေညှိတက်သဖြင့် ဆုံးမစာအချို့ပျက်သည်ကို မြင်ကြရသော ပုဂ္ဂိုလ်အချို့က အဘိုးတန်သော ဆုံးမစာကလေးများ ပပျောက်သွားမည်ကို စိုးရိမ်ကြောင့်ကြသဖြင့် ဤ ဆုံးမစာများကို သုတေသီပုဂ္ဂိုလ်များ ကျေးဇူးရရှိနိုင်စေရန် စာအုပ်ကလေးအဖြစ် ပြုလုပ်သင့်ပါသည်ဟု သတိပေး တိုက်တွန်းကြသည်။

ယင်းသို့ သတိပေး တိုက်တွန်းခြင်းသည် ကောင်းမြတ်မှန်ကန်သော သတိပေးတိုက်တွန်းခြင်း ဖြစ်ပေသည်ဟု ဆင်ခြင်ဝမ်းမြောက်ကာ မူလ လင်္ကာမူနှင့် တံတိုင်းမှ စာများကို ညှိနှိုင်းကူးယူစေလျက် ပဌမအကြိမ်, ဒုတိယအကြိမ်အားဖြင့် ၂ ကြိမ်မြောက် စာအုပ်ပြုလုပ်၍ ဓမ္မဒါန ပြုခဲ့ပေပြီ၊ ၂ ကြိမ်တိုင်တိုင် ရိုက်နှိပ်၍ ဓမ္မဒါနပြုလုပ်သောစာအုပ်များ ကုန်သွား

ပြန်သဖြင့် ယခုတဖန် ထပ်မံပြုပြင် ဖြည့်စွက်၍ စာအုပ်အဖြစ် ရိုက်နှိပ်ကာ တတိယအကြိမ် ဓမ္မဒါနပြုခြင်းပင် ဖြစ်ပေသည်။

ဈေးဝယ်သော ပုဂ္ဂိုလ်သည် ကုန်မျိုးစုံ ရောင်းသောဆိုင်ကြီး၌ မိမိ ဝယ်ယူလိုသောပစ္စည်းကို တန်ဘိုးပေး၍ ဝယ်ယူသကဲ့သို့ ဤ ပဒေသာဆုံးမစာတည်း-ဟူသော ဈေးဆိုင်၌လည်း မိမိတို့အလိုရှိသော နှစ်သက်ရာပစ္စည်း တည်းဟူသော ဆုံးမစာတို့ကို မိမိ၏ အသိအမြင် ဉာဏ်တည်းဟူသော အဘိုးအခဖြင့် ဝယ်ယူကြကုန်ရာသတည်း။

ရွှေဟသံ့ာဆရာတော်

# ပဌမသဂ္ဂဆုံးမစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မြန်မာ ဂါထာများ

ပညာရေး—

၁။ ခပ်သိမ်းများလှ ရှိနေတွင်၊
ပညာဝေ မနေဘုရင်။
ယူ၍မခန်း သုံးမခန်းပင်၊
တန်ဘိုးမှတ် မပြတ်အပ်သည့်ပင်။

၂။ အမွေခံ၍ ယူလေ့မလာ၊
သူခိုးမိုက်တို့ ခိုးဘို့ဝေးစွာ။
သင်ကြားမေးကမ်း ရေစမ်းပမာ၊
ပညာမြတ် သင်အပ်ကြသည်သာ။

၃။ ရေနှင့်မီးတို့ မဖျက်ဆီးနိုင်၊
မင်းဆိုးလူပျက် မလုယက်နိုင်။
အသက်ထက်ဆုံး သုံးရမြိုင်မြိုင်၊
ချမ်းသာရေး ပေးမဲ့ခရှပန်းခိုင်။

၄။ အရွယ်ရုပ်ဆင်း ပြည့်တင်းကြေးငွေ၊
အမျိုးကြီး၍ ဖြစ်ကြိုက်ပေစေ။
ပညာလင်္က မတင့်သရေ၊
ပေါက်ပွင့်ဆန်း ပန်းနှင့်တူလှပေ။

၅။ ပညာစေ ရှာကြချိန်တွင်၊
အရှက်အကြောက် ပယ်ဖျောက်ကာလျှင်။
ကောင်းရာကောင်းလုပ် အားထုတ်တွင်တွင်၊
လိုရာပြီး ကြီးပွါးလမ်းကောင်းပင်။

၆။ မအိုတော့ပေ မသေမဲ့ပုံ၊
ရှာကုန်စေ သုတစုံစုံ။
သေမင်းဆံဆွဲ ခေါင်ငင်ဆဲပုံ၊
မြတ်တရား အားထုတ်ပါကြကုန်။

ဝီရိယ—

၇။ ကြီးပွါးလိုက သိဿာနုပျို၊
ကံဉာဏ်ဝီရိယ ရှိရမည်ကို။
သတိရှေ့သွား ပြုငြားထိုထို၊
ကိစ္စမျိုး အောင်ရိုးမှတ်တော့ကို။

၈။ ကံဆိုသမျှ ကာလသုံးတန်၊
အလုပ်ဟူ၍ မှတ်ကြကေန်။
အလုပ်ကောင်းမှ ကံကောင်းကြဟန်၊
ဉာဏ်မြင့်ကြည့် မြင်၏သဘောမှန်။

၉။ ဝီရိယကင်း ပျင်းရိသူမှာ၊
ကိစ္စအားလုံး ဆုံးရှုံးသည်သာ။
အေးလှပူလှ စောလှဆိုကာ၊
အချိန်ဖြုန်း လူလုံးမလှပါ။

၁၀။ သားများသေ၍နင်း ခြသေ့်မင်းပင်၊
လုံ့လမစိုက် အိပ်ငိုက်နေလျှင်။
ယုန်ငယ်ကစ မိဂသမင်၊
ပစပ်တွင်း အလျှင်းလာမဝင်။

မှန်မှန်ပြော—

၁၁။ မှန်ကန်စကား ပြောကြားကြပါ၊
လှည့်စားကောက်ကျစ် မဖြစ်စေရာ။
မုသားပြောထုတ် သူယုတ်မှတ်ပါ၊
အမှန်ပြော မြတ်သောသူတော်သာ။

၁၂၊ ဘုရားအလောင်း ထုံးဟောင်းစဉ်လာ၊
ဒုစရိုက်မှု ပြုကြစေကာ။
မုသားစကား ရှောင်ရှားသည်သာ၊
မှန်စကား ထင်ရှားပြောကြပါ။

၁၃။ မှန်ကန်ပြောငြား ထိုသူအားကို၊
ရပ်သူရွာသား အများကြည်ညို။
အားကိုးအားထား ပြုကြသကို၊
သစ္စာရှိ ကတိတည်၍ကို။

၁၉၇၄၉

စစ်ကိုင်းတောင်ရိုး ရွှေဟသာတိုက်သစ်-မြောက်ဘက်တံတိုင်း၌
သုတေသီ ခရီးသွားများအား ရည်ညွှန်း၍

အဂ္ဂမဟာပဏ္ဍိတ ,အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟသာဆရာတော်
ရေးသားအပ်သော ပဒေသာ ဆုံးမစာ

၁။ ကောင်းဆိုးနှစ်ဝ၊ ခွဲခြမ်းပြ၊ ဗုဒ္ဓသာသနာ။

၂။ ချမ်းသာနှစ်ဝ၊ လမ်းညွှန်ပြ၊ ဗုဒ္ဓသာသနာ။

၃။ စိတ်သန့်စင်မှ၊ ရုပ်စင်ရ၊ မုချကေန်သာ။

၄။ အပြင်ရုပ်ပြ၊ စင်ကာမျှ၊ တွင်းက စင်ခဲ့စွာ။

[ရွှေဟသာတိုက်သစ် မြောက်ဘက်တံတိုင်း ပြင်ဘက်၌ ရှင်လူအပေါင်း ချမ်းသာစွာ ခရီးလမ်းသွားလာနိုင်စေခြင်းငှါ လမ်းကို ကောင်းမွန်စွာ ပြုလုပ်ထားသည်ဖြစ်၍ တံတိုင်းနှင့် လမ်းကောင်းမှုရှင်များအတွက် ရည်ရွယ်၍ အောက်ပါလင်္ကာများကို တံတိုင်းပေါ်၌ ရေးသားခြင်း ဖြစ်သည်။]

၅။ ရှင်လူအပေါင်း၊ ချမ်းသာကြောင်း၊ ကောင်းမှု ဤလမ်းသာ။

၆။ နိဗ္ဗာန်စခန်း၊ သွားကြောင်းလမ်း၊ ရည်မှန်း ကောင်းမှုသာ။

၇။ ရှုံရေကောင်းကာ၊ ချမ်းသာစွာ၊ သွားလာကြစေငှါ။

၈။ နေ့ညမရွေး၊ မြေကောင်းဘေး၊ လွတ်အေးကြစေငှါ။

၉။ ကောင်းမှုရှင်များ၊ စိတ်မြတ်ထား၊ ကြီးမားကျိုး ဖလာ။

၁၀။ ရှင်လူရဟန်း၊ ဘေးမသန်း၊ ရည်မှန်းကောင်း မှုသာ။

၁၁။ အရိယာ နန်း၊ ရည်မြော်မှန်း၊ လမ်းကောင်း ကုသိုလ်ပါ။

၁၂။ မဂ္ဂင်လမ်းနှင့်၊ ဤလမ်းဖြင့်၊ အသင့် လဲယူရာ။

၁၃။ အများကောင်းမှု၊ ခေါ်သာဓု၊ ကြည့်ရှုဝမ်းသာစွာ။

၁၄။ သွားဆဲလာဆဲ၊ ကုသိုလ်ခဲ၊ မှတ်စွဲယူဆောင်ရာ။

မဖျက်ဆီးရ—

၁၅။ ရေးမှုခြစ်မှု၊ ဖျက်ဆီးမှု၊ မပြုရှောင်ကြပါ။

၁၆။ ကျောင်းကန်ဘုရား၊ ဖျက်သူများ၊ လားကြ ပါယ်လေးရွာ။

၁၇။ မဖျက်ဆီးရ၊ ဖျက်ဆီးက၊ မုချဆင်းရဲရာ။

၁၈။ ဤဘဝတွင်း၊ ခုလက်ငင်း၊ ဆင်းရဲတတ်သည်သာ။

၁၉။ သူ၏ကောင်းမှု၊ ဖျက်ဆီးပြု၊ အကုသိုလ်စုသာ။

၂၀။ အကုသိုလ်ကား၊ ပါယ်လေးပါး၊ လျှင်လျား ပို့သည်သာ။

၂၁။ သူဟာကိုဖျက်၊ ကိုယ့်ဟာပျက်၊ လက်ငင်းကြုံ တတ်ပါ။

၂၂။ သာဓုခေါ်က၊ ကောင်းကျိုးရ၊ ရောက်ကြထက် နတ်ရွာ။

၂၃။ သူပိုင်ပစ္စည်း၊ သူတော်နည်း၊ စောင့်စည်း မဖျက်ရာ။

၂၄။ သင့်တင့်သောအား၊ စိတ်ဝယ်ထား၊ ဖြစ်ပွါး ကုသိုလ်ပါ။

[သူတပါး ပြုလုပ်တည်ဆောက်ထားသော ကျောင်း, ကန်, ဇရပ်, တန်ဆောင်း, တံတိုင်း, စေတီ, ရုပ်ပွါး-စသည်တို့ကို ပျက်စီးစေလိုသော စေတနာဖြင့် ဖျက်ဆီးလျှင် ကြီးစွာသော အကုသိုလ်ဖြစ်သည်။ ပျက်စီးနေသော ကျောင်း, ကန်, ဇရပ်, ရေတွင်း, ရေကန်, တံတိုင်း, စေတီတော်, ရုပ်ပွါးတော်တို့ကို ကောင်းစေလိုသော စေတနာဖြင့် ဖျက်၍ အသစ်ပြုပြင်လျှင် ကြီးစွာသော ကောင်းမှု ကုသိုလ်ဖြစ်သည်။ အဟောင်းအပျက်ကို ပြုပြင်ခြင်းကို ကောင်းမြတ်သော အလုပ်ဟူ၍ မြတ်စွာဘုရား ချီးမွမ်းတော်မူသည်။]

**ဉာဏ်ရှိ, မရှိ ခြားနားပုံ—**

၂၅။ သူယုတ်သူမြတ်၊ ခွဲခြားတတ်၊ ဉာဏ်ခတ်ရှိသူမှာ။

၂၆။ အယုတ်အမြတ်၊ မခွဲတတ်၊ မှတ်လော့ဉာဏ်ဗလာ။

၂၇။ မခွဲတတ်က၊ အညွံ့မျှ၊ ရတတ်ကြသည်သာ။

၂၈။ ကျောက်ကောင်းကျောက်တု၊ ခွဲခြမ်းမှု၊ မပြု တတ်သူမှာ။

၂၉။ အတုကိုသာ၊ ရတတ်ပါ၊ ပမာမှတ်ကြပါ။

၃၀။ ခေတ်တူချင်းမှ၊ ပူးပေါင်းကြ၊ လောကစမ္ပတာ။

၃၁။ အမြွတ်ကိုခွင်း၊ အယုတ်ချဉ်း၊ ညဏ်ကင်းသူတို့မှာ။

ကောင်းမှု ကောင်းလုပ်—

၃၂။ ချမ်းသာကြလို၊ ကောင်းမှုကို၊ မဆိုမကြောက်ရာ။

၃၃။ ကောင်းမှုပြုမှ၊ ချမ်းသာရ၊ ဗုဒ္ဓမိန့်တော်မှာ။

၃၄။ ကောင်းမှုမှန်က၊ မမေ့ရ၊ ဗုဒ္ဓမိန့်တော်မှာ။

၃၅။ ဝန်တိုတတ်သူ၊ မပေးလှူ၊ မှတ်ယူကျမ်းအလာ။

၃၆။ မေ့လျော့သူများ၊ ကောင်းမှုပါး၊ လားကြပါယ်လေးရွာ။

၃၇။ ဖြစ်ရာဘဝ၊ ဆင်းရဲရ၊ ဒါနနဲ့သူမှာ။

၃၈။ ဒါနရှိက၊ ချမ်းသာရ၊ ရောက်ရာဘဝမှာ။

၃၉။ တရားသဖြင့်၊ ရှာနှင့်၊ အသင့်ဆောင့်ရဲပါ။

၄၀။ တဘဝကောင်း၊ စံရကြောင်း၊ မကောင်းမပြုရာ။

၄၁။ ကောင်းမှုထုပ်သာ၊ ကိုယ့်နောက်ပါ၊ မှတ်ပါအားထားရာ။

၄၂။ အပါယ်ဘေးမှ၊ ကောင်းမှုက၊ ကယ်မတတ်သည်သာ။

၄၃။ ဆင်းရဲကြောက်လျှင်၊ ကောင်းမှုပင်၊ တွင်တွင်စိုက်ကြပါ။

၄၄။ အရိပ်ပမာ၊ ကောင်းမှုမှာ၊ လိုက်ကာကျိုးပေးရာ။

၄၅။ နွားနောက်လှည်းဘီး၊ ပမာမှီး၊ ဘိစီးအကုသာ။

ရန်သူ ၂-ယောက်–

၄၆။ သူတပါးကို၊ ပြစ်မဆို၊ ထိုသူမြတ်အည်သာ။

၄၇။ ကဲ့ရဲ့ရှုတ်ချ၊ ပြုတုံက၊ လျှော့ကြကိုယ့်ဂုဏ်သာ။

၄၈။ ဣဿာတဝ၊ မဈွေရ၊ ကင်းရှင်းကြစေပါ။

၄၉။ ဣဿာမစ္ဆေ၊ ဤနှစ်ထွေ၊ မှတ်လေရန်သူပါ။

၅၀။ ဣဿာမစ္ဆေ၊ နှစ်ထွေဟိန၊ ထိုမမှတို၊ ကျရောက်
ကိန်းခို၊ ယင်းပုဂ္ဂိုလ်ကား၊ ထိုဤကာလ၊ ဘဝဝ၌၊
မရကောင်းကျိုး၊ မတိုးဂုဏ်သိရ်၊ အရှိန်မဲ့ကင်း၊
ဆင်းရဲတွင်းသို့၊ သက်ဆင်းတတ်ပေ၊ သို့ဖြစ်ထွေ
ကြောင့်၊ အရှေ မျှော်ထောက်၊ ဆင်းရဲကြောက်၍၊
အောက်အပါယ်ဝဋ်၊ ကင်းလိုလတ်မူ၊ သတ္တု ရန်နှစ်၊
ဆိုးအညစ်ကို၊ အရစ်အရုံ၊ ပူးမခံပဲ၊ တွန်းလှန်
ပယ်ရှင်း၊ ပြုထိုက်လျှင်းသည်၊ အတွင်းရန်သူပါ
တကား။ ။မင်း၏ရန်သူပါတကား။

ကျောပေါ်ကျမှသိ –

၅၁။ မပြစ်မှားထိုက်၊ သူတို့၌၊ မမိုက်မမှားရာ။

၅၂။ ကိုယ်ကျင့်တရား၊ ပြည့်စုံငြား၊ အများပူဇော်ရာ။

၅၃။ ကိုယ်ကျင့်တရား၊ ပျက်သူအား၊ အများကဲ့ရဲ့ရာ။

၅၄။ လူ့ဘုံဘဝ၊ ကြုံခိုက်က၊ ပြုကြကောင်းမှုသာ။

၅၅။ မေ့လျော့ပေါ့ဆ၊ မရှိရ၊ ရှိက ဆင်းရဲမှာ။

၅၆။ ငရဲကျမှ၊ ကုသလ၊ ပြုကြလိုတတ်ပါ။

(ဒု-သ-န-သော-တို့ကိုထောက်)

၅၇။ ပြိတ္တာဖြစ်မှ၊ နောင်တရ၊ ပြင်၍မရပါ။
(နန္ဒိကပြိတ္တာဇာသည်ကိုထောက်)

၅၈။ ကျောပေါ်ကျမှ၊ အော်ဒါးပြ၊ သိရသူပမာ။

**ကျေးဇူးတရား—**

၅၉။ ကျေးဇူးမသိ၊ လူ့တုံးတိ၊ များဘီဒုက္ခသာ။

၆၀။ အရိပ်ခိုကိုး၊ သစ်ပင်မျိုး၊ မချိုးမခုတ်ရာ။

၆၁။ အရိပ်ခိုကိုး၊ အခက်ချိုး၊ ပျက်ချိုးထိုသူသာ။

၆၂။ တလုပ်စားဘူး၊ သူ့ကျေးဇူး၊ ကျူးကာမဖျက်ရာ။

၆၃။ ကျေးဇူးသိကာ၊ ဘဝဝ၊ ချမ်းသာကြမည်သာ။

၆၄။ ယခုမျက်မှောက်၊ ချမ်းသာရောက်၊ မြားမြောက်ပုံစံလာ။

**မှီရာကောင်း—**

၆၅။ မြင်းမိုရ်တောင်ပါး၊ မှီခိုငြား၊ သားများ ဘေးကင်းကွာ။

၆၆။ သာသနာကောင်း၊ မှီခိုအောင်း၊ အပေါင်း ဘေးကင်းကွာ။

၆၇။ ထိုနည်းရင်း၊ ဆရာကောင်း၊ မှီအောင်း ဘေးကင်းကွာ။

၆၈။ မိကောင်း ဘကောင်း၊ မှီခိုအောင်း၊ သားပေါင်း ဘေးကင်းကွာ။

၆၉။ ဆရာမိဘ၊ ဆိုဆုံးမ၊ နာကြရိုသေစွာ။

၇၀။ လိုက်နာကျင့်သုံး၊ လူအလုံး၊ ရွှင်ပြုံးချမ်းသာရာ။

၇၁။ သူမြတ်စကား၊ နာယူငြား၊ ကြီးပွါးတတ်သည် သာ။

၇၂။ သူမြတ်ဆုံးမ၊ ပယ်ရှားက၊ မှတ်ကြဆင်းရဲရာ။

၇၃။ မိတ်ကောင်းနှင့်သာ၊ ဆက်ဆံပါ၊ မှန်စွာချမ်းသာ ရာ။

စီးပွါးပျက်ကြောင်း—

၇၄။ အပျော်အပါး၊ အလိုက်များ၊ ပျက်ပြား လုပ်ငန်း မှာ။

၇၅။ ပွဲလမ်းသဘင်၊ လိုက်များလျှင်၊ပျက်ချင် လုပ်ငန်း မှာ။

၇၆။ လုပ်ငန်းပျက်က၊ ငွေဝင်မှု၊ မုချပျက်သည်သာ။

၇၇။ ငွေဝင်ပျက်က၊ စီးပွါးကျ၊ မှတ်ပ တသက်တာ။

အများအကျိုးဆောင်—

၇၈။ အများအကျိုး၊ရွက်သည်ပိုး၊တန်ခိုး ကြီးတတ်ပါ

၇၉။ ရပ်သူရွာသား၊မေတ္တာပွါး၊ရှည်လျားအသက်တာ။

၈၀။ ဘေးကင်း ရန်ကင်း၊ရောဂါကင်း၊ လက်ငင်း ချမ်း သာရာ။

၈၁။ ဘုရားအလောင်း၊ ထုံးကိုဆောင်း၊ ယုံကြောင်း ပုံစံပါ။

၈၂။ အများအကျိုး၊ ရှက်သည်ပိုးက၊ ခနိုးခနဲ့၊ ကျိုး မပဟ့်သည့်၊ ကဲ့ရဲ့စကား၊ ဆိုတုံငြားလည်း၊ အသွား မပျက်၊ စိတ်မကွက်ပဲ၊ ဆက်လက်လမ်းမှန်၊ အမြင် ဉာဏ်နှင့်၊ ထက်သန် ပေါက်မြောက်၊ အကျိုး ရောက်အောင်၊ မကြောက်မရွတ်၊ နောက်မဆုတ်ပဲ၊ အားထုတ်ဆောင်ရွက်ရာသတည်း။

ဆုံးမရာ၌—

၈၃။ သားသမီး၌၊ အလိုလိုက်၊ မိုက်တတ်ကြသည်သာ။

၈၄။ စည်းကမ်းသတ်မှတ်၊ ဆုံးမတတ်၊ သားမြတ် ဖြစ် တတ်ပါ။

၈၅။ သားသမီးအား၊ ချစ်တုံငြား၊ မြစ်တားဆုံးမပါ။

၈၆။ ငယ်စဉ်ကာလ၊ ဆုံးမမှ၊ အစသေသပ်မှာ။

၈၇။ အစကောင်းမှ၊ အနှောင်းလှ၊ မှတ်ပသေချာစွာ။

၈၈။ တမျိုးလုံးပေါင်း၊ တယောက်ကောင်း၊ ထောင် သောင်းမှီခိုရာ။

၈၉။ သစ်တပင်ကောင်း၊ ငှက်တသောင်း၊ ခိုအောင်း ပုံပမာ။

၉၀။ တတောလုံးတွင်၊ အင်ကြင်းပင်၊တပင်ပွင့်သော်ခါ။

၉၁။ တောလုံးအနံ့၊ သင်းကာပျံ့၊ ရနံ့လှိုင်ပမာ။

၉၂။ သား ကောင်း တ ယောက်၊ ထွန်း ကာ ပေါက်၊ တောက်ပမျိုးလုံးသာ။

၉၃။ သို့ကြောင့်သားသွီး၊ ချစ်တပြီး၊ သီးသီးဆုံးမရာ။

မိတ်စစ်, မိတ်တု—

၉၄။ အရေးကိစ္စ၊ ပေါ်တုံက၊ ကူကြမိတ်သဟာ၊

၉၅။ ရလျှင်ကပ်လာ၊ မရခါ၊ လူညာမိတ်တုသာ။

၉၆။ စကားဖြင့်မြှောက်၊ လက်မရောက်၊ ကြောက်ရမည်သူသာ။

၉၇။ အရေးကြုံက၊ ရှောင်လွှဲကြ၊ မှတ်ကြမိတ်တုသာ။

၉၈။ ပေး စဉ် ကျွေး စဉ်၊ ကျေး ဇူး တင်၊ ဝေး လျှင် မေ့တတ်ပါ။

၉၉။ ကျေးဇူးတရား၊ သိတုံငြား၊ သူကား မိတ်စစ်သာ။

၁၀၀။ ကိုယ်တိုင်တွေ့က၊ နှုတ်ချိုမြ၊ တူလှပျားသကာ။

၁၀၁။ မျက်ကွယ်ရောက်က၊ အဆိပ်မျှ၊ ပြောကြ မိတ်တုသာ။

၁၀၂။ အစစ်,အတု၊ မိတ်နှစ်ခု၊ ခွဲမှုညာဏ်ယှဉ်ပါ။

အဓိ (သောက်)—

၁၀၃။ သထိရှေ့သွား၊ ပွဲတတ်ငြား၊ အမှားနဲ့တယ်ပါ။

၁၀၄။ အထိကင်းမဲ့၊ ပွဲတုံခဲ့၊ ကဲ့ငှဲ့ဖွယ်ရာအခ။

**အားကောင်းတမျိုး—**

၁၀၅။ တိုင်တိုင်ပင်ပင်၊ ပြုတတ်လျှင်၊ ဉာဏ်မြင်တိုးတက်ရာ။

၁၀၆။ လူတိုင်းကိုလဲ၊ အယုံကဲ၊ မလွဲမအပ်ရာ။

၁၀၇။ ပညာမဲ့အား၊ လွဲတုံငြား၊ ပျက်ပြားတတ်သည်သာ။

၁၀၈။ ပညာဉာဏ်ရှိ၊ လွဲတုံဘိ၊ တိုး၏ဂုဏ်သိက္ခာ။

၁၀၉။ လျှို့ဝှက်အပ်လှ၊ ကိုယ့်ကိစ္စ၊ ဖွင့်ဟမပြောရာ။

၁၁၀။ ဖွင့်ဟပြောက၊ မှုကိစ္စ၊ ပျက်တတ်ကြသည်သာ။

၁၁၁။ ပြောသင့်သူအား၊ ပြောမိငြား၊ တအားတက်သည်သာ။

၁၁၂။ ပြောသင့်မသင့်၊ ဉာဏ်ချိန်ဖြင့်၊ ချင့်၍ပြုအပ်စွာ။

**ကံသည်အလုပ်—**

၁၁၃။ ကံကိုချည်းသာ၊ အရာရာ၊ ကိုးကာမပေါ့ရာ။

၁၁၄။ အတိတ်ကံကား၊ ချုပ်ကွယ်သွား၊ ထင်ရှားမရှိပါ။

၁၁၅။ ပစ္စုပ္ပန်၊ ကံကူမှ၊ ကိစ္စပြီးမြောက်ရာ။

၁၁၆။ ကံဟူသမျှ၊ အလုပ်ပ၊ မှတ်ကြကေန်သာ။

**ဝီရိယ—**

၁၁၇။ ဉာဏ်နှင့်လုံ့လ၊ ဖြည့်သော်မှ၊ မှတ်ကြကြီးပွါးရာ။

၁၁၈။ နတ်လူဘဝ၊ ဖြစ်တုံက၊ ရှိရဝီရိယာ။

၁၁၉။ ဝီရိယကင်း၊ မှုအခင်း၊ ပျက်ယွင်းတတ်သည်သာ။

၁၂၀။ ဝီရိယကင်း၊ လူ့ကြက်ဖျင်း၊ စာရင်းမဝင်ပါ။

၁၂၁။ မြော်သို့တမျှ၊ မှုကိစ္စ၊ လုံ့လပြုကြရာ။

၁၂၂။ ကိုယ်တိုင်ပြုမှ၊ ကိုယ့်ကိစ္စ၊ မုချပြီးသည်သာ။

ပညာ (လောကီ)—

၁၂၃။ အရွယ်ရှပ်ဆင်း၊ ပြည့်စုံလျှင်း၊ ဉာဏ်ဘင်းသူတို့မှာ။

၁၂၄။ ပေါက်ပန်းပမာ၊ ပွင့်ရုံသာ၊ နံ့သာမရှိပါ။

၁၂၅။ မင်းစိုးရာဇာ၊ ကိုယ့်ပြည်မှာ၊ အာဏာရှိသည်သာ။

၁၂၆။ ပညာရှိမူ၊ ကမ္ဘာသူ၊ ပူဇော်လေးမြတ်စွာ။

၁၂၇။ ရောက်ရာအရပ်၊ ပညာတတ်၊ ဆိုက်ကပ်ရတနာ။

၁၂၈။ ပညာတန်ခိုး၊ ထမင်းအိုး၊ ဖြိုးဖြိုးမိုးနှယ်ရွာ။

၁၂၉။ ပညာမဲ့က၊ လူ့လယ်ကျ၊ ခွေးအ ပုံပမာ။

၁၃၀။ ဗဟုဿုတ၊ နဲပါးက၊ ဇက်ကျငိုက်ဆိုက်သာ။

၁၃၁။ ဖိုးတန်ဝတ်စား၊ ဆင်ယင်ငြား၊ လူကားမလှပါ။

၁၃၂။ ပညာရှိလျက်၊ စိတ်ယုတ်ဖက်၊ တသက်မပေါင်းရာ။

၁၃၃။ ပညာရှိလျောက်၊ မိုက်လမ်းချောက်၊ တောက် လျောက်ဆင်းတတ်ပါ။

၁၃၄။ ပစ္စည်းပညာ၊ ရှာသောခါ၊ ပယ်ပါရှက်သည့်တာ။

၁၃၅။ မရှက်မကြောက်၊ ဆည်းပူးလျှောက်၊ ပေါက် မြောက်တတ်သည်သာ။

၁၃၆။ အတတ်မရှိ၊ သက်မွေးဘိ၊ သုဦး၏ဘာဝတာ။

၁၃၇။ မိတ်ကောင်းကင်းကွာ၊ ရပ်မျက်နှာ၊ တဖြာ သုဉ်း သည်သာ။

**မိမိသာလျှင် အားကိုးရာ—**

၁၃၈။ ပျင်းသူမှန်က၊ ဆင်းရဲရ၊ ဘယ်မှမချမ်းသာ။

၁၃၉။ လူပျင်းနတ်မ၊ မရှိကြ၊ မှတ်ပယ်ကြည့်စွာ။

၁၄၀။ နတ်မချမ့်၊ ချမ်းသာသူ၊ တလူမရှိပါ။

၁၄၁။ လူကကျေးမှု၊ မုန့်စားရ၊ နတ်က မ မသာ။

၁၄၂။ သူများအားကိုး၊ ကိုယ့်အားညှိုး၊ အကျိုးဆုတ်
တတ်ပါ။

၁၄၃။ မယုံမရှိ၊ ထုံးတွေရှိ၊ အထိများလှပါ။

၁၄၄။ ကိုယ့်ကိုယ်ကိုသာ၊အားထားပါ၊လိုရာပြီးမည်သာ။

**အဓိပတိ ၄-ပါး—**

၁၄၅။ ဉာဏ်ဝီရိယ၊ ရှိတုံက၊ ကိစ္စပြီးအည်သာ။

၁၄၆။ ဆန္ဒရှိက၊ မှုကိစ္စ၊ ပြီးတတ်ကြသည်သာ။

၁၄၇။ စိတ်ဓာတ်ဆောင်က၊မှုကိစ္စ၊ပြီးတတ်ကြသည်သာ။

**ဆင်ခြင်—**

၁၄၈။ မှုခင်းကိစ္စ၊ ပေါ်ပေါက်က၊ ပြုကြဆင်ခြင်ကာ။

၁၄၉။ အဆောတလျှင်၊ မဆင်ခြင်၊ ပြုလျှင်မှားတတ်ပါ။

**မကြွားနှင့်—**

၁၅၀။ ဂုဏ်ထူး ရှိ လျက်၊ မာန် မ တက်၊ ဆက် ဆက်
ကြီးပွါးရာ။

၁၅၁။ ဂုဏ်ကနဲ့နဲ့၊ မာန်လွန်ကဲ၊ ဖြစ်မြဲရှုံ့စရာ။

၁၅၂။ စကားများက၊ပြစ်များလှ၊ပြောကြဆင်ခြင်ကာ။

၁၅၃။ ကိုယ့်ဂုဏ်ကိုယ်ဖော်၊ များလတ်သော်၊ပျက်ချော်တတ်သည်သာ။

၁၅၄။ မလေးမနက်၊ပေါ့ပျက်ပျက်၊ရယ်ကွက်ဖြစ်တတ်ပါ။

၁၅၅။ ဂုဏ်ကပါးပါး၊ စကားများ၊ ဟားဟားရယ်ဖွယ်သာ။

၁၅၆။ အလုပ်နှင့်ပြ၊ ဂုဏ်ဝဝ၊ လှလှပေါ်သည်သာ။

၁၅၇။ အလိုအလျောက်၊ ဂုဏ်ပေါ်ပေါက်၊ ချီးမြှောက်ခံရပါ။

ပညာ—

၁၅၈။ စာမတတ်မူ၊ ကန်းနှင့်တူ၊ မှတ်ယူမလွဲရာ။

၁၅၉။ ကမ္ဘာ့အဆန်း၊ အခန်းခန်း၊ မျက်ကန်းမမြင်ပါ။

၁၆၀။ ဗဟုသုတ၊ အဝဝ၊ စာမှထွက်သည်သာ။

၁၆၁။ စာပေတတ်မှ၊ လိမ္မာကြ၊ မိန့်ဟရွေးဆရာ။

၁၆၂။ စာမတတ်က၊ ကြွားသမျှ၊ ယုံရခက်သည်သာ။

၁၆၃။ ဗဟုသုတ၊ နဲပြန်က၊ ယုံရ ပြောတိုင်းသာ။
(ရွှေကျင်ဆရာတော်ကြီး ဆုံးမစာ)

၁၆၄။ စာမတတ်မူ၊အခေါက်ထူ၊ လူ့ထဲရှင်ထဲအသုံးမကျ။

၁၆၅။ စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အောချင်ကြ။

၁၆၆။ စာတတ်အောင်သင်၊ တတ်ပြန်လျှင်၊ စိတ်ကြီး မဝင်ရ။

**အပေါင်းအသင်း——**

၁၆၇။ ကိုယ့်ထက်သိတတ်၊ သူတော်မြတ်၊ ဆည်းကပ် မှီဝဲပါ။

၁၆၈။ ကိုယ့်ထက်တတ်သူ၊ ဆည်းကပ်မူ၊ နည်းတူ တတ် သည်သာ။

၁၆၉။ ပန်းမွှန်မြတ်လေး၊ ရောကာထွေး၊ ဖက်မွှေးပုံပမာ။

၁၇၀။ တရားကိုယ်ကျင့်၊ ပျက်သူနှင့်၊ မသင့်မပေါင်းရာ။

၁၇၁။ တရားပျက်သူ၊ ပေါင်းဘက်မူ၊ နည်းတူ ပျက် သည်သာ။

၁၇၂။ တမာခါးသက်၊ မြစ်ရေယှက်၊ သရက်ခါးတတ်ပါ။

၁၇၃။ ငပိပုပ်ထုပ်၊ ဖက်ရွက်စုတ်၊ အဟုတ်နံ့သည်သာ။

**ဓါသအပြစ်——**

၁၇၄။ စိတ်ဆိုးဖွယ်ရာ၊ တွေ့ကြုံကာ၊ လျင်စွာမဆိုးရာ။

၁၇၅။ လျင်စွာစိတ်ဆိုး၊ ထိုလူမျိုး၊ အကျိုးယုတ်တတ်ပါ။

၁၇၆။ စဉ်းစဉ်းစားစား၊ ပြုသူကား၊ အမှားနဲတတ်ပါ။

၁၇၇။ ခိုက်ရန်ဖြစ်ပွါး၊ နှစ်ဦးသား၊ မှတ်သားပျက်စီးရာ။

၁၇၈။ ဝိဝါဒပွါး၊ တိုင်းပြည်များ၊ မှတ်သားပျက်စီးရာ။

၁၇၉။ မာန်ထောင်ပလွှား၊ ထိုသူများ၊ ပျက်ပြား တတ်သည်သာ။

၁၈၀။ စိတ်မာန်မချ၊ စစ်ဆင်ကြ၊ နှစ်ဝပျက်စီးရာ။

၁၈၁။ နိုင်သူလည်းရှုံး၊ ရှုံးသူရှုံး၊ ပျက်ပြုန်း နှစ်ဦးသာ။

၁၈၂။ လောဘ, ဒေါသ၊ မီးတောက်က၊ ဒုက္ခ များ သည်သာ။

၁၈၃။ ဒေါသကိုသိမ်း၊ မီးငြိမ်း၊ ကိန်းသေချမ်းသာရာ။

သည်းခံကျိုး—

၁၈၄။ သည်းခံတတ်က၊ မှုကိစ္စ၊ အောင်ရအမှန်သာ။

၁၈၅။ စားဝတ်နေရေး၊ သည်းခံပေး၊ စိတ်အေးချမ်းသာရာ။

၁၈၆။ အဆင့်အတန်း၊ မျှော်ကာမှန်း၊ အရမ်းမပြုန်းရာ။

၁၈၇။ အသင့်အတင့်၊ ကိုယ်နှင့်ချင့်၊ မစင့်မကြွားရာ။

၁၈၈။ ရန်ကို ရန်ချင်း၊ မတုံ့လျှင်း၊ လက်ငင်း အေးချမ်းသာ။

၁၈၉။ ရန်မလိုမှု၊ ရန်ပြုရ၊ မှတ်ပ သေအချာ။

၁၉၀။ ရန်လိုတတ်က၊ ရန်ပွါးရ၊ ဒုက္ခပွါးရုံသာ။

၁၉၁။ နိုင်ထက်စီးနင်း၊ ပြုလုပ်ခြင်း၊ အလျှင်း ရှောင်ကြဉ်ပါ။

၁၉၂။ ကိုယ်ကသူနိုင်၊ ကိုယ့်ကိုနိုင်၊ အပြိုင်ပေါ်တတ်ပါ။

၁၉၃။ ဝိပါက်ကြမ္မာ၊ လည်တတ်ရာ၊ မှတ်ပါ ကြောက်ဖွယ်ရာ။

အောင်ခြင်း ၄-ပါး—

၁၉၄။ စိတ်ဆိုးသူအား၊ မေတ္တာပွါး၊ မှတ်သား အောင်နိုင်ရာ။

၁၉၅။ မကောင်းသူအား၊ စိတ်ကောင်းထား၊ မှတ်သား အောင်နိုင်ရာ။

၁၉၆။ စဉ်းလဲသူအား၊ ပေးကမ်းပြား၊ မှတ်သားအောင်နိုင်ရာ။

၁၉၇။ မုသားသမား၊ မှန်စကား၊ ပြောငြားအောင်နိုင်ရာ။

တက်ရေးနှင့် ပျက်ရေး—

၁၉၈။ ပျောက်သည့်ပစ္စည်း၊ ရှာသိမ်းဆည်း၊ ချည်းနှီး မဆုံးရာ။

၁၉၉။ ပျက်လျှင်ပြင်က၊ ကြာရှည်ပ၊ သုံးရတတ်သည်သာ။

၂၀၀။ ကြာရှည်သုံးရ၊ ငွေကုန်ကျ၊ သက်သာကြမည်သာ။

၂၀၁။ ပျောက်လျှင်မရှာ၊ ပျက်ခါမပြင်၊ ပစ္စည်းလျှင်၊ တွင်တွင်ဆင်းရဲမှာ။

၂၀၂။ စည်းကမ်းတကျ၊ သုံးစွဲက၊ တိုလျှဆင်းရဲတာ။
၂၀၃။ ဆင်းရဲတာတို၊ ယင်းပုဂ္ဂိုလ်၊ ကုသိုလ်တိုးပွါးရာ။

(ကျေးဇူးရှင် စံကျောင်းဆရာတော်ဘုရား ဩဝါဒကထာ။)

၂၀၄။ ပျက်လျှင်ကားပြင်၊ ပျောက်လျှင်ဖွေရှာ၊ ချွေတာ သုံးစွဲ၊ ဉာဏ်နဲ့သူအား၊ မှူးမထား၊ လေးပါးကြီး ပွါးကြောင်း။

၂၀၅။ ပျက်လျှင်မပြင်၊ ပျောက်လျှင်မရှာ၊ ဗလဗ္ဗသုံး၊ ဉာဏ်တုံးသူအား၊ အမှူးထား၊ လေးပါး ပျက်စီး ကြောင်း။

**ထက်ရှိ လက်မဲ့—**

၂၀၆။ လက်ရှိကိုခွါ၊ လက်မဲ့ရှာ၊ နှစ်ခါဆုံးတတ်ပါ။
၂၀၇။ ငါးစိမ်းမြင်လျှင်၊ ပယ်ငါးကင်၊ သို့လျှင်ပုံပမာ။
၂၀၈။ ငါးနှစ်ကောင်လုံး၊လက်လွတ်ဆုံး၊ရှုံးချက်မလှပါ။
၂၀၉။ ကိန်းသေကိုပစ်၊ ကိန်းရှင်ချစ်၊နှစ်ရစ်ဆုံးတတ်ပါ။

ရှိရင်းစွဲ၊ နေရင်းစွဲ၊လုပ်ရင်းစွဲတို့ကို လက်မလွှတ်ပဲ တဖက် က ထိုထက် ကောင်းရာကို ရှာဖွေပါ၊ အသစ် မသေချာပဲနှင့် ရှိရင်း၊ နေရင်း၊ လုပ်ရင်းတို့ကို လက်မလွှတ်လေနှင့်လက်လွှတ် လျှင် နှစ်ဘက် ဆုံးရှုံးတတ်သည်ဟု ဆိုလိုသည်။

**သတိ (လောကုတ္တရာ)—**

၂၁၀။ အပ္ပမာဒ၊ ရှိတုံက၊ ရကြသုံးချမ်းသာ။
၂၁၁။ လူနတ်နိဗ္ဗာန်၊ ချမ်းသာမှန်၊ ရရန် သတိသာ။
၂၁၂။ တရားအားလုံး၊ ငုံ၍ချုံး၊ တလုံးသတိသာ။

သီလ (ကီ-ကု)—

၂၁၃။ ငါး,ရှစ်,ဆယ်ဝ၊ ကျင့်သီလ၊ စောင့်ကြမပျက်ရာ။

၂၁၄။ သီလရှိက၊ ဘေးဒုက္ခ၊ ကင်းပတာတ်သည်သာ။

၂၁၅။ အပါယ်ဒုက္ခ၊ မကြောက်ရ၊ သီလရှိသူမှာ။

၂၁၆။ ငါးပါးသီလ၊ တည်မြဲက၊ ရှည်ကြသက်တရာ။

၂၁၇။ ဓမ္မပါလ၊ ဟိုရှေးက၊ ပြကြပုံစံပါ။

၂၁၈။ ဂရုဓမ္မ၊ ဇာတ်တော်က၊ ပြကြတမျိုးလာ။

၂၁၉။ မိုးလေဝသ၊ စာရေဝ၊ ပျော်ကြလူတိုင်းမှာ။

၂၂၀။ ရောဂါကင်းဝေး၊ ဘေးရန်အေး၊ ဆေးကြီးသီလ သာ။

၂၂၁။ သီလပြည့်က၊ဘေးလေးဝ၊ ကင်းပတာတ်သည်သာ။

(၁) ငါ့မှာ သီလမရှိပါတကားဟူ၍ မိမိကိုယ်ကို မိမိစွပ်စွဲသော အတ္တာနုဝါဒဘေး။

(၂) ဤသူသည် သီလမရှိဟူ၍ သူတပါးက စွပ်စွဲသော ပရာနုဝါဒဘေး။

(၃) သီလမရှိသဖြင့် ဒုစရိုက်တို့ကိုကျူးလွန်ခြင်း ကြောင့် မင်းပြစ်စိုးဒဏ် ခံရသောဘေး။

(၄) သီလမရှိ၊ ဒုစရိုက်တို့ကို ပြုခြင်းကြောင့် သေလျှင် အပါယ်သို့ကျရောက်သောဘေး။

သီလမရှိသောသူ၌ ဤဘေးလေးမျိုးတို့ဖြင့် အနှိပ်စက်ခံရထတ်သည်၊ ဘယ်သူမပြုမိမိမှုသာတည်း။ သီလရှိသောသူ၌ကား၊ ဤဘေးလေးမျိုးတို့မှ ကင်းလွတ်ကြရသည့်အပြင်—

၂၂၂။ ကောင်းသောသတင်း၊ ကျော်စောခြင်း၊ ပျံ့သင်းထွက်သည်သာ။

၂၂၃။ ဘေးရန်ကင်း၍၊ နေ့ဧဉ်နေ့၊ ပျော်မွေ့ချမ်းမြေ့စွာ။

၂၂၄။ နတ်ပြည်နတ်နန်း၊ ထက်ရာလမ်း၊ စောင်းတန်းသီလသာ။

၂၂၅။ နိဗ္ဗာန်ဝင်ကြ၊ တံခါးဝ၊ မှတ်ကြသီလသာ။

သီလသည် သီလရှိသောသူ၏ ကောင်းသတင်းကိုလည်းဖြစ်စေသည်၊ သီလရှိသည်ဖြစ်၍ ဒုစရိုက်တို့မှ ကင်းသဖြင့် အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေးတို့မှ ကင်းလွတ်သည်ဖြစ်၍ ဘေးဥပဒ်ဲ အန္တရာယ်တို့အတွက်မှုပင်ကြောင့်ကြ စိတ်သောကရောက်ဖွယ် မရှိသောကြောင့် ချမ်းမြေ့ပျော်မွှင်စွာ နေရသည်။ ထိုမှတပါးလည်း နတ်ပြည်နတ်ရွာသို့ တက်ရောက်လိုသောသူ၏ ကောင်းသော လှေကားစောင်းတန်းကြီးလဲ ဖြစ်သည်။ နိဗ္ဗာန်မြို့တော်သို့ ဝင်ရန်သာယာကျယ်ဝန်းသော တံခါးပေါက်ကြီးလဲ ဖြစ်သည်ဟု ဆိုလိုသည်။ သီလတန်ခိုး သီလအကျိုးများကို ထုတ်ဖော်ရလျှင် များစွာပင်ရှိကုန်သေး၏၊ ဤပဒေသာ ဆုံးမစာအဘို့၌ ဤမျှဆိုလျှင် "အိုးနှင့်ဆန် တန်ရုံ"ဟူသကဲ့သို့ တော်တန်သင့်ပေပြီ။

မေတ္တာ—

၂၂၆။ ငါသည်–ဘေးရန် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲ ခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေး ချမ်းပါစေ။

၂၂၇။ အိမ်သူ အိမ်သားအပေါင်းတို့သည်–ဘေးရန် ခပ် သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါ စေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

၂၂၈။ ပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်အပေါင်းတို့သည်–ဘေးရန် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါ စေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

၂၂၉။ မြို့နယ်သူ မြို့နယ်သားအပေါင်းတို့သည်–ဘေးရန် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

၂၃၀။ မြန်မာပြည်အတွင်းရှိ ပုဂ္ဂိုလ်အပေါင်းတို့သည်– ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်း ငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

၂၃၁။ တကမ္ဘာလုံးရှိ ပုဂ္ဂိုလ်အပေါင်းတို့သည်–ဘေးရန် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြ ခပ်

သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

၂၃၂။ ၃၁-ဘုံ အတွင်းရှိ ပုဂ္ဂိုလ်အပေါင်းတို့သည်–ဘေးရန် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြ ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

၂၃၃။ နတ် ဗြဟ္မာ အပေါင်းတို့သည်– ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

မေတ္တာအကျိုး–––

၂၃၄။ မေတ္တာတရား၊ ကိုယ်၌ထား၊ စီးပွါးတိုးတက်ရာ။

၂၃၅။ လူရွှေနတ်ရော၊ ချစ်သူပေါ၊ ပွါးသော်၍မေတ္တာ။

၂၃၆။ လက်နက်ဆိပ်မီး၊တကယ်ပြီး၊ဆေးကြီး၍မေတ္တာ။

၂၃၇။ မျက်နှာကြည်လှ၊ စိတ်တည်ရ၊ ပွါးက၍မေတ္တာ။

၂၃၈။ နိုးအိပ်ချမ်းသာ၊ အိပ်မက်မှာ၊ ကောင်းစွာ မက်တတ်ပါ။

၂၃၉။ သေချိန်ကာလ၊ မတွေရ၊ သေက ထက်နတ်ရွာ။

၂၄၀။ မေတ္တာအကျိုး၊ ဆဲ့တမျိုး၊ ရရိုးအမှန်သာ။

၂၄၁။ ကိုယ်နှင့်မခြား၊ မေတ္တာပွါး၊ အများသတ္တဝါ။

၂၄၂။ အများသတ္တ၊ ချမ်းသာက၊ ရကြကိုယ့်ချမ်းသာ။

## မေတ္တာအကျိုးပြ မြန်မာဂါထာ ၃-ပုဒ်

၂၄၃။ ချမ်းသာအိပ်ရ နိုးကချမ်းသာ၊
ဆိုးရွားအိပ်မက် မမြင်မက်ပါ။
စောင့်ကြနတ်ကောင်း သားကောင်းပမာ၊
လူနတ်နှစ် ခင်ချစ်ကြသည်သာ။

၂၄၄။ လက်နက်ဆိပ်မီး ငြိုးသည်တပြွာ၊
မျက်နှာကြည်လှ တည်ထစိတ်မှာ။
သေချိန်ကာလ မတွေ့ရပါ၊
သေပြန်က လားရဗြဟ္မာ့ရွာ။
(ဗျာန်မပျက်ပဲ သေလျှင်သာ)

၂၄၅။ မျက်မှောက်ဘဝ ဆယ်ချမ်းသာ၊
နောက်ဘဝထစ် ရလစ်မှန်စွာ။
တဆဲ့တမျိုး ကျိုးအကျိုးမှာ၊
မေတ္တာပိုး တန်ခိုးဘာဝနာ။

ဝိပဿနာ—

၂၄၆။ လူနတ်သုခ၊ ဆိုကာမျှ၊ ဇုက္ခမကင်းပါ။
၂၄၇။ ပြုပြင်ကြမှု၊ သင်္ခါရ၊ တွေ့ကြနေ့စဉ်သာ။
၂၄၈။ ပေါက်ပြန်ပျက်မှု၊ ဒုက္ခစု၊ ကြည့်ရှုဉာဏ်ယှဉ်ကာ။
၂၄၉။ ရှစ်ဆယ်တရာ၊ အသင်မှာ၊ မကြာလှုကြပါ။
၂၅၀။ ရေပွက်ပမာ၊ ဘဏတာ၊ ခန္ဓာမမြဲပါ။
၂၅၁။ ငါငါ့ဟာ၊ စွဲလမ်းကာ၊ စိတ်မှာမရှိရာ။
၂၅၂။ နင်လားငါလား၊ မာန်တရား၊ မထားကြသင့်ပါ။

၂၅၃။ တနေ့သောခါ၊ မြေဩဇာ၊ ဖြစ်မှာမလွဲရာ။

၂၅၄။ ဇရာမရဏ၊ မဝေးလှ၊ ရှေ့ကလာနေပါ။

၂၅၅။ တွန်းလှန်ဘို့အား၊ စွမ်းပကား၊ ထင်ရှားမရှိပါ။

၂၅၆။ ပြေးရန်တပုံ၊ စွမ်းအဟုန်၊ တမှုန်မရှိပါ။

၂၅၇။ သတိပဋ္ဌာန၊ ပွါးများမှ၊ လွတ်ကြပေမည်သာ။

၂၅၈။ အာနာပါန၊ အစမှ၊ ပွါးကြဘာဝနာ။

၂၅၉။ သမာဓိရ၊ ထိုကာလ၊ ရှုကြလက္ခဏာ။

၂၆၀။ သမာဓိကျိုး၊ မဂ်ဖိုလ်မျိုး၊ ဖြစ်ရိုးမရှိပါ။

၂၆၁။ ပညာအကျိုး၊ မဂ်ဖိုလ်မျိုး၊ ဖြစ်ရိုးဓမ္မတာ။

[သမာဓိဟု ဆိုအပ်သော သမထကြောင့် မဂ်ဖိုလ် တည်းဟူသော အကျိုးမဖြစ်၊ ဝိပဿနာ ပညာတည်းဟူသော အကြောင်းကြောင့်သာ မဂ်ဖိုလ် တည်းဟူသော အကျိုးတရားဖြစ်သည်ဟု ဆိုလိုသည်။ ။နိဒါနသံယုတ်၊ သုသိမသုတ်။]

၂၆၂။ နာမ်ရုပ်အစု၊ မမြဲဟု၊ ရှုကြဘာဝနာ။

၂၆၃။ နာမ်ရုပ်အစု၊ ဒုက္ခဟု၊ ရှုကြဘာဝနာ။

၂၆၄။ နာမ်ရုပ်အစု၊ နာတ္တဟု၊ ရှုကြဘာဝနာ။

၂၆၅။ အနိစ္စမြင်၊ ဒုက္ခထင်၊ ပေါ်လွင်အနတ္တာ။

## ဝိပဿနာ၏ ရှေ့က ကြိုတင်နှလုံးသွင်းရန်

နာမရူပ ပရိစ္ဆေဒ—

၂၆၆။ ခန္ဓာဓာတု၊ အစုစု၊ မရှုသင်ကြားမြင်။

၂၆၇။ အနွမည်တွင်၊ ပုထုဇဉ်၊ သူလျှင်မှတ်စေချင်။

၂၆၈။ ခန္ဓာဓာတ်အာ၊ သင်ပေရှာ၊ ဆောင်ခါဉာဏ်
နှင့်ယှဉ်။

၂၆၉။ ပုထုဇ္ဇနာ၊ ကလျာဏာ၊ မှတ်ကြသူကိုပင်။

၂၇၀။ မြင်, ကြား, နံ, စား၊ ထိတရား၊ မှတ်သား ရုပ်
ငါးအင်။

၂၇၁။ ရုပ်ကားမသိ၊ နာမ်သာသိ၊ မှတ်ဘိရုပ်နာမ်တွင်။

၂၇၂။ သိလျှင်ကားနာမ်၊ မသိပြန်၊ အမှန်ရုပ်ဟုထင်။

၂၇၃။ သူငါမရ၊ နာမ်ရုပ်မျှ၊ သိကြဉာဏ်မျက်မြင်။

၂၇၄။ နာမ်ရုပ်ခွဲစိတ်၊ မြင်သောစိတ်၊ ပရိစ္ဆေဒယှဉ်။

၂၇၅။ ပရိစ္ဆေဒ၊ ဉာဏ်ယှဉ်က၊ အတ္တကင်းလွတ်စင်။

၂၇၆။ အတ္တကင်းက၊ သက္ကာယ၊ ပျောက်ကြဒိဋ္ဌိပင်။

၂၇၇။ သက္ကာဒိဋ္ဌိ၊ ပျောက်ကင်းဘိ၊ မြင်၏ဘုရားရှင်။

ပစ္စယပရိဂ္ဂဟ—

၂၇၈။ အဝိဇ္ဇာတဏှာ၊ ကံစိတ်ပါ၊ ဥ ဟာ စထန်တန်။

၂၇၉။ နာမ်ရုပ်နှစ်ခု၊ဖြစ်ကြောင်းဟု၊မှတ်ရှုဉာဏ်မျက်မှန်။

၂၈၀။ နာမ်ရုပ်နှစ်ဝ၊ ကြောင်းသိက၊ ပစ္စယပရိဂ္ဂဟဉာဏ်။

၂၈၁။ ပရိစ္ဆေဒ၊ ပစ္စယ၊ ဉာဏရသူမှန်။

၂၈၂။ အပါယ်လေးဝ၊ လွတ်မြောက်ရ၊ စွဥ္စသောတာပန်။
၂၈၃။ ကျွမ်းဂန်အရ၊ ထုတ်ဖော်ပြ၊ မှတ်ကြဝေကန်။

ဝိပဿနာဆက်—

၂၈၄။ နာမ်ရုပ်သဘာဝ၊ အနိစ္စ၊ ရှုကြဉာဏ်ဖြင့်သာ။
၂၈၅။ လောကအလုံး၊ ရှမဆုံး၊ လုံးလုံးအနိစ္စာ။
၂၈၆။ အနိစ္စပင်၊ နိစ္စထင်၊ ဉာဏ်မြင်မဲ့၍သာ။
၂၈၇။ အနိစ္စပင်၊ အနိစ္စထင်၊ တွေ့မြင်နိဗ္ဗာန်သာ။
၂၈၈။ နိဗ္ဗာန်လိုက၊ ဤကာယ၊ ရှုကြအနိစ္စာ။
၂၈၉။ ရုပ်နာမ်သဘာဝ၊ ဒုက္ခမျှ၊ ရှုကြဉာဏ်ဖြင့်သာ။
၂၉၀။ တလောကလုံး၊ ရှမဆုံး၊ လုံးလုံးဒုက္ခသာ။
၂၉၁။ ဒုက္ခကိုပင်၊ သုခထင်၊ ဉာဏ်မြင်မဲ့၍သာ။
၂၉၂။ ဒုက္ခကိုပင်၊ ဒုက္ခထင်၊ တွေ့မြင်နိဗ္ဗာန်သာ။
၂၉၃။ နိဗ္ဗာန်လိုက၊ ဤကာယ၊ ရှုကြဒုက္ခသာ။
၂၉၄။ ရုပ်နာမ်သဘာဝ၊ အနတ္တ၊ ရှုကြဉာဏ်ဖြင့်သာ။
၂၉၅။ လောကအားလုံး၊ ရှမဆုံး၊ လုံးလုံးအနတ္တာ။
၂၉၆။ အနတ္တပင်၊ အတ္တထင်၊ ဉာဏ်မြင်မဲ့၍သာ။
၂၉၇။ အနတ္တပင်၊ နာတ္တထင်၊ တွေ့မြင်နိဗ္ဗာန်သာ။
၂၉၈။ နိဗ္ဗာန်လိုက၊ ဤကာယ၊ ရှုကြအနတ္တာ။

ကာယံ ဣမံ ဝိဇာနာထ၊
ပရိဇာနာထ ပုနပ္ပုနံ။
ကာယေ သဘာဝံ ဒိသွာန၊
ဒုက္ခဿန္တံ ကရိဿထ။

ဘိက္ခဝေ၊ ရှင်လူ ရဟန်း တပည့်တပန်း အပေါင်းတို့။ တုမှေ၊ သင်တို့သည်။ ဣမံကာယံ၊ မိမိတို့၏ ကျိုကိုယ်ကို။ ဝါ၊ ရုပ်နာမ်အစုအဝေးကို။ ဝိဇာနာထ၊ သူ့သဘော သူ့သဘာဝကို သိအောင် အားထုတ်ကြည့်ရှုလေ့လာ ပွါးများကြကုန်လော့။ ပုနပ္ပုနံ၊ ကြိမ်ဖန်များစွာ အထပ်ထပ်အခါခါ။ ပရိဇာနာထ၊ ဉာဏ်ဖြင့်မြင်အောင် အားထုတ်ပွါးများကြကုန်လော့။ ကာယေ၊ ကျိုရုပ်နာမ်အစုအပေါင်း ဟူသော ခန္ဓာကိုယ်၌။ သဘာဝံ၊ မမြဲသောသဘော, ဆင်းရဲသောသဘော, အနှစ်အသားမရှိသော သဘောကို။ ဒိသွာန၊ အသင်တို့ဉာဏ်၌ မြင်ကြကုန်သည်ရှိသော်။ ဒုက္ခဿ၊ ဆင်းရဲအစု၏။ အန္တံ၊ ကုန်ဆုံးခြင်းကို။ ကရိဿထ၊ ပြုလုပ်နိုင်ကြကုန်လတ္တံ့။

(သာဓက ပါဠိတော်နှင့် မြန်မာပြန်။)

ပဒေသာဆုံးမစာ ပြီးပြီ။

၁၃၄၀-ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇-ရက်၊ စနေနေ့။

# ဒုတိယအကြိမ် ရိုက်ခြင်း

---

လူမင်း နတ်မင်း ဦးညွတ်ခြင်းကို ပထမအကြိမ်ရေးစဉ်က စာအုပ်အဖြစ်ရိုက်ရန် မရည်ရွယ်မူ၍ သံဃာတော်များ လူ့ကျင့်ဝတ်နှင့်ပြည့်စုံသော လူဒကာ ဒကာမများသည် မိမိတို့ ကိုယ်ကို မိမိတို့ အထင်အမြင်မသေးသင့်ကြ၊ နတ်မင်းတို့၏ ဦးညွှတ် ရှိခိုးခြင်းကို ခံယူထိုက်သော ပုဂ္ဂိုလ်များဖြစ်သည်ကို သိရှိရုံမျှသာ နီးစပ်သော လူများ ရှင်များအား ရည်ညွှန်း၍ အကျဉ်းမျှသာ ရေးထားခြင်းဖြစ်သည်။

ယင်းအကျဉ်းကိုပင် ဘုန်းတော်ကြီးတပါးက စာအုပ်ငယ် ကလေးအဖြစ် ရိုက်ထားရန်သင့်ကြောင်း အကြံပေးခြင်း ကြောင့် စာအုပ်ငယ်ကလေး ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

နောက်တဖန် ဘုန်းကြီးတပါးက လူမင်းနတ်မင်း ဦးညွှတ် ခြင်းကို အနည်းငယ် ဖြည့်စွက်ပြင်ဆင်၍ စာအုပ်ငယ် ကလေးအဖြစ်ရိုက်က သာ၍ကောင်းမည်ဟု ထင်မြင်ကြောင်း အကြံပေးပြန်၏။ သို့ကြောင့် အသင့်အတင့် ပြုပြင်ဖြည့်စွက်၍ ဒုတိယအကြိမ် စာအုပ်ငယ်အဖြစ် ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

အရှင်ပဏ္ဍိတာဘိဝံသ

ရွှေဟင်္သာဆရာတော်

ထေရာသနုစံကျောင်း။

ရွှေဟင်္သာ ၄—ပ-မ-သ-စ

# ရှမင်း နတ်မင်း ဦးညွတ်ခြင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဝိဇ္ဇာဓိယ, ဓမ္မ, ယဿ, သိရိ, ကာမ, ပယတ္တ – တည်းဟူသော ခြောက်ပါးသော ဘုန်းတော်နှင့် ပြည့်စုံတော်မူသော။

၂။ ရာဂစသော ကိလေသာအပေါင်းကို ပယ်သတ်တော်မူပြီးသော။

၃။ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ-ဟူသော သစ္စာလေးပါး တရားတော်ကို ကောင်းစွာ မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် သိမြင်တော် မူပြီးသော ဝေါတမနွယ်ဖွား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ထိုမြတ်စွာဘုရားအား မာန်စောင် ညွတ်ကျိုး ဦးနှိမ်လျှိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုန်းတော်(၆)ပါး ဟူသည်—

၁။ မိမိ၏စိတ်ကို အစိုးရခြင်းသည် ဣဿရိယ ဘုန်းတော် ဖြစ်သည်။

၂။ မဂ် ၄-ပါး ဖိုလ် ၄ ပါး နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ၉-ပါးကို ရရှိတော်မူခြင်းသည် ဓမ္မ ဘုန်းတော် ဖြစ်သည်။

၃။ ယထာဘုစ္စ ဟုတ်မှန်သန့်ရှင်း ထင်ရှားကျော်စော ခြင်းသည် ယသ ဘုန်းတော် ဖြစ်သည်။

၄။ လက္ခဏာတော် ကြီး ငယ်တို့ဖြင့် ရူပကာယ တော်၏ တင့်တယ်သပ္ပါယ်တော်မူခြင်းသည် သိရိ ဘုန်းတော် ဖြစ်သည်။

၅။ မိမိအကျိုး သူတပါးအကျိုးကို အလိုရှိတိုင်း ပြီးစေတော်မူခြင်းသည် ကာမ ဘုန်းတော် ဖြစ်သည်။

၆။ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အလေးပြုခြင်း၏ အကြောင်းဖြစ်သော သမ္မာဝါယာမသည် ပယတ္တ ဘုန်းတော် ဖြစ်သည်။

ဤ ဘုန်းတော်(၆)ပါးနှင့် ပြည့်စုံတော်မူခြင်းဖြင့် ဘဂဝါ ဟူသော ဂုဏ်တော်ကို ရရှိတော်မူသည်။

**အရဟံဂုဏ်တော် ဟူသည်—**

၁။ ကိလေသာ ရန်သူတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်သတ်တော်မူသောကြောင့်လည်း အရဟံ ဂုဏ်တော်ကို ရရှိတော်မူသည်။

၂။ မကောင်းမှုကို ပြုခြင်းငှါ မထိုက်သောကြောင့်လည်း အရဟံ ဂုဏ်တော်ကို ရရှိတော်မူသည်။

၃။ အဆိုပါ ဂုဏ်တော် ၂-ရပ်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ လူ နတ်တို့၏ ညွှတ်လျှိုး ဦးတိုက် ပူဇော် ခြင်းကို ခံ တော် မူ ထိုက် သော ကြောင့် လည်း အရဟံ ဂုဏ်တော်ကို ရရှိတော်မူသည်။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ဟူသည်——

သစ္စာလေးပါး တရားတော်ကို အကျဉ်းအား ဖြင့်၎င်း၊ အကျယ်အားဖြင့်၎င်း ဝေဘန်ခွဲခြမ်း၍ ကောင်းစွာ ကိုယ်တော်တိုင်သာလျှင် သိမြင် တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကို ရရှိတော်မူသည်။

အထက် အဆိုပါ ဘဂဝါဂုဏ်တော်၊ အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော ကျေးဇူးတော်ရှင် ဂေါတမနွယ်ဖွား ဘုရားသခင်ကို လူမင်း နတ်မင်း ဦးညွှတ်ခြင်းကို ထပ်မံ ပြုပြင်၍ မရေးသားမီ ရှေးဦးစွာ မာန်စွယ်ညွှတ်ကျိုး ဦးနှိမ် လျှိုးကာ ရှိခိုးပါသည်ဟု ဆိုလိုသည်။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ – သက် တော်ထင်ရှား မြတ်စွာဘုရား၌၎င်း၊ ပရိနိဗ္ဗာန် စံဝင်တော်မူ ပြီးသော မြတ်စွာဘုရား၌၎င်း ကြည်ညိုသဒ္ဓါ စိတ်စေတနာ ချင်းတူလျှင် တူသောအကျိုးရှိသည်ဟူသော ဒေသနာတော် သည် သက်တော်ထင်ရှား မရှိသော မြတ်စွာဘုရား၏ ဂုဏ် တော်ကို အာရုံပြု၍ ရှိခိုးခြင်းသည် အကျိုးမဲ့ အချည်းနှီး မဖြစ်သည့်ပြင် စိတ်ထားတူလျှင် တူညီသောအကျိုးကို ရသည် ဟူသော အဓိပ္ပါယ်ကို ညွှန်ပြသော ဒေသနာတော်ဖြစ်သည်။

# ရှိခိုးခြင်း အမျိုးမျိုး

၁။ တောင်ကို ရှိခိုးသူတို့လည်း ရှိ၏။
တောကို ရှိခိုးသူတို့လည်း ရှိ၏။
ဥယျာဉ်ကို ရှိခိုးသူတို့လည်း ရှိ၏။
သစ်ပင်ကို ရှိခိုးသူတို့လည်း ရှိ၏။

၂။ မြစ်ကို ရှိခိုးသူတို့လည်း ရှိ၏။

၃။ သီတာနှင့် ရာမတို့ကို ရှိခိုးသူတို့လည်း ရှိ၏။

(ဣန္ဒိယ၌ကား နတ်အမျိုးမျိုးတို့ကို ရှိခိုးခြင်း အမျိုးများလှ၏။)

၄။ ကဏ္ဍေသူရဲခေါ်သော ပြိတ္တာတို့ကို ရှိခိုးသူတို့လည်း ရှိ၏။

၅။ မီးရထားကို ရှိခိုးသူကိုပင် တွေ့ရဘူးသေး၏။

ဤသို့စသည်ဖြင့် မိမိတို့ လိုရာ လိုရာ ဆန္ဒရှိရာ ယုံကြည်ရာ အကျိုးအကြောင်း နီးစပ်ရာတို့ကို ရှိခိုးတတ်ကြကုန်၏။

**၁။ တောင်, တော, ဥယျာဉ်, သစ်ပင်တို့ကို ရှိခိုးခြင်း**

တောင်, တော, ဥယျာဉ်, သစ်ပင်တို့ကို ရှိခိုးခြင်းတို့သည် ဂေါတမဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မမူမီက အစပြု၍ ပေါ်ပေါက်လာခဲ့ပေသည်။ ပေါ်ပေါက်ပုံမှာ – ဂေါတမနွယ်ဖွား

ဘုရားအလောင်းတော်သည် သာစွာလေးပါး တရားတော်ကို ကိုယ်တော်တိုင်သိ၍ လောကသုံးပါး၌ အတုမရှိ တဆူတည်း သော ဘုရားမြတ်အဖြစ်သို့ မရောက်မီ သာဝတ္ထိမြို့တော်၌ မဟာကောသလမင်းကြီးသည် ထီးနန်းစိုးစံလျက်ရှိ၏၊ မဟာ ကောသလမင်းကြီး၏ ပုရောဟိတ်အမတ်ကြီးဖြစ်သော အဂ္ဂိ- ဒတ္တပြာဟ္မဏသည် ထင်ရှားသော ပြာဟ္မဏကြီးဖြစ်၏၊ မဟာ ကောသလမင်းကြီး နတ်ရွာစံသောအခါ သားတော် ကော- သလမင်း နန်းတက်၍ အဂ္ဂိဒတ္တပုရောဟိတ်ပြာဟ္မဏကြီးကို အသက်အရွယ်လည်း ကြီးသူဖြစ်သည်၊ ခမည်းတော် မဟာ ကောသလမင်းကြီး၏ မင်းဆရာ ပုရောဟိတ်ပြာဟ္မဏကြီး လည်း ဖြစ်ပေသည်ဟု အလေးအမြတ်ပြုကာ ချီးမြှောက် ထားလေသည်။

ယင်းသို့ သားတော် ကောသလမင်းက ရိုသေလေးစားစွာ ချီးမြှောက်ထားသော်လည်း အဂ္ဂိဒတ္တပုရောဟိတ်ပြာဟ္မဏကြီး သည် မိမိပိုင်သော ဥစ္စာပစ္စည်းတို့ကို လှုတ်လှုတ် စွန့်ကြဲ ပေးကမ်း လှူဒါန်းပြီးလျှင် သာသနာပ ဗာဟိရပရိဗိုဇ် ရဟန်းပြုကာ တောထွက်လေသည်၊ ထင်ရှားသော အဂ္ဂိဒတ္တ ပြာဟ္မဏကြီး တောထွက်လျှင် အချို့သူတို့သည်လည်း အတု လိုက်၍ ရဟန်းပြုကာ အဂ္ဂိဒတ္တပြာဟ္မဏကြီးနောက်သို့လိုက်၍ တပည့်ခံကာ နေကြသည်မှာ ရာပေါင်းများစွာပင် ရှိသည် ဟူ၏။ ရာပေါင်းများစွာသော နောက်ပါတပည့်တို့နှင့်တကွ အဂ္ဂိဒတ္တပြာဟ္မဏပရိဗိုဇ်ရဟန်းကြီးသည် အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်းတို့၌ လှည့်လည်နေကာ မိမိ၏ တပည့်များကို ဤသို့ ဩဝါဒပေးလေသည်၊ အဘယ်သို့ ပေးသနည်းဟူမူ "တပည့်

တို့...အကြင်သူသည် ကာမဝိတက် စသော မကောင်းသော ဝိတက်တို့ ဖြစ်အံ့၊ ထိုသူသည် မြစ်ထဲမှ သဲကိုယူ၍ ဤနေရာ၌ သွန်လောင်းရမည်”ဟု ဩဝါဒပေး၏၊ တပည့်များကလည်း ကောင်းပါပြီဟု လိုက်နာကြကုန်လျက် ကာမဝိတက်စသည်တို့ ဖြစ်တိုင်း သဲကိုယူ၍ သွန်လောင်းကြရာ ကာလကြာမြင့်သော အခါ ကြီးမားသော သဲပုံကြီး ဖြစ်နေပေတော့သည်၊ ထိုသဲပုံ၌ အဟိဆတ္တ အမည် ရှိသော နဂါးမင်း က သိမ်းပိုက်၍ နေလေသည်။

အင်္ဂတိုင်း မဂဓတိုင်းနှင့် ကုရုတိုင်းသူ တိုင်းသားတို့သည် အဂ္ဂိဒတ္တပရိဗိုဇ်တို့အား လစဉ် လစဉ် လာရောက်၍ အလှူ အတန်း ပြုလုပ်ကြကုန်၏၊ ယင်းသို့ လာရောက်ကြသော ဒကာ-ဒကာမတို့အား အဂ္ဂိဒတ္တပရိဗိုဇ်ကြီးက ဤသို့ ဩဝါဒ ပေးလေသည်၊ အဘယ်သို့ ပေးသနည်းဟူမူ “တပည့် ဒကာ ဒကာမတို့ ... အလုံးစုံသောဆင်းရဲဒုက္ခတို့မှ လွတ်မြောက်လိုကြ လျှင် အသင်တို့သည် တောင်ကို ကိုးကွယ်ရာ အားထားရာ အဖြစ်ဖြင့် ကိုးကွယ်ကြ၊ တောကို ကိုးကွယ်ကြ၊ ဥယျာဉ်ကို ကိုးကွယ်ကြ၊ သစ်ပင်ကို ကိုးကွယ်ကြ၊ ရှိခိုးကြ၊ ဤကဲ့သို့ တောင်-တော-ဥယျာဉ်-သစ်ပင်တို့ကို ကိုးကွယ်ရှိခိုးလျှင် ခပ် သိမ်းသော ဘေးဥပဒ် အန္တရာယ်တို့မှ ကင်းလွတ်ကြပေလိမ့် မည်”ဟု ဩဝါဒပေးလေ့ရှိသည်ဟူ၏၊ မိမိ၏ အန္တေဝါသိက တပည့်တို့ကိုလည်း ဤနည်းအတိုင်းပင် ဩဝါဒပေးလေ့ရှိ သတတ်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တောထွက်၍ မဇ္ဈိမပဋိပဒါလမ်းဖြင့် သစ္စာလေးပါးကို ကောင်းစွာ ကိုယ်

တော်တိုင် သိ၍ လောကသုံးပါး၌ အတုမရှိသော သဗ္ဗညူ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးကာလ သာဝတ္ထိမြို့ ဇေတ ဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဂ္ဂိဒတ္တ ပရိဗိုဇ်ဆရာကြီးနှင့်တကွ အန္တေဝါသိက တပည့်တို့၏ တရား ထူး ရရှိမည်ကို မြင်တော်မူသဖြင့် အရှင်မောဂ္ဂလ္လာန်ကို အဂ္ဂိ-ဒတ္တဗြာဟ္မဏပရိဗိုဇ်ထံသို့ ကြွတင်စေလွှတ်တော်မူလိုက်သည်၊ ရှင်မောဂ္ဂလ္လာန်သည် အဟိဆတ္တနဂါးမင်းကို ဆုံးမပြီးကာလ သဲပုံထိပ်၌ သီတင်းသုံးနေတော်မူ၏၊ ပရိဗိုဇ်တို့သည် တအုံ့ တဩ ဝိုင်းဝန်းကြည့်ရှုကြ၍ ဤရဟန်းသည် တန်ခိုးကြီးပါ ပေသည်ဟု ကြည့်ရှုနေကြစဉ် မြတ်စွာဘုရား ကြွတော်မူလာ လေသည်၊ ရှင်မောဂ္ဂလ္လာန်သည် နေရာမှထ၍ ရှိခိုးဝတ်ပြုတော် မူသည်၊ မြတ်စွာဘုရားသည် သဲပုံထိပ်၌ သီတင်းသုံးတော်မူ လျက် အဂ္ဂိဒတ္တပရိဗိုဇ် ဆရာကြီးကို "အချင်း အဂ္ဂိဒတ္တ.... အသင်သည် အသင်၏ တပည့်ဒကာများကို အဘယ်ကဲ့သို့ သော ဩဝါဒကို ပေးပေသနည်း" ဟု မေးတော်မူသည်။

"အရှင်ဘုရား....တပည့်တော်သည် အန္တေဝါသိက တပည့် များနှင့် ဒကာ-ဒကာမတို့အား တောင်ကိုရှင်း, တောကိုရှင်း, ဥယျာဉ်ကိုရှင်း, သစ်ပင်ကိုရှင်း ကိုးကွယ်ကြ၊ ရှိခိုးကြ၊ ဤသို့ ကိုးကွယ်ကြ ရှိခိုးကြလျှင် ခပ်သိမ်းသော ဘေးဥပဒ်အန္တ-ရာယ် တို့မှ ကင်းလွတ်ကြလိမ့်မည်၊ ဤသို့ ဩဝါဒပေးပါ သည်" ဟု လျှောက်ထားသောအခါ၊ မြတ်စွာဘုရားက မိန့်တော်မူသည်မှာ– "အို အဂ္ဂိဒတ္တ....အဲသည် တောင်, တော စသည်တို့ကို ကိုးကွယ်ခြင်းကြောင့်၊ ရှိခိုးခြင်းကြောင့် ဘေး ဥပဒ်အန္တရာယ်တို့မှ ကင်းလွတ်မည်မဟုတ်ချေ။ တောင်,

တော, ဥယျာဉ် စသည်တို့သည် ကိုးကွယ်အပ်, ပူဇော်အပ်, ရှိခိုးအပ်သော အရာဝတ္ထုတို့ပင် မဟုတ်ချေ၊ သဗ္ဗညုဘုရားကို၎င်း, သဗ္ဗညုဘုရားဟောသော တရားကို၎င်း, သဗ္ဗညုဘုရား၏ တပည့်သား အရိယာသံဃာကို၎င်း ရှိခိုးပူဇော် ဆည်းကပ် ကိုးကွယ်သောလူသည်သာလျှင် အလုံးစုံသော သံသရာဝဋ်မှ လွတ်မြောက်၍ ချမ်းသာကြမည် ဖြစ်သည်"ဟု ဟောတော်မူသည်။

ထိုနောက် မြတ်စွာဘုရားသည် ဆက်လက်၍ တရားဟောတော်မူရာ ဒေသနာတော် အဆုံး၌ အဂ္ဂိဒတ္တပြဟ္မဏကြီးနှင့်တကွ ပရိဗိုဇ်ရသေ့တို့သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

ရဟန္တာအဖြစ်သို့ ရောက်ကြကုန်သော်လည်း ရဟန်းများ မဟုတ်ကြသေးပေ၊ သို့ဖြစ်၍ မြတ်စွာဘုရားထံတော်၌ ရဟန်းအဖြစ်ကို တောင်းကြရာ၊ မြတ်စွာဘုရားက "ဧထ ဘိက္ခဝေါ၊ စရထ ဗြဟ္မစရိယံ" စသည်ဖြင့် မိန့်မြွက်တော်မူသောအခါ ရဟန်းပရိက္ခရာအစုံနှင့်တကွ ဝါ-၆၀ ရပြီးသော မထေရ်ကြီးတို့ကဲ့သို့ ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်ကြကုန်ပြီ။

ထို ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားနှင့် မတွေ့ဆုံ မဖူးမြော်ရမီက တောင်, တော, ဥယျာဉ်, သစ်ပင် စသော မကိုးကွယ်ထိုက်, မပူဇော်ထိုက်, ရှိမခိုးထိုက်သော အရာတို့ကို ကိုးကွယ်ပူဇော် ရှိခိုးခဲ့ကြကုန်၏၊ ယင်းတို့ကို ကိုးကွယ်ပူဇော် ရှိခိုးခြင်းကြောင့် အဘယ်ကဲ့သို့သော ဒုက္ခမှ မလွတ်ကင်းကြကုန်၊ မြတ်စွာဘုရားကို ကိုးကွယ်ပူဇော် ဆည်းကပ် ရှိခိုးကြရသော

အခါမှ ပဋိသမ္ဘိဒါပတ္တ ရဟန္တာကြီးများ ဖြစ်၍ ဒုက္ခ ပေါင်းဆုံ လောကဘုံမှ လွတ်မြောက်တော်မူကြရပေကုန်ပြီ။

ယခုပြဆိုခဲ့သော အင်္ဂဒတ္တ ပရိဗိုဇ်တို့ လက်ထက်က၌ တောင်, တော, ဥယျဉ်, သစ်ပင် တို့ကို ကိုးကွယ်ပူဇော်ကြ၊ ရှိခိုးကြသော အလေ့အထ ဖြစ်ပေါ် လာလေသည်။

၂။ မြစ်ကို ရှိခိုးသူတို့လည်း ရှိခြင်း

ဇမ္ဗူဒီပယပြည်၌ အချို့သောလူတို့သည် ဂင်္ဂါမြစ်ကို ရှိခိုးကြသည်၊ ယနေ့တိုင်အောင်ပင် အချို့သော လူတို့သည် ဂင်္ဂါမြစ်ကို ရှိခိုးကြဆဲရှိသည်ဟု သိရသည်။

ဂင်္ဂါမြစ်ကို ရှိခိုးခြင်းသည် ဤပြဆိုလတ္တံ့သော အခြင်းအရာတို့ကြောင့် ရှိခိုးကြသည်ဟု ကြံဆ၍ ယူလိုက ယူသင့်ရာသည်။ ဤသို့ ဖြစ်ကောင်းဖြစ်ရာ၏။

အဘယ်ကဲ့သို့ ဖြစ်ရာသနည်းဟူမူ— လူတို့၌ အရေးကြီးသည်မှာ စားဝတ်နေရေးဖြစ်၏၊ ဂင်္ဂါမြစ်သည် လူတို့၌ မရှိမဖြစ် အသုံးဝင်သော ရေကိုလည်း ပေး၏။

ဂင်္ဂါမြစ်သည် ထင်းကိုလည်း ပေး၏။ (ဝါဆို၊ ဝါခေါင်ကာလ၌ တော, တောင်တို့မှ မိုးရေတွန်းချ ဆွဲဆောင်၍ မြစ်ထဲ၌ ပါလာသော ထင်းတို့ကို ဆယ်ယူ၍ အသုံးပြုကြရ၏။)

ဂင်္ဂါမြစ်သည် မြေဩဇာကိုလည်း ပေး၏။ (မိုးအခါ ဂင်္ဂါမြစ်ရေနှင့် ပါလာသော နုံးမြေတို့သည် ကိုင်း,ကျွန်းနှင့် မြေနိမ့်ရာတို့၌ ကျန်ရစ်၍ မြေဩဇာအသစ် ရခြင်းဖြစ်၏။)

ဂင်္ဂါမြစ်သည် ကောက်ပဲသီးနှံတို့ကိုလည်း ပေး၏။ (ဂင်္ဂါမြစ်ကမ်း ဝဲယာ တလျှောက်တို့၌ ဂင်္ဂါမြစ်ရေနှင့် နုံးမြေတို့ကို အမှီပြု၍ ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးကြရ၏။)

ဂင်္ဂါမြစ်သည် အဝတ်အဘည်ကိုလည်း ပေး၏။ (ဂင်္ဂါမြစ်ကို အမှီပြု၍ ဝါပင်, လျှော်ပင်တို့ကို စိုက်ပျိုးကြရ၏။)

ဂင်္ဂါမြစ်သည် သစ်ဝါးတို့ကိုလည်း ပေး၏။ (အထက် မြစ်ညာ တော, တောင်တို့၌ ရှိသော သစ်,ဝါးတို့ကို ဖောင်ဖွဲ့၍ ဂင်္ဂါမြစ်မှ စုန်မျော၍ ခွဲခြမ်းစိတ်ဖြာ၍ အိမ်ဆောက်ကြရ၏။)

ဂင်္ဂါမြစ်သည် လူတို့၏ ကျန်းမာရေးကိုလည်း ပေး၏၊ အသက်ကိုလည်း ရှည်စေ၏။ (ဂင်္ဂါမြစ်ရေကို ချိုးကြရ၊ သောက်ကြရ၊ ချက်ပြုတ်ကြရ၊ ဂင်္ဂါမြစ်ရေဖြင့် သန့်ရှင်းကြရသောကြောင့် ကျန်းမာရေးကိုလည်း ရကြကုန်၏၊ ရောဂါကင်း၍ အသက်ရှည်ကြရကုန်၏။)

ဂင်္ဂါမြစ်သည် ဆေးပစ္စည်းကိုလည်း ပေး၏။ (ဂင်္ဂါမြစ်ရေဖြင့် ဆေးပင်အချို့ကို စိုက်ပျိုးကြရ၏၊ အလိုအလျောက်လည်း ဂင်္ဂါမြစ်ကမ်း၌ ပေါက်ရောက်ကြကုန်၏။)

ဂင်္ဂါမြစ်သည် လေကောင်း လေသန့်ကို ရစေသည့်ပြင် ဂင်္ဂါမြစ်ကြီးကို ရှုမြင်ကြရသော လူတို့၏စိတ်နှလုံးကို ရှင်ပြုံးကြည်လင် အေးမြစေ၏။

ဂင်္ဂါမြစ်သည် အထက်ပိုင်းအောက်ပိုင်း မြို့ရွာအရပ်ဒေသတို့မှ ခရီးသည်တို့နှင့်တကွ လူသုံးကုန်ပစ္စည်းများကို မိမိ၏ ရေလမ်းဖြင့် တဌာနမှ တဌာနသို့ သယ်ယူပို့ဆောင်ပေး၏။

ဤသို့ စသည်တို့ဖြင့် လူတို့အား ကျေးဇူးပြုသော ကျေးဇူးများသော ဂင်္ဂါမြစ်၏ ကျေးဇူးကို စဉ်းစားဆင်ခြင်မိကြသော ကျေးဇူးတရားကို သိတတ်သော ရှေးလူကြီးတို့သည် အဝိညာဏက သက်မဲ့ဝတ္ထုဖြစ်သော ဂင်္ဂါမြစ်ကို ရှိခိုးကြသည်ဟု ကြံဆလျှင် ဂင်္ဂါမြစ်သည် ကိလေသာ အာသဝေါတို့မှ လွတ်မြောက်စေ ချမ်းသာစေသော အရာဝတ္ထု မဟုတ်စေကာမူ အရိပ်ကို ခဏခေတ္တ နားနေခိုလှုံရလျှင်ပင် ယင်း သစ်ပင်သည် ကျေးဇူးရှိသော မိတ်ဆွေကောင်းသဖွယ်ဖြစ်သည်ဟု ဆိုရာဘိသကဲ့သို့ ဂင်္ဂါမြစ်သည်လည်း ကျေးဇူးကြီးမားသော မိတ်ဆွေကောင်း, မိဘကောင်းသဖွယ်ဖြစ်၍ ကျေးဇူးတရားကို သိသောအားဖြင့် လေးစားစွာ ရှိခိုးကြသည်ဟု ကြံဆ၍ ယူလိုက ယူနိုင်ရာသည်။

နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။

ဂင်္ဂါမြစ်ကို ရှိခိုးခြင်းသည် သံသရာဝဋ်မှ လွတ်မြောက်ကြောင်းကား မဟုတ်၊ ပစ္စက္ခမျက်မှောက်ဘဝ၌ စားဝတ်နေရေးကိုပေးသော ကျေးဇူးရှိသည်သာ ဖြစ်သည်။

"အချို့သော လူတို့သည် ဂင်္ဂါမြစ်သို့ ဆင်းသက်၍ မိမိတို့ သန္တာန်၌ ရှိသော မကောင်းမှု အညစ်အကြေးတို့ကို ဆေးကြောသုတ်သင် ကြကုန်၏" ဟူရာ၌ ဂင်္ဂါမြစ်ရေသည် ကိုယ်ခန္ဓာ အပေါ် အပြင်အပ၌ တည်ရှိသော ချွေး, မှုန့်မှုန်, ဖုံစသော ဗဟိဒ္ဓအညစ်အကြေးတို့ကိုသာလျှင် စင်ကြယ်စေပေလိမ့်မည်၊ ခန္ဓာငါးပါးအတွင်း၌ အပါအဝင် သာခ်ါရက္ခန္ဓာ ထိုက်သော လောဘ, ဒေါသ, မောဟ အစရှိသော အဇ္ဈတ္တကိလေသာ အညစ်အကြေးတို့ကိုမူကား သန့်ရှင်းအောင် သုတ်သင်ရှင်း

လင်းနိုင်မည် မဟုတ်ပေ၊ ဗဟိဒ္ဓဖြစ်သော ချေးစသော အညစ် အကြေးတို့ကို ကင်းစင်စေကာမျှဖြင့်လည်း ခန္ဓာကိုယ်သည် ကိလေသာမှ သန့်ရှင်းစင်ကြယ်ခြင်း မဖြစ်ပေ။

ရူပေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ န အက္ခာတံ မဟေသိနာ။

"ဗဟိဒ္ဓရုပ် စင်ကြယ်ကာမျှဖြင့် ကိလေသာ စင်ကြယ် သည်" ဟု ဘုရားရှင်ဟောတော်မမူ။

စိတ္တေ သုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိ ဝုတ္တံ မဟေသိနာ။

"စိတ်စင်ကြယ်မှသာလျှင် ကိလေသာ စင်ကြယ်သည်"ဟု ဘုရားရှင် ဟောတော်မူသည်။

သို့ဖြစ်၍ ဂင်္ဂါမြစ်ကို အားကိုးအားထားပြု၍ ရှိခိုးခြင်း ပူဇော်ကိုးကွယ်ခြင်း သည်၎င်း, တော တောင် စသည်တို့ကို အားကိုး အားထားပြု၍ ရှိခိုးခြင်း သည်၎င်း, ဂင်္ဂါမြစ်ရေကို ချိုး၍ ကိလေသာ အညစ်အကြေးတို့ကို ဖျောက်ခြင်း, သုတ်သင် ရှင်းလင်းစေခြင်း တို့သည်၎င်း အမြင်မှား အယူအဆမှား သော မိစ္ဆာအယူဝါဒတို့သာ ဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပေသည်။

## ၃။ သီတာနှင့် ရာမတို့ကို ရှိခိုးခြင်း

အချို့သော လူတို့သည် သီတာမိဖုရားနှင့် ရာမမင်းကို မိမိ တို့၏ ဘုရားအဖြစ်ဖြင့် ပူဇော်ကိုးကွယ်ကာ ရှိခိုးကြကုန်၏။ အချို့ဟိန္ဒူတို့သည် မြစ်ဆိပ်၌ ရေချိုးခါနီးတွင် မြစ်ကိုဦး ညွှတ်၍ လက်အုပ်ချီကာ 'သီတာရာမ်'ဟူ၍ ဆိုကာ ရှိခိုးကြ ကုန်၏။ ဣန္ဒိယ၌ ဣသာရ မဟာဒေဝမှစ၍ ရှိခိုးခြင်းအမျိုး

များစွာရှိကုန်၏။ ဗုဒ္ဓဘာသာတရား ဘုရားအမြင်တော်အားဖြင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက် ချမ်းသာကြောင်း ဖြစ်သော မှန်ကန်သော ရှိခိုးခြင်းကား မဟုတ်ချေ။

## ၄။ သူရဲခေါ်သော ပြိတ္တာတို့ကို ရှိခိုးခြင်း

သူရဲ့တစ္ဆေ့ပြိတ္တာတို့ကို ရှိခိုးကြသူတို့ကား ထိုထို အရပ်ဒေသတို့၌ပင် များစွာ ရှိကြသည်။ ရှိခိုးကြသူတို့ကမူကား သူတို့ရှိခိုးသော သတ္တဝါတို့သည် နတ်ဖြစ်သည်ဟူ၍ ပြောကြ၏၊ ယုံကြည်ကြ၏၊ ထိုသူတို့ ရှိခိုးပူဇော်ပသသော သတ္တဝါတို့သည် ရုက္ခစိုးနတ်ပင် ဖြစ်ခဲ့လျှသည်။ ရုက္ခစိုးစသော နတ်တို့သည်ကား– လူ့ဘဝက မိမိပြုခဲ့သော ကောင်းမှု၏အကျိုးဖြစ်သော နတ်၌ဖြစ်သော ဘုံဗိမာန်၊ နတ်၌ဖြစ်သော အဝတ်တန်းဆာ၊ နတ်၌ဖြစ်သော အစာအာဟာရ စသည်တို့နှင့် ပြည့်စုံ၍ မိမိတို့၏ ချမ်းသာကိုသာ မိမိတို့သုံးဆောင်ခံစား၍ မိမိတို့ဆိုင်ရာ ပြုဖွယ်ကိစ္စတို့ကိုသာလျှင် ဆောင်ရွက်ကာ နေကြသည်၊ လူတွေကို ဝင်ပူးကာ စားဖွယ် သောက်ဖွယ်တို့ကို တောင်းခြင်း၊ နှိပ်စက်ခြင်း၊ ကြိမ်းမောင်းခြင်း စသည်တို့ကို မပြုလုပ်ကြကုန်။

လူတို့သည် ဘုရားရှင်ညွှန်ကြားဆုံးမတော်မူသည့်အတိုင်း မိမိတို့၏ အနီးအပါး ပတ်ဝန်းကျင်၌ ရှိကြကုန်သော နတ်တို့ကို မေတ္တာပို့ခြင်း၊ မိမိပြုသော ကောင်းမှုအဖို့ကို အမျှအတန်း ပေးဝေခြင်းတို့ကိုသာလျှင် ပြုကြရသည်။ အုန်း၊ ငှက်ပျော စသည်တို့ဖြင့်ရင်း၊ မုန့်ပဲ စသည်တို့ဖြင့်ရင်း ပသတင်မြှောက်ရသည် မဟုတ်ပေ။ စဉ်းစားကြည့်လျှင် လူက

အနှိုင်ရှိက်ပျော မုန့်ပဲ ကျွေးမွေးပေးကမ်းမှ စားရသော နတ်ဆိုသူက ဘယ်ကဲ့သို့ ကြည့်ရှုမစနိုင်မည်နည်း။ သူရဲ့တစ္ဆေ၊ ပြိတ္တာတို့သည်ကား များသောအားဖြင့် စားစရာမရှိ၊ နေစရာမရှိ၊ အခြေအနေမရှိသူတို့သာလျှင် ဖြစ်သည်။ အချို့သစ်ပင်၌နေသော်လည်း နတ်မဟုတ်၊ သူရဲတစ္ဆေခေါ်သော ပြိတ္တာတို့သာလျှင် ဖြစ်ကြသည်။

သူရဲတစ္ဆေခေါ်သော ပြိတ္တာတို့ကို ဦးညွှတ်ရှိကျိုး ရှိခိုးပူဇော်ကာ ကိုးကွယ်ခြင်းသည်လည်း သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်ကြောင်း မဟုတ် မှားသော ကိုးကွယ်ခြင်း ရှိခိုး ပသ ပူဇော်ခြင်းသာ ဖြစ်ပေသည်။ ဘုရား တရား သံဃာကို ရှိခိုးပူဇော် ကိုးကွယ်ခြင်းသည်သာလျှင် သံသရာမှ လွတ်မြောက်၍ လမ်းမှန်ဖြစ်သည် ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်။

ဓမ္မပဒ အဋ္ဌကထာ၌လာသော မြတ်စွာဘုရားလက်ထက်တော်က အမျိုးသမီး တယောက်သည် မိတ်ဆွေဖြစ်သော ဏာဋ္ဌယက္ခိနီ ဘီလူးမကို ကျွေးမွေးခြင်းသည်ကား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှတပါး ကိုးကွယ်ရာ ဟူသောသဘောဖြင့် ကျွေးမွေးခြင်းမဟုတ်၊ လောကဝတ်အနေဖြင့် ပြုလုပ်ခြင်းသာ ဖြစ်သည်။ ဘီလူးမ၏မိတ်ဆွေ သောတာပန်ဖြစ်သော လူမိန်းမက ဘီလူးမကို နေ့စဉ် ထမင်းကျွေးမွေးသဖြင့် ဘီလူးမက ကျေးဇူးတုံ့ပြန်ကာ ယခုနှစ် မိုးကောင်းမည်၊ ကုန်း၌ လယ်လုပ်လေ၊ ယခုနှစ် မိုးနဲမည် အနိမ့်၌ လယ်လုပ်လေ-ဟု ပြောပြသည်။ ပြောသည့်အတိုင်း လူမိန်းမသည်

လယ်လုပ်ရာ နှစ်စဉ်အပျက်မရှိ၊ စပါးရသည်ချည်း ဖြစ်၏။ ယင်းသို့ နှစ်စဉ်အပျက်မရှိ၊ စပါးရသည်ကို အိမ်နီးပါးချင်း တို့က မေးကြရာ ဘီလူးမကို နေ့စဉ် ထမင်းကျွေးမွေးသော ကြောင့် ဘီလူးမက မိုးကောင်းမည် မိုးနဲမည်ကို ကြိုတင်ပြော သဖြင့် မိုးကောင်းမည့်နှစ်၌ ကုန်းကျသောလယ်ကိုလုပ်သည်၊ မိုးနဲမည့်နှစ်၌ အနိမ့်လယ်ကို လုပ်သည်၊ သို့ကြောင့် နှစ်စဉ် အပျက်မရှိ၊ ကောက်ပဲသီးနှံရရှိကြောင်း ပြောပြသောအခါ အခြားတောင်သူလယ်သမားတို့ကလည်း ဘီလူးမကို ထမင်း ကျွေးမွေးကြကုန်၏။ ဤအခါမှစ၍ ယနေ့တိုင် တောင်သူ လယ်သမားတို့သည် ဘီလူးမကို ရည်မှန်း၍ ကျွေးမွေး တင် မြှောက်ကြသည်ဟု သိရသည်။ မြန်မာတို့က ပုန်းမကြည်နတ် ဟု ခေါ်ကြသည်။ ဘီလူးမသည်လည်း ထိုအခါမှစ၍ ဝဝ လင်လင် စားသောက်ရကာ တန်ခိုးတ္တဒ္ဓိပါဒ်လည်း ကြီးမား တိုးတက်လာသည်ဟုဆိုသည်။ ဘီလူးမသည်ပင်လျှင် ယခင်က ဝဝလင်လင် အာသာပြည့်ဝအောင် မစားရဟုဆိုလျှင် သာ မန် တစ္ဆေ သူရဲ ခေါ်သော ပြိတ္တာတို့သည် အဘယ်မှာလျှင် တင်းတိမ် ဝလင်အောင် အစာရေစာကို စားရပါအံ့နည်း။ မိမိတို့ကိုယ်တိုင်ကမှ ဝဝလင်လင် အစာရေစာ မစားမသောက် ကြရသော တစ္ဆေသူရဲပြိတ္တာတို့က လူတို့ကို ချမ်းသာအောင် ပေးကမ်း စောင့်ရှောက်နိုင်ပါမည်လော၊ စဉ်းစား ဆင်ခြင် ကြရာသည်။

## ၅။ မီးရထားကို ရှိခိုးခြင်း

မီးရထားခေါင်းတွဲကို ရှိခိုးသောသူကိုကား ဘုန်းကြီး ကိုယ်တိုင် တွေ့မြင်ရဘူးသည်။ မီးရထားခေါင်းတွဲကို ရှိခိုး

သောသူကို လမ်းမှန်ရှိခိုးခြင်းမဟုတ်စေကာမူ တနည်းအားဖြင့် ကျေးဇူးကိုသိတတ်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် ချီးမွမ်းလိုက ချီးမွမ်းဖွယ်ဖြစ်သည်ဟု ဆိုရပေမည်။

ဘုန်းကြီးသည် စစ်ကိုင်းတောင်ရိုး ရွှေဟသာမှ ရွာထောင်ရွာသို့ နှစ်ပေါင်း ၃၀-ကျော် နေ့စဉ်ဆွမ်းခံသွားသည်။ ရွာထောင်ဘူတာ တောင်ဘက်၌ ကုလားရွာကလေး ရှိသည်။ ၎င်းရွာမှ အသက် ရှစ်ဆယ်ကျော် ဟိန္ဒူကုလားအဖိုးကြီးနှင့် ရံခါ ရံခါ မီးရထားလမ်းပေါ်၌ ဆုံမိကြသည်။ အဖိုးကြီးသည် ဟိန္ဒူဖြစ်သော်လည်း ဘုန်းကြီးများနှင့် အကျွမ်းတဝင် စကားပြောတတ်သည်။ ဘုန်းကြီးကို ဆွမ်းလောင်းချင်ပါသည်၊ သို့သော်လည်း ကုလားထုံးစံက နေမြင့်မှ ထမင်းချက်ကြသောကြောင့် ဆွမ်းမမှီ၍မလောင်းရပါ။ သရက်သီး ပေါ်ချိန်မှာ သမီးများကို သရက်သီးဝယ်စေပြီး သည်လမ်းက ကြွလာသော သံဃာများကို နှစ်စဉ် လောင်းပါသည်ဟု ပြောသည်။

စကားပြောနေစဉ် ရှန်တိန်လုပ်သော မီးရထားခေါင်းတွဲသည် ဘုန်းကြီးတို့အနီးသို့ ခုတ်မောင်းလာလျှင် ကုလားအဖိုးကြီးသည် လက်အုပ်ချီလျက် မီးရထားခေါင်းတွဲကို ဦးညွှတ်ကာ ရှိခိုးလေတော့သည်။ ပြီးလျှင် ဘုန်းကြီးက မမေးရပဲ၊ သူက ပင်စ၍ တပည့်တော်ငယ်စဉ်က မီးရထားခေါင်းတွဲမှာအလုပ်လုပ်ပါတယ်၊ အသက်ကြီးမှ ပင်စင်ယူနေပါတယ်။ အလုပ်လုပ်စဉ်ကလဲ လခရသဖြင့် နေရေးစားရေး ပြည့်စုံခဲ့ပါတယ်၊ ပင်စင်ယူတော့လဲ ယခုအထိ ပင်စင်လခရသဖြင့် ချမ်းသာစွာ နေနိုင်ပါတယ်၊ ဒါကြောင့် ကျေးဇူးရှင်ဖြစ်သော မီးရထား

ခေါင်းတဲ့ကို ကျေးဇူးတင်၍ ရှိခိုးရပါတယ်ဟု ပြောသည်။ သည်တကြိမ်သာမဟုတ် ရံခါ ရံခါ ရှိခိုးသည်ကို တွေ့ရသည်။ "နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ" သံသရာမှ လွတ်မြောက်ကြောင်း ရှိခိုးခြင်း မဟုတ်သော်လည်း မီးရထား စက်ခေါင်း၌ အလုပ် လုပ်သူဖြစ်၍ ဌာနဆိုင်ရာက လခကြေးငွေပေးခြင်း ဖြစ်သော်လည်း စက်ခေါင်းတွဲ၌ အလုပ်လုပ်၍လခကြေးငွေ ရရှိသည် ဖြစ်သောကြောင့် ဥပစာအားဖြင့် စက်ခေါင်းကို ရှိခိုးသည်ဟု ဆိုရမည်ဖြစ်၏။

## ကောသလမင်းကြီးသည် မြတ်စွာဘုရားအား မြတ်မြတ်နိုးနိုး ဦးနှိမ်ရှိခိုးခြင်း

အခါတပါး၌ မြတ်စွာဘုရားသည် ရဟန်းတော်အပေါင်းနှင့်တကွ ဒေသစာရီ ကြွချီတော်မူရာ သက္ကတိုင်း မေဒဠုပနိဂုံးသို့ရောက်တော်မူ၍ မေဒဠုပနိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအချိန်၌ ကောသလမင်းကြီးသည်လည်း သက္ကတိုင်း မေဒဠုပနိဂုံးနှင့် မဝေးကွာလှသော နဂရ အမည်ရှိသော နိဂုံးသို့ ရောက်ရှိလာလေသည်။ ကောသလမင်းကြီးသည် နဂရကနိဂုံးသို့ တစုံတခုသောအကြောင်းကြောင့် ရောက်လာသည်ဟု ဆိုသော်လည်း အခြားအကြောင်းထူးမရှိ၊ စိတ်ပြေလက်ပျောက် ခရီးထွက်၍ ရောက်လာခြင်းဖြစ်၏။

စိတ်ပြေလက်ပျောက် ထွက်ခြင်းအကြောင်းမှာ—ကောသလမင်းကြီးသည် စစ်သူကြီးဗန္ဓုလနှင့်တကွ ဗန္ဓုလ၏ သား ၃၂-ယောက်တို့ကို တနေ့တည်း၌ ဖမ်းယူ သတ်ဖြတ်စေ၏။ ခရီးလွန်ပြီးသောအခါမှ ဗန္ဓုလစစ်သူကြီး၏ဇနီး မလ္လိကာကို

ခေါ်၍ 'မလ္လိကာ....ဗန္ဓုလစစ်သူကြီးနှင့် ငါတို့ အကြား၌ ကွဲပြားခြားနားသော အပြစ်များ ရှိမရှိ'ကို မေးရာ "အရှင်မင်းကြီး....ဗန္ဓုလသည် အရှင်မင်းကြီးနှင့်စိတ်ဝမ်းကွဲပြားခြင်း မရှိပါ"ဟု ဖြေဆိုလေသည်။ မလ္လိကာ၏ အဖြေ စကားကို ကြားရသောအခါ အပြစ်မရှိသော ၃၂-ယောက်သော သားနှင့်တကွ ဗန္ဓုလစစ်သူကြီးကို သုတ်သင်သတ်ဖြတ်မိခြင်းကို ယူကျုံးမရဖြစ်ကာ စိတ်နှလုံး မသာမယာ ဂနာမငြိမ်ဖြစ်၍ ဟိုဟို သည်သည် ခရီးထွက်ခြင်း ဖြစ်၏။

ဤနေရာ၌ ဗန္ဓုလစစ်သူကြီး၏ဇနီး မလ္လိကာအား ချီးကျူးအပ်သောဂုဏ်တရပ်ကို သတိပြုဖွယ်ကောင်းလှ၏။ အကြောင်းကား ၃၂-ယောက်သောသားများနှင့်တကွ ဗန္ဓုလစစ်သူကြီးကို ဖမ်းဆီးသုတ်သင်သောနေ့သည် မလ္လိကာသည် ဘုရားအမှူးရှိသော သံဃာတော်များကို မိမိအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းကပ်လှူနေသော နေ့ဖြစ်၏။ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ မလ္လိကာ၏အိမ်သို့ ရောက်၍ သီတင်းသုံးထိုင်တော်မူစအချိန်၌ ၃၂-ယောက်သော သားများနှင့် တကွ ဗန္ဓုလစစ်သူကြီး သေဆုံးကြသည့် အကြောင်းကြားစာကို မလ္လိကာထံသို့ လာရောက်ပို့ကြကုန်၏။ မလ္လိကာသည် စာကိုယူ၍ မဖတ်သေးပဲ၊ နှုတ်အားဖြင့် သတင်းမေးရာ "အရှင်မသား ၃၂-ယောက်နှင့်တကွ ဗန္ဓုလစစ်သူကြီးကို ကောသလမင်းကြီးသည် ဖမ်းယူစေကာ သတ်ဖြတ် စီရင်ပါသည်"ဟု ပြောကြားကြကုန်၏။ 'အမောင်တို့....သည်စကားကို လူများသိအောင်မပြုကြနှင့်'ဟုပြောကာ စာကို ခါးဝတ်ကြား၌ ညှပ်

သားလိုက်ပြီးကာလ ဘုရား အမှူးရှိသော သံဃာတော်များအား ကိုယ်တိုင် ဆွမ်းကပ်ပြုစုလေသည်။

ဆွမ်းကပ်လှူနေစဉ် သူငယ်မတယောက်သည် ထောပတ်အိုးကိုယူလာရာ တံခါးခုံနှင့် ခလုတ်တိုက်မိသဖြင့် ထောပတ်အိုးကျ၍ကွဲ၏။ မလ္လိကာသည် အခြား ထောပတ်အိုး တခုကို အသစ်ယူစေ၍ ဆွမ်းကိုသာ ဆက်လက်ကပ်လှူလေ၏။

ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးလျှင် မြတ်စွာဘုရားသည် တရားစကားအစ ရရှိစေခြင်းငှါ 'မလ္လိကာ...ထောပတ်အိုး မတော်တဆကွဲခြင်းကြောင့် စိတ်နှလုံး မချမ်းမသာ မဖြစ်စေနှင့်'ဟု မိန့်တော်မူလျှင် မလ္လိကာသည် ခါးဝတ်ကြားမှ စာကို ထုတ်၍ မြတ်စွာဘုရား၏ရှေ့တော်၌ချကာ "မြတ်စွာဘုရား.... သည်စာရွက်သည် ၃၂-ယောက်သော တပည့်တော်မ၏ သားများနှင့်တကွ ခင်ပွန်းသည် ဗန္ဓုလစစ်သူကြီးတို့ သေဆုံးကြောင်း အကြောင်းကြားသောစာ ဖြစ်ပါသည်။ တပည့်တော်မသည် သားများနှင့် ခင်ပွန်းသည် သေဆုံးသည်ကိုပင် စိတ်နှလုံး မချမ်းမသာ မဖြစ်ပါ၊ ထောပတ်အိုးကွဲခြင်းကြောင့်မူကား အဘယ်မှာ စိတ်နှလုံးမချမ်းမသာ ဖြစ်ပါမည်နည်း မြတ်စွာဘုရား"ဟု လျှောက်ကြားလေသည်။ 'ကောင်းပြီ မလ္လိကာ....ဒေါမနဿ-ဟူသော စိတ်နှလုံး မချမ်းမသာမှု မဖြစ်စေနှင့်၊ အစမမြင်သော သံသရာ၌ ကျင်လည်ကြရသော ပုဂ္ဂိုလ်သတ္တဝါတို့သည် သေခြင်းသဘောတရားတို့နှင့် မကင်းကြ၊ ဖြစ်ကပျက်မြဲ အနိစ္စသဘောတရားသာ ဖြစ်ကုန်သည်'ဟူ၍ ဟောကြားတော်မူကာ ပြန်ကြွတော်မူကြကုန်၏။

ဤအရာ၌ မလ္လိကာ၏ စိတ်သောကမဖြစ်အောင် ထိန်းသိမ်းနိုင်ခြင်းသည် ထူးခြားစွာ ချီးကျူးအပ်သော ဂုဏ်ပင်ဖြစ်သည်ကို သတိမူ၍ အတုယူထိုက်လှပေသည်။ အတိတံ နာနုသောစေယျ-ဟူသော ဘဒ္ဒေကရတ္တ သုတ္တန်နှင့် လျော်ကန်လှပေသည်။

ကောသလမင်းကြီးသည် နဂရက နိဂုံးသို့ရောက်သောအခါ စစ်သည်ဗိုလ်ပါအပေါင်း ခြံရံလျက် ကြီးကျယ်သောမင်း၏ တန်ခိုးအာနုဘော်ဖြင့် ဥယျာဉ်အာရာမ် ကြည့်ရှုခြင်းငှါ ပိယကာရာယန စစ်သူကြီးကိုခေါ်၍ ရထားစသည်တို့ကို စီစဉ်စေကာ ဥယျာဉ်ကြည့်ရှု ထွက်လေသည်။ ဥယျာဉ်သို့ရောက်၍ ထားမှ ဆင်းသက်ပြီးလျှင် ဥယျာဉ်တွင်း၌ ဟိုဟိုသည်သည် ခြေလျင်လျှောက်သောအခါ လူသံမှ ဆိတ်ကုန်သော၊ မြို့တွန်သံ ရွာတွန်သံတို့ ကင်းကုန်သော၊ လူတို့လှုပ်ရှားသွားလာသော လေတို့မှ ကင်းကုန်သော၊ လူတို့သည် လျှို့ဝှက်အပ်သော တိုင်ပင်ဆွေးနွေးခြင်းငှါ သင့်လျော်ကုန်သော၊ သူတော်ကောင်းတို့ သီတင်းသုံး ကိန်းအောင်းခြင်းငှါ လျောက်ပတ်ကုန်သော၊ သာယာ စိမ်းစို၍ မွေ့လျော်ဖွယ်ရှိသော သစ်ပင်တို့ကို ကြည်နူးစွာ တွေ့မြင်ရသည်ဖြစ်၍ မြတ်စွာဘုရားကို အာရုံထင်ကာ သတိရရှိခြင်း ဖြစ်လေသည်။

အဘယ်သို့ဖြစ်သနည်းဟူမူ ဤကဲ့သို့သော သာယာစိုပြေ၍ သူတော်ကောင်းတို့ မွေ့လျော်ဖွယ်ကောင်းသော ဌာနမျိုး၌ ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါးတရားကို ကောင်းစွာ ကိုယ်တော်တိုင် သိမြင်တော်မူသော ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို ဆည်းကပ်ရမူကား

ကောင်းလေစွ-ဟု သတိဖြစ်ပေါ်လေသည်။ ဤဌာနမျိုးသည် မြတ်စွာဘုရားတို့ မွေ့လျော်တော်မူရာ ဌာနဖြစ်သည်။ ဤဌာနမျိုး၌ မြတ်စွာဘုရားအား ဆည်းကပ်လိုပေသည်-ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့နောက် ကောသလမင်းကြီးသည် ဒီဃကာရာယန စစ်သူကြီးကိုခေါ်၍ 'အမောင် ကာရာယန....ဤဌာနမျိုးသည် မြတ်စွာဘုရားတို့ သီတင်းသုံး မွေ့လျော်ရာဌာနဖြစ်သည်၊ ငါသည် မြတ်စွာဘုရားကို ဆည်းကပ်လိုပါသည်၊ အမောင် ကာရာယန....ယခုအခါ၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အဘယ်အရပ်၌ သီတင်းသုံး နေတော်မူပါသလဲ'ဟု မေး၏။ 'မင်းကြီး....ယခုအခါ မြတ်စွာဘုရားသည် သက္ကတိုင်း မေဒါဠုပနိဂုံး၌ သီတင်းသုံး နေတော်မူသည်ဟု သိရပါသည်' ဟု ပြန်ကြားလျှင် အမောင် ကာရာယန...မေဒါဠုပနိဂုံးသည် ဤအရပ်မှ အဘယ်မျှလောက် ဝေးပါသနည်း၊ မင်းကြီး.... မေဒါဠုပနိဂုံးသည် မဝေးလှပါ၊ သုံးယူဇနာမျှသာ ရှိပါသည်။ ယနေ့ ကျန်သေးသော အချိန်၌ သွားရောက်နိုင်ပါသည်-ဟု တင်လျှောက်၏။

သို့ဖြင့် သွားကြရအောင်ဟုဆိုကာ ရထား ဆင် မြင်းတို့ကို စီမံစေ၍ ကောင်းကုန် ကောင်းကုန်သော ယာဉ်တို့ဖြင့် မေဒါဠုပသို့သွား၏၊ မေဒါဠုပသို့ ရောက်လျှင် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အာရာမ်သို့ ခြေလျင်လျှောက်သွား၏၊ လွင်တီးခေါင်၌ စင်္ကြံလျှောက်၍နေကြသော ရဟန်းတော်များကို တွေ့၍ မြတ်စွာဘုရား သီတင်းသုံးရာ ကျောင်းကိုမေးရာ ရဟန်းတော်များက မြတ်စွာဘုရား သီတင်းသုံးသော

ကျောင်းကို ညွှန်ပြကြ၏၊ ကောသလမင်းကြီးသည် ထိုနေရာ၌ပင် ဒီဃကာရာယနကို—၁။ သားမြီးယပ်။ ၂။ သင်းကျစ် (ဦးရစ်) ၃။ သန်လျက်။ ၄။ ထီး။ ၅။ ဘိနပ်ဟူသော မင်းမြောက်တန်ဆာ ငါးမျိုးတို့ကို အပ်နှင်းခဲ့၏။ ဒီဃကာရာယနစစ်သူကြီးသည်လည်း ကောသလမင်းကြီးသည် ရှင်ဂေါတမနှင့် လျှို့ဝှက်စွာ တိုင်ပင်ရန် ရှိပေရာသည်·ဟု အထင်မှားကာ နေရစ်ခဲ့၏။

## ကောသလမင်းကြီးသည် နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ဦးညွှတ်ရှိခိုးခြင်း

ကောသလမင်းကြီးသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာကျောင်းသို့ ရောက်၍ အတွင်းသို့ ဝင်ပြီးကာလ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် (ဥသျှောင်ဖြင့်) ထိခိုက်ဦးတိုက်၍ ခြေတော်တို့ကို ခံတွင်းဖြင့် စုတ်၏၊ လက်တို့ဖြင့်လည်း ဆုပ်နယ်၏၊ တပည့်တော်သည် ပသေနဒီကောသလမင်းပါ·ဟူ၍လည်း အမည်ကို လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက 'မင်းကြီး....သင်သည် အဘယ်ကဲ့သို့သော ကျေးဇူးကိုမြင်၍ ဤခန္ဓာကိုယ်၌ ဤသို့လျှင် အလွန်အကဲ ရှိခိုးဦးတိုက်ခြင်း, ရိုသေမြတ်နိုးခြင်းကို ပြုသနည်း'ဟု မေးတော်မူရာ 'မြတ်စွာဘုရား....မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တော်တိုင် အမှန်တရားကို သိတော်မူပါသည်၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော တရားတော်သည် ကောင်းစွာ ဟောကြားတော်မူအပ်သော တရားတော် ဖြစ်ပါသည်၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည်

ကောင်းမြတ်သော အကျင့်တရား ရှိတော်မူပါသည်၊ ဤသို့လျှင် တပည့်တော်အား တရားတော်၌ မျှော်မှန်းသော အနုမာနဉာဏ်အမြင်ဖြစ်ပါသောကြောင့် ယခုကဲ့သို့ အလွန်အကဲ ရှိခိုးဦးတိုက်ခြင်း, ရိုသေမြတ်နိုးခြင်းကို ပြုလုပ်ခြင်းဖြစ်ပါသည် မြတ်စွာဘုရား’ဟု လျှောက်ထားလေသည်။

ကောသလမင်းကြီးသည် ဉာဏ်အမြင်နှံ့သူ မဟုတ်ပေ၊ အနုမာနမှန်းဆသော ဉာဏ်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုရင်း, တရားတော်, သံဃာတော်တို့၏ ဂုဏ်တော်တို့ကိုရင်း အထိုက်အလျောက်သိမြင်၍ မိမိ၏ အနုမာနဉာဏ်ဖြင့် သိမြင်သလောက် ကြည်ညိုမြတ်နိုးလှသဖြင့် လှိုက်လှိုက်လှဲလှဲ နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ဦးညွတ်ရှိခိုးခြင်းဖြစ်သည်ဟု ဆိုရပေမည်။

## ဉာဏ်အမြင်တမျိုးနှင့် ရှိခိုးခြင်းတမျိုး

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော်၏ အရှေ့ဝိသာခါဥပါသိကာမ၏ ကျောင်းဖြစ်သော ပုဗ္ဗာရုံကျောင်းတော်တွင် ညနေချမ်းအချိန် တံခါးမုခ်၏ အပြင်ဘက်၌ သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားထံတော်သို့ လာရောက် ဦးနှိမ်ရှိခိုးပြီးနောက် ထိုင်နေသောအခိုက်တွင် ရှည်သောချိုင်းမွေး, ရှည်သော မွေးညင်း,ရှည်သော လက်သည်း ခြေသည်းရှိကြကုန်သော အထူးထူးသော ရသေ့ပရိဗိုဇ်တို့၏ အသုံးအဆောင် တို့ကို ထမ်းဆောင်သည်ပိုးကြကုန်သော ၇ ယောက်သော ဆံကျစ်ရသေ့တို့သည်ရင်း, ၇ ယောက်သော နိဂဏ္ဌတို့သည်ရင်း,

၇-ယောက်သော အစေလကတို့သည်ရင်း, ၇-ယောက်သော ကောသာဠကတို့သည်ရင်း, ၇-ယောက်သော ပရိဗိုဇ်တို့သည်ရင်း မြတ်စွာဘုရားနှင့်မနီးမဝေးသော လမ်းပေါ်မှ လျှောက်သွားကြကုန်၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် နေရာမှထ၍ အပေါ်လွှမ်းကို လက်ဝဲတဘက် ပခုံးထက်၌တင်၍ လကျ်ာဒူးကို မြေ၌ထောက်ကာ ၇-ယောက်ငါးလီသော တိတ္ထိတို့ကို လက်အုပ်ချီ၍ "တပည့်တော် ကောသလမင်းပါ"ဟု သုံးကြိမ်အမည်ကိုပြောကြားလေသည်။ တိတ္ထိတွေ လွန်သွားပြီးသောအခါ ကောသလမင်းကြီးသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ခိုရှိုးပြီးကာလ "မြတ်စွာဘုရား.... ဤသူတွေသည် လောက၌ရှိသော ရဟန္တာများအတွင်း၌သော်ရင်း, အရဟတ္တမဂ်သို့ ရောက်အောင်ကျင့်သော ပုဂ္ဂိုလ်များအတွင်း၌သော်ရင်း အပါအဝင်ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်"ဟုလျှောက်၏။

မင်းကြီး....ကာမဂုဏ်ကို ခံစားလျက်နေသော အသင်မင်းကြီးကဲ့သို့သော လူတို့သည် ဤသူတွေသည် ရဟန္တာတွေဟူ၍ရင်း, အရဟတ္တမဂ်သို့ ရောက်အောင် ကျင့်ဆဲပုဂ္ဂိုလ်တွေဟူ၍ရင်း သိနိုင်ခဲပေသည်။

မင်းကြီး....

၁။ သီလရှိ မရှိကို အဘူနေမှသိရသည်။

၂။ အတူနေသော်လည်း ကြာကြာနေမှသိရသည်။

၃။ ကြာကြာနေသော်လည်း နှလုံးသွင်း ဆင်ခြင်မှု ရှိမှသိရသည်။

၄။ ဆင်ခြင်မှု ရှိသော်လည်း အသိဉာဏ်ရှိမှ သိရသည်–

ဟု မြတ်စွာဘုရားက မိန့်တော်မူသည်။ ဆက်လက်၍ မိန့်တော်မူပြန်သည်မှာ–

မင်းကြီး....

၁။ စကားပြောမှ စင်ကြယ်ဖြောင့်မှန်ခြင်းကိုသိရသည်။

၂။ ကြာကြာနေမှ သိရသည်။

၃။ နှလုံးသွင်းဆင်ခြင်မှုရှိမှ သိရသည်။

၄။ အသိဉာဏ်အမြင်ရှိမှ သိရသည်–

ဟု မိန့်တော်မူသည်။

ထိုနောက်တဖန် မင်းကြီး....

၁။ ဘေးအန္တရာယ်နှင့် ကြုံတွေ့မှ လူ၏စွမ်းပကားကို သိရသည်။

၂။ ကြာကြာနေမှ သိရသည်။

၃။ နှလုံးသွင်းဆင်ခြင်မှုရှိမှ သိရသည်။

၄။ အသိဉာဏ်ရှိမှ သိရသည်။

တဖန် မင်းကြီး....

၁။ ဆွေးနွေးနှီးနှောမှ ပညာဗဟုသုတ ရှိမရှိကို သိသည်။

၂။ ကြာကြာနေမှ သိရသည်။

၃။ နှလုံးသွင်းဆင်ခြင်မှုရှိမှ သိရသည်။

၄။ အသိဉာဏ်ရှိမှ သိရသည်––

ဟု မိန့်တော်မူသည်။

ထိုအခါ ကောသလမင်းကြီးက လျှောက်သည်မှာ– "မြတ်စွာဘုရား.... အံ့ဩဘွယ်ကောင်းလှပါသည်၊ မြတ်စွာဘုရား မိန့်ကြားတော်မူသည်မှာ မှန်ကန်ကောင်းမွန်လှပါသည်၊ အမှန်စင်စစ် မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ကာမဂုဏ်ခံစားသော လူဝတ်ကြောင်တို့သည် သီလရှိမရှိ စသည်တို့ကို သိနိုင်ခဲလှပါသည်" ဟု လျှောက်ထားလေသည်။

ဤနေရာ၌ ကောသလမင်းကြီးသည် မြတ်စွာဘုရားကို ဆည်းကပ်နေသူ ဥပါသကာ ဖြစ်ရုံမက မြတ်စွာဘုရားရှေတော်အနီး၌ ဖြစ်လျက် တိတ္ထိတို့ကို လက်အုပ်ချီမိုး၍ ဦးညွှတ်ရှိခိုးရလေသလော၊ ဉာဏ်အမြင်နဲ့ လှပါတကားဟု အထင်မှားဖွယ်ရှိ၏၊ ကောသလမင်းကြီးသည် ဉာဏ်အမြင်နဲ့သူ ထုံအ-သူ မဟုတ်ပေ။ နောက်မှ မြတ်စွာဘုရားအား လျှောက်ထားသည်ကို ကြည့်ပါလေ။

မြတ်စွာဘုရား.... ခုနက လမ်းပေါ်က သွားကြသောသူတို့သည် ဒကာ့ခတော်၏ သူလျှိုယောကျ်ားတွေဖြစ်ပါသည်၊ ရသေ့ပရိဗိုဇ်, နိဂဏ္ဌတို့၏ အသုံးအဆောင်တို့ကို ယူဆောင်ကာ ပရိဗိုဇ်တု နိဂဏ္ဌတု အစေလကတု ကေသာဠကတု ပြု၍ တိုင်းပြည်နယ်ပယ်တို့သို့ လှည့်လည်ကာ သူလျှိုတာဝန်ကို ထမ်းဆောင်ပြီး ပြန်လာကြသူတို့ဖြစ်ပါသည်–ဟု လျှောက်သည်။

မိမိ၏ သူလျှိုယောကျ်ားတွေ ဖြစ်သည်ကိုသိလျက် ဘာ့ကြောင့် ဒူးထောက်၍ ဦးညွှတ်ကာ လက်အုပ်ချီရှိခိုးပါသနည်းဟူမူ– ဘေးလူများက အတုဟု မထင်ပဲ၊ အစစ်ဟု

ထင်မှတ်စေလိုခြင်း, သင်မင်းကြီးအတွက် ငါတို့ဆင်းရဲပင်ပန်းခံကာ တာဝန်ကို ထမ်းဆောင်ပါလျက် သည်မျှလောက်မှ မချီးမြှောက်ဘူးဟု စိတ်နှလုံးမချမ်းမသာ မဖြစ်စေလိုခြင်း, ငါတို့ကို ဤမျှ အားပေးချီးမြှောက်ပါပေသည်ဟု စိတ်အားတက်ကြွစေခြင်းတို့ကို ဉာဏ်မျှော်၍ ဦးညွှတ်ကာ လက်အုပ်ချီမိုး ရှိခိုးပါသည်-ဟု ဆိုသည်။ (ဤသည်ကို ထောက်လျှင် ကောသလမင်းကြီးသည် အသိဉာဏ်နဲ့သူ မဟုတ်သည်မှာ ထင်ရှားပေသည်။)

## ကောသလမင်းကြီး ဉာဏ်ရှိပုံတရပ်

အခါတပါး – ကောသလမင်းကြီးသည် မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ပြီးကာလ လျှောက်ထားသည်မှာ– ဒကာတော် တယောက်တည်း နေစဉ် စဉ်းစားမိသည့် အကြောင်းကို လျှောက်ထားပါရစေဘုရား....

၁။ မည်ကဲ့သို့သော လူတို့သည် မိမိကိုယ်ကို ချစ်ကြသနည်း။

၂။ မည်ကဲ့သို့သော လူတို့သည် မိမိကိုယ်ကို မချစ်ကြသနည်း။

ဤကဲ့သို့ စဉ်းစားဆင်ခြင်မိရာ—

၁။ အချို့သော လူတို့သည် ကာယကံဖြင့် မကောင်းမှုကို ပြုကြကုန်၏၊ ဝစီကံဖြင့် မကောင်းမှုကို ပြုကြကုန်၏၊ မနောကံဖြင့် မကောင်းမှုကို ပြုကြကုန်၏။ ထိုကဲ့သို့သော လူတို့သည် မိမိကိုယ်ကို မိမိ မချစ်ကြသော လူတို့ဖြစ်သည်ဟု ဒကာတော် ဉာဏ်၌

ထင်မြင်ယူဆပါသည်။ ထိုလူတို့က မိမိကိုယ်ကို မိမိတို့ ချစ်ကြပါသည်ဟု အကယ်၍ နှုတ်က ပြောကြစေ ကာမူ စင်စစ် ထိုလူတို့သည် မိမိကိုယ်ကို မိမိ မချစ်သော သူတို့သာလျှင် ဖြစ်ကြပါသည် မြတ်စွာဘုရား။

အဘယ့်ကြောင့် ဟူမူ – ရန်သူဖြစ်သော လူ တယောက်သည် မိမိနှင့်မသင့်မြတ်သော ဆန့်ကျင်ဘက် ဖြစ်သော ရန်သူ၏ အကျိုးစီးပွါးမဲ့ကို ပြုသကဲ့သို့ ထို့အတူ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် မကောင်းမှု ဒုစရိုက်ကို ပြုသောသူသည် မိမိသည်ပင်လျှင် မိမိ၏ အကျိုးစီးပွါးမဲ့ကို ပြုရာရောက်ပါသည်၊ သို့ကြောင့် မကောင်းမှုဒုစရိုက်ကို ပြုလုပ်နေသော သူသည် မိမိ ကိုယ်ကို မိမိ ချစ်ပါသည်ဟု နှုတ်က ပြောဆိုစေကာမူ ထိုလူတို့သည် မိမိကိုယ်ကို မိမိ မချစ်သော လူတို့ ဖြစ်သည်ဟု ဉာဏ်၌ ထင်မြင်ယူဆပါသည်ဟု လျှောက် ထား၏။

၂။ အချို့သော လူတို့သည် ကာယကံဖြင့် ကောင်းမှုကို ပြုကြကုန်၏၊ ဝစီကံဖြင့် ကောင်းမှုကို ပြုကြကုန်၏၊ မနောကံဖြင့် ကောင်းမှုကို ပြုကြကုန်၏။ ထိုလူတို့သည်ကား မိမိကိုယ်ကို မိမိ ချစ်သော သူတို့ ဖြစ်သည်ဟု ဉာဏ်၌ ထင်မြင်ယူဆပါသည်။ ထိုလူတို့က မိမိကိုယ်ကို မိမိတို့ မချစ်ပါဘူးဟု အကယ်၍ နှုတ်က ပြောကြစေကာမူ စင်စစ် ထိုလူတို့သည် မိမိကိုယ်ကို မိမိချစ်သော လူတို့သာလျှင် ဖြစ်ကြပါသည် မြတ်စွာ ဘုရား။

အဘယ့်ကြောင့်ဟူမူ–ချစ်ခင်သော လူတယောက်သည် မိမိနှင့် သင့်မြတ်၍ ချစ်ခင်ရင်းနှီးသော လူ၏ ကောင်းကျိုးစီးပွါးကို ပြုသကဲ့သို့ ထို့အတူ မိမိသည် ပင်လျှင် မိမိ၏ ကောင်းကျိုးစီးပွါးကို ပြုရာရောက်ပါသည်၊ သို့ကြောင့် ကောင်းမှုသုစရိုက်ကို ပြုလုပ်နေသူတို့သည် မိမိကိုယ်ကို မိမိ မချစ်ပါဘူးဟု ဆိုစေကာမူ ထိုလူတို့သည် မိမိကိုယ်ကို မိမိတို့ ချစ်သော လူတို့ ဖြစ်သည်ဟု ဉာဏ်၌ ထင်မြင်ယူဆပါသည်ဟု လျှောက်ထား၏။

ဝေမေတံ မဟာရာဇ, ဝေမေတံ မဟာရာဇ=မင်းကြီး ဟုတ်ပေသည်, မင်းကြီး ဟုတ်ပေသည်ဟူ၍ မြတ်စွာဘုရားက မိန့်တော်မူကာ ထပ်မံဟောကြားတော်မူသည်။ ကောသလမင်းကြီးသည် ယင်းသို့ ဆင်ခြင်ခြင်းသည် အသိဉာဏ်ရှိ၍သာ အမှန်အတိုင်း ဆင်ခြင်မိခြင်းဖြစ်ပေသည်ဟု မှတ်ချက်ချရခြင်း ဖြစ်သည်။

အတ္တရက္ခိတသုတ်၌လည်း မိမိကိုယ်ကို စောင့်ရှောက်သော လူဖြစ် မဖြစ်တို့ကို ဤပိယသုတ်နှင့် အလားတူပင် ဟောတော်မူသည်။

၁။ မကောင်းမှုကို ကာယကံမြောက် ဝီတိက္ကမ မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်းမြတ်၏။

၂။ မကောင်းမှုကို ဝစီကံမြောက် ဝီတိက္ကမ မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်းမြတ်၏။

၃။ မကောင်းမှုကို မနောကံမြောက် ဝီတိက္ကမ မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်းမြတ်၏။

၄။ ကံသုံးပါးလုံးတို့၌ ဝီတိက္ကမ မဖြစ်အောင် စောင့်ထိန်းသော လဇ္ဇီပုဂ္ဂိုလ်ကို မိမိကိုယ်ကို မိမိ စောင့်ထိန်းသော ပုဂ္ဂိုလ်–

ဟူ၍ ဆိုရပေသည်ဟု ဟောတော်မူသည်။

အထက်ပါ အတ္တပိယသုတ်နှင့် အတ္တရက္ခိတသုတ်တို့ကို ဆင်ခြင်၍ မိမိတို့ကိုယ်ကို မိမိတို့ချစ်ရာရောက်အောင် မိမိတို့ကိုယ်ကို မိမိတို့ စောင့်ထိန်းရာရောက်အောင် မကောင်းမှု ကာယကံ, ဝစီကံ, မနောကံ တို့မှ ရှောင်ကြဉ်ကြကုန်ရာသတည်း။

ထိုနောက် ကောသလ မင်းသည် မြတ်စွာ ဘုရား အား မြတ်နိုးကြည်ညိုပုံကို ဆက်လက်လျှောက်ထားသည်မှာ —

ထိုမှတပါးတုံလည်း မြတ်စွာဘုရား....၁၀-နှစ်ပတ်လုံးဋင်း, အနှစ် ၂၀၊ အနှစ် ၃၀၊ အနှစ် ၄၀-တို့ပတ်လုံးဋင်း တရားကို အားထုတ်ကြသော အခြားသော သမဏ ဗြာဟ္မဏတို့ကို မြင်ဘူးပါသည်၊ ထိုသူတို့သည် နောက်အခါ၌ လူ့ဘောင်သို့ ရောက်ကြ၍ ကောင်းစွာ ရေချိုး ဝတ်ရုံ စားသောက်ကြကာ ကာမဂုဏ် အာရုံတို့ကို ခံစားပျော်ပါးလျက် ကာမဂုဏ် အယုတ်တရားတို့၌ ပြန်လည်နစ်မွန်းနေကြပါသည်၊ မြတ်စွာဘုရား၏ သာသနာ့ဓတော်၌ မူကား ရဟန်းတော်တို့သည် အသက်ထက်ဆုံး စင်ကြယ်သော အကျင့်ရှိတော်မူကြသည်ကို မြင်ရပါသည်၊ ဤမြတ်စွာဘုရား၏ သာသနာတော်မှအပ အခြားသော သာသနာ၌ ဤသို့ စင်ကြယ် မြင့်မြတ်သော အကျင့်တရားရှိသည်ကို အနုမာနအားဖြင့် မျှော်မှန်းခြင်းဖြင့် မမြင်ရပါဘုရား။

ထိုမှ တပါးတုံလည်း မြတ်စွာဘုရား....မင်းများ အချင်းချင်း, သူဌေး သူကြွယ်အချင်းချင်း, သားအမိ သားအဘ ညီအစ်ကို မောင်နှမ ဆွေမျိုးဉာတိ မိတ်ဆွေသင်္ဂဟ အချင်းချင်းတို့သည် ငြင်းခုံကြ၊ ခိုက်ရန်ဒေါသဖြစ်ကြ၊ တရားတပေါင်ဖြစ်ကြလျက် မညီမညွတ် မသင့်မတင့် ရှိနေကြပါသည်၊ မြတ်စွာဘုရား၏ သားတော် သံဃာတော် တို့သည်ကား အချင်းချင်း ငြင်းခုံခြင်း, ခိုက်ရန်ဒေါသဖြစ်ခြင်း, တရားတပေါင်ဖြစ်ခြင်း မရှိကြကုန်မူ၍ နွားနို့ နှင့်ရေသည် မကွဲမပြား တသားတည်း ရောယှက်၍ နေဘိသကဲ့သို့ ကွဲပြားဆန့်ကျင်မှု မရှိကြ၊ ချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်လျက် ညီညွတ်ခြင်းရှိကြသည်ကိုသာလျှင် ဖူးမြင်ကြရပါသည်မြတ်စွာဘုရား-ဟု လျှောက်၏။

(လူတို့ အချင်းချင်း မညီညွတ်ကြခြင်းသည် ကာမဂုဏ် အာရုံတို့ကြောင့် ဖြစ်ကြပေသည်၊ ကာမဂုဏ် အာရုံကင်းသလောက် ညီညွတ်ချမ်းသာမှုကို ရတတ်ကြသည်၊ ရဟန်းသံဃာတော်တို့သည် ကာမဂုဏ်၏ အပြစ်ကိုမြင်၍ တတ်နိုင်သမျှ ကာမဂုဏ်ကို ပယ်ကြသောကြောင့်(တနည်း)ကာမဂုဏ်ကို တပ်မက်မောသည့် တဏှာလောဘကို ရန်သူအနေဖြင့် မြင်ကာ တဏှာကို ပယ်ရှားကြသောကြောင့် ကာမဂုဏ်၌ လိုလားခြင်း, သာယာနှစ်သက်ခြင်း မရှိကြ၊ အပြစ်အာဒီနဝကိုသာ မြင်ကြသောကြောင့် ကာမဂုဏ်ကို အကြောင်းပြု၍ဖြစ်သော ငြင်းခုံခြင်း, ခိုက်ရန်ဒေါသ ဖြစ်ခြင်း, ကွဲပြားခြင်းတို့မှ ကင်းလွတ်၍ ညီညွတ်

ငြိမ်းချမ်းစွာ နေတော်မူနိုင်ကြခြင်းဖြစ်သည်။ ကာမ ဂုဏ်ကို သားတစ်နှင့်တူသည်ဟု မိသပေသူပမာဖြင့် မြတ်စွာဘုရား ဟောတော်မူသည်။ ထို့ပြင် အကြင် အကြင်ကာမဂုဏ်ကို ပယ်စွန့်နိုင်၏၊ ပယ်စွန့်နိုင်သော ကာမဂုဏ်မှဖြစ်သော ချမ်းသာကို ရ၏၊ ကာမဂုဏ် အားလုံးကို စွန့်နိုင်မှ ချမ်းသာအားလုံးကို ရသည် ဟူ၍လည်း ဘုရားဟောတော်မူသည်။ ရဟန်းတော် များသည်ကား ကာမဂုဏ်ကို ပယ်နိုင်ကြောင်း တရားကို အားထုတ်ဆဲ ပုဂ္ဂိုလ်တို့လည်း ရှိကြသည်၊ ကာမဂုဏ်ကို ပယ်နိုင်ကြောင်း တရားကို ရရှိပြီးသော ပုဂ္ဂိုလ်တို့လည်း ရှိကြသည်ဖြစ်သောကြောင့် အချင်း ချင်း ညီညွတ် စည်းလုံးကာ စိတ်အေးချမ်းသာစွာ နေတော်မူနိုင်ကြပေသည်။)

ကောသလမင်းကြီးက ဆက်၍ လျှောက်ပြန်သည်မှာ— ထို့မှတပါးတုံလည်း မြတ်စွာဘုရား....မြတ်စွာဘုရား၏ သာသ နာတော်မှအပဖြစ်သော သမဏ ဗြာဟ္မဏတို့သည်ကြုံလှီသော ကိုယ်, ခေါင်းပါးသောကိုယ်, အကြောပြိုင်းပြိုင်းထသောကိုယ်, အဆင်းမလှသောကိုယ် ရှိကုန်သည်ဖြစ်၍ မြင်ရသူတို့၏ ကြည် ညိုစိတ်ကို မဖြစ်နိုင်ကြ၊ မဆွဲဆောင်နိုင်သည်တို့ကို တွေ့မြင်ရ ပါသည်၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်တို့သည် မူကား အားရနှစ်သက်ဖွယ် မြတ်သောတရားထူးကို ရရှိတော် မူကြသည်ဖြစ်၍ အလွန်ရွှင်လန်း တက်ကြွပြည့်ဖြိုးကြည်လင် သော ဣန္ဒြေရှိကြကုန်သည်ဖြစ်၍ မာန်မာနကိုချမှသော စိတ်

ဖြင့် ချမ်းသာမွေ့လျော်စွာ သီတင်းသုံးနေတော်မူကြသည်ကို ကြည်ညိုစွာ ဖူးမြင်ကြရပါသည်ဘုရား။

(တရားကို နှလုံးသွင်းနိုင်ရုံ့ ခန္ဓာကိုယ်မျှတရုံသာ လျှင် ဆွမ်းစသော အာဟာရကို မှီဝဲ၍ လောဘမီး, ဒေါသမီး, မာနမီးစသော ကိလေသာမီးတို့ကို ငြိမ်း စေကြောင်းဖြစ်သော သူတော်ကောင်းတရားကို ပွါး များ ဆင်ခြင်သော ရဟန်းတော်များ, ကိလေသာ အာသဝေါတရားတို့ ကုန်ငြိမ်းပြီးဖြစ်သော ရဟန်း သံဃာတော်များဖြစ်တော်မူကြသောကြောင့် ကြည် လင်သော ဣန္ဒြေတို့ဖြင့် စိတ်အေးချမ်းသာ သီတင်း သုံးနေတော်မူကြခြင်း ဖြစ်သည်။)

ထိုမှတပါးတုံလည်း မြတ်စွာဘုရား .... ဒကာတော်သည် အဘိသိက်ခံယူသော မင်းဖြစ်သည့်ပြင် သက်ဦးဆံပိုင်သော မင်း, သတ်စေအစရှိသော အာဏာပိုင်သော မင်းဖြစ်ပါလျက် တရားခွင်၌ တရားစီရင်နေစဉ် အကြားအကြား၌ လူတို့သည် ကြားဝင်၍ စကားပြောကြပါသည်၊ ထိုလူတို့ကို 'အိုအချင်း တို့....တရားစီရင်ဆုံးဖြတ်နေသောအခါ၌ ငါကိုယ်တိုင် ထိုင် လျက်ရှိစဉ်တွင် ကြားဝင်၍ စကားမပြောကြပါနှင့်'ဟု တား မြစ်သော်လည်း တားမြစ်၍မရပါ၊ မလိုက်နာကြပဲ စကား ပြောမြဲ ပြောကြပါသည် မြတ်စွာဘုရား။

မြတ်စွာဘုရား....မြတ်စွာဘုရား၏ သာသနာတော်၌ အရေ မများသော ပရိသတ်တွင် ရဟန်းတော်များသည် မြတ်စွာ ဘုရား တရားဟောတော်မူသောအခါ ချေဆတ်သံ, ချောင်း

ဟန့်သံမျှမရှိ၊ ငြိမ်သက်သောဣန္ဒြေဖြင့် တရားတော်ကို နာယူကြသော သံဃာတော်များကို မျက်မြင်ဖူးတွေ့ရပါသည်ဘုရား၊ မြတ်စွာဘုရားသည် ဒုတ်ခေးစသော လက်နက်များကို မကိုင်ဆောင်ပါပဲလျက် တပည့်သားသံဃာများအား ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတော်မူနိုင်ပါပေသည် အရှင်ဘုရား။ မြတ်စွာဘုရား၏ သာသနာတော်မှတပါး ယင်းကဲ့သို့ ဆုံးမအပ်သော ပရိသတ်ကို ဒကာတော် မမြင်ရဘူးပါ အရှင်ဘုရား။

(တပည့်သား သံဃာများမှစ၍ သတ္တဝါတို့၏ အကျိုး စီးပွါးကိုသာ အလွန် လိုလားတော်မူသော မေတ္တာတော်, ကရုဏာတော်ရှင် ဖြစ်တော်မူသော ကြောင့်ရင်း၊ တရားတော်၏ သဘာဝက ငြိမ်းအေးသော သဘောရှိသောကြောင့်ရင်း၊ "သဗ္ဗလောက-ဂရုဘာဝပ္ပတ္တိဟေတုဘူတော သမ္မာဝါယာမသင်္ခါ-တော ပယတ္တော"ဟူသောအဋ္ဌကထာနှင့်အညီ လူ နတ် ဗြဟ္မာတို့၏ အလေးဂရုပြုအပ်သည်၏ အဖြစ်သို့ရောက်ကြောင်း သမ္မာဝါယာမဟုဆိုအပ်သော ပယတ္တ ဘုန်းတော်နှင့် ပြည့်စုံသည် ဖြစ်၍ အားကောင်းသော သမာဓိရှင် ဖြစ်တော်မူသောကြောင့်ရင်း တပည့်သား သံဃာများသည် မြတ်စွာဘုရားအား အလွန်လေးစားရိုသေကြခြင်း ဖြစ်သည်။)

ထိုမှတပါးတုံလည်း မြတ်စွာဘုရား....သိမ်မွေ့ ထက်မြက်သော ဉာဏ်အမြင်နှင့်တကွ ဗဟုသုတ ကြွယ်ဝများပြားကုန်သော မင်းပညာရှိ, ဗြာဟ္မဏပညာရှိ, သူကြွယ်ပညာရှိတို့သည် မြတ်စွာဘုရားအား ဝါဒတင်ရန် အမေးပုစ္ဆာ ပြဿနာတို့ကို

စိရင်ပြုလုပ်ကြပါသည်၊ ငါတို့က ဤသို့မေးလျှင် ရှင်ဂေါတမက ဤသို့ ဖြေလိမ့်မည်၊ ထိုအခါ ငါတို့၏ ကျော့ကွင်းအတွင်းသို့ ရောက်လာမည်ဖြစ်၍ ဤသို့သောဝါဒကို တင်ကြမည်။ နောက်တဖန်–ငါတို့က ဤသို့မေးလျှင် ရှင်ဂေါတမက ဤသို့ ဖြေရပေလိမ့်မည်၊ ဤသို့ဖြေလျှင် ဤသို့သော ဝါဒကိုတင်မည်၊ (ဝါဒဖြင့် အမှားဖမ်းကြမည် ဆိုလိုသည်။) ယင်းသို့လျှင် အမေးပုစ္ဆာပြဿနာများကို စီစဉ်ပြုလုပ်၍ မြတ်စွာဘုရားထံ သွားရောက်ကြပါမည်ဘုရား။

ထိုသူတို့သည် မြတ်စွာဘုရား၏ ရှေ့တော်သို့ ရောက်ကြလျှင် မြတ်စွာဘုရား ဟောကြားတော်မူသော တရားစကားတော်များကို ကြားနာကြရသောအခါ ကျေနပ်နှစ်သက်ဝမ်းမြောက်ကြသည် ဖြစ်၍ အမေးပုစ္ဆာ ပြဿနာများကိုလည်း မမေးနိုင်ကြ, ဝါဒတင်ခြင်းကိုကား အဘယ်မှာလျှင် ပြုလုပ်နိုင်ကြတော့မည်နည်း၊ထိုသူတို့တွင် အချို့သောသူတို့သည် မြတ်စွာဘုရား၏ တပည့်သာဝက ဥပါသကာအဖြစ်သို့ သော်လည်း ရောက်ကြကုန်သည်ကိုရင်း, မြတ်စွာဘုရား၏ တပည့်သား ရဟန်းအဖြစ်သို့ ရောက်ကြကုန်သည်ကိုရင်း ဒကာတော်တွေ့မြင်ရပါသည် အရှင်ဘုရား-ဟု လျှောက်၏။

(ဤနေရာ၌ ဝါဒတင်သော ဝတ္ထုကလေးများ ဖော်ပြသင့်၍ ပြဦးအံ့။)

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဖြစ်၏၊ နာဋပုတ္တနိဂဏ္ဍ၏ ဒကာဖြစ်သော အဘယမင်းသားသည် နာဋပုတ္တနိဂဏ္ဍထံ သွားရောက်ရှိခိုးလေသည်။ ထိုအခါ နာဋပုတ္တနိဂဏ္ဍဆရာကြီးက အဘယ

မင်းသားအား ဤသို့ ပြော၏– "မင်းသား....သင်သည် ရှင်ဂေါတမထံ သွား၍ ဝါဒတင်လေ၊ ယင်းသို့ ဝါဒတင်လျှင်– 'လောကမှာ ဤမျှတန်ခိုးကြီးသော, ဤမျှအာနုဘော်ကြီးသော ရှင်ဂေါတမကိုပင် အဘယမင်းသားသည် ဝါဒတင်နိုင်ပါပေသည်'ဟု သင်သည် ကျော်ကြားထင်ရှားခြင်းသို့ ရောက်လိမ့်မည်"ဟု တိုက်တွန်းကာ ပြော၏။

အရှင်ဘုရား.... ဤမျှ လောက၌ ထင်ရှား ကျော်ကြား၍ တန်ခိုးအာနုဘော်ကြီးမားသော ရှင်ဂေါတမကို တပည့်တော် ဘယ်လို ဝါဒတင်နိုင်ပါမည်လဲဟု ဆိုလျှင်– မင်းသား ရှင်ဂေါတမထံ သွားပြီးကာလ ဤသို့ပြောလော၊ ဘယ်လိုပြောရမည်လဲဆိုလျှင် "မြတ်စွာဘုရား .. မြတ်စွာဘုရားသည် သူတပါးတို့ မနှစ်သက်သောစကား, စိတ်နှလုံးကို မပွါးစေသောစကားကို ပြောပါသလား" ဟု မေးလေ၊ သည်လိုမေးသောအခါ ရှင်ဂေါတမ-က "မင်းသား ပြောပေရာ၏"ဟု ဖြေလျှင် သင်က သည်လိုပြောလေ——

မြတ်စွာဘုရား.... မြတ်စွာဘုရားသည် သူတပါးတို့ မနှစ်သက်သောစကား, စိတ်နှလုံးကို မပွါးစေသောစကားကို ပြောသည်ဆိုလျှင် မြတ်စွာဘုရားသည် ပုထုဇန်နှင့် မည်သို့ထူးခြားပါသေးသနည်း၊ ပုထုဇန်သည်လည်း သည်စကားမျိုးကို ပြောသည်ပင် မဟုတ်ပါလော-ဟု တင်လေ။

ရှင်ဂေါတမက "မင်းသား.... ငါသည် သူတပါးတို့ မနှစ်သက်သော စကား, စိတ်နှလုံးကို မပွါးစေသော စကားမျိုးကို မပြောပေဘူး"ဟု ဆိုလျှင် သင်မင်းသားက သည်လိုတင်လေ "မြတ်စွာဘုရား....ထို စကားမျိုးကို မပြောပါဟုဆိုလျှင်

အဘာယ့်ကြောင့် ဒေဝဒတ်သည် အပါယ်ကျမည့်သူ ဖြစ်သည်၊ ငရဲကျမည့်သူ ဖြစ်သည်၊ ငရဲ၌ တကမ္ဘာပတ်လုံး တည်မည့်သူ ဖြစ်သည်၊ ဒေဝဒတ်သည် ကုစား မရသောသူ ဖြစ်သည်-ဟု ပြောဆိုပါသနည်း၊ ထိုသို့ပြောဆိုခြင်းကြောင့် ဒေဝဒတ်သည် စိတ်ဆိုးခြင်း, နှလုံးမသာခြင်းဖြစ်သည် မဟုတ်ပါလော"ဟု ဝါဒတင်လေ။

မင်းသား.... အစွန်း နှစ်ဘက်ထွက်သော ဤပြဿနာကို မေးသဖြင့် ရှင်ဂေါတမသည် နှစ်ဘက်အစွန်း လွတ်၍ အပြစ်ကင်းအောင် ဖြေဆိုနိုင်မည်မဟုတ်၊ ဥပမာပြရလျှင် ငါးမျှား ချိတ်ကဲ့သို့သော သံချောင်းကောက်ကို မျိုမိသောသူသည် ယင်း သံကောက်ကို အန်ထုတ်ခြင်းငှါလည်း မတတ်နိုင်၊ မျိုချခြင်းငှါလည်း မတတ်နိုင်သကဲ့သို့ ထို့အတူ ရှင်ဂေါတမသည် နှစ်ဘက်စွန်းလွတ်အောင် ဖြေနိုင်မည်မဟုတ်ပေ-ဟု ညွှန်ကြား တိုက်တွန်းခြင်းကြောင့် အဘာယ မင်းသားသည် ကောင်းပါပြီ၊ သွားပါမည်ဝန်ခံ၍ နာဋပုတ္တနိဂဏ္ဌဆရာကြီးကို ရှိခိုး၍ မြတ်စွာဘုရားထံသို့ သွားကာ ရှိခိုး၍ထိုင်နေပြီးနောက် နေကို မော်ကြည့်သောအခါ ယနေ့ ပြဿနာ မေး၍ ဝါဒတင်လျှောက်ရန် အချိန်မရှိပြီ၊ မြတ်စွာဘုရားကို နက်ဖြန်မှ အိမ်သို့ ဆွမ်းစားပင့်၍ ဆွမ်းကပ်ပြီးမှ ဝါဒတင်မည်ဟု ကြံ၍ မြတ်စွာဘုရားနှင့်တကွ သံဃာ ၄-ပါး နက်ဖြန် နံနက် ဆွမ်းဘုဉ်းပေးကြွရန် ပင့်ပြီး အိမ်သို့ ပြန်လေသည်။

နက်ဖြန် နံနက် ပစ္ဆာသမဏ ရဟန်းတော် ၃-ပါးနှင့်တကွ မြတ်စွာဘုရား အဘာယမင်းသားအိမ်သို့ ကြွ၍ ဆွမ်းကပ်လှူ

ပြီးလျှင် အဘယမင်းသားသည် မြတ်စွာဘုရားအား ဝါဒ တင်ရန် ပြဿနာကို မေးလျှောက်၏။

"မြတ်စွာဘုရား... မြတ်စွာဘုရားသည် သူတပါးတို့ မနှစ်သက်သော စကား, စိတ်နှလုံးကို မပွါးစေသော စကားမျိုးကို ပြောတော်မူပါသလား" ဟု လျှောက်၏။

"မင်းသား .. သည်စကားမျိုးကို ကေန်တထစ်ချအားဖြင့် ငါ မဖြေကြားနိုင်ပေ" ဟု မြတ်စွာဘုရား မိန့်တော်မူလျှင် "မြတ်စွာဘုရား....ဤ ပြဿနာ၌ နိဂဏ္ဍတို့သည် ပျက်စီးကြ, ဆုံးရှုံးကြလေကုန်ပြီ" ဟု လျှောက်၏။

မြတ်စွာဘုရားက "မင်းသား.... ဤ ပြဿနာ၌ နိဂဏ္ဍ တို့သည် ပျက်စီးကြ, ဆုံးရှုံးကြလေပြီ" ဟု အဘယ့်ကြောင့် ဆိုသနည်းဟု မေးရာ—

နာဋပုတ္တနိဂဏ္ဍဆရာကြီးက ဝါဒတင်ရန် အဘယမင်းသားကို သင်ကြား၍ စေလွှတ်လိုက်ပုံ အခြင်းအရာ အလုံးစုံကို မြတ်စွာဘုရားအား ပြန်လည် လျှောက်ထားလေသည်။ ယင်းသို့ လျှောက်သော အခါ၌ အဘယမင်းသားသည် မိမိရင်ခွင်ပေါ်၌ ပက်လက်အိပ်နိုင်ရုံရှိသော နို့စို့ကလေးငယ်ကို ချီပွေ့ထားလျက် ရှိ၏။

မြတ်စွာဘုရားသည် မင်းသား....သင် မင်းသားကိုယ်တိုင် သတိမေ့ကာ အမှတ်မဲ့နေသောအခါ၌ဖြစ်စေ, အထိန်းတော်များ သတိမေ့လျော့ကာ အမှတ်မဲ့နေသောအခါ၌ ဖြစ်စေ ဤကလေးသည် သစ်သားချောင်းကို ဖြစ်စေ, အိုးခြမ်းကွဲကို

ဖြစ်စေ ပါးစပ် (ခံတွင်း) သို့ ထည့်လိုက်လျှင် ထိုကလေးကို ဘယ်သို့ ပြုလုပ်ကြမည်နည်း။

မြတ်စွာဘုရား.... မြင်သည်နှင့်တပြိုင်နက် ပါးစပ်ထဲမှ ဆွဲထုတ်ပစ်ကြပါမည်၊ အကယ်၍ လွယ်လွယ်နှင့် ထုတ်၍ မရလျှင် ဦးခေါင်းကို ကိုင်ပြီး လက်ညှိုးကို ကောက်၍ လည်ချောင်း၌ သွေးလွှက်စေကာမူ အတင်းဆွဲထုတ်ကြပါမည်ဘုရား၊ အဘယ့်ကြောင့် ဤကဲ့သို့ ပြုလုပ်ကြရသနည်းဟူမူ ခလေးကို သနားခြင်းကြောင့် ဖြစ်ပါသည်ဘုရား-ဟု မင်းသားက လျှောက်သောအခါ—

မြတ်စွာဘုရားက မင်းသား....ဤကဲ့သို့ပင် ငါဘုရားသည်လည်း သတ္တဝါတို့ကို သနားခြင်းကရုဏာ ရှိတော်မူသည်။

၁။ မင်းသား....အကြင်စကားသည် ဟုတ်မှန်ခြင်းလည်း မရှိ၊ အကျိုးစီးပွါးလည်း မရှိ၊ သူတပါးတို့သည်လည်း မနှစ်သက် မလိုလားကြကုန်၊ ထိုစကားမျိုးကို ငါဘုရား ပြောတော်မမူ။

၂။ အကြင် စကားသည် ဟုတ်မှန်ကား ဟုတ်မှန်၏၊ အကျိုးစီးပွါးမူကား မရှိ၊ သူတပါးတို့သည်လည်း မနှစ်သက် မလိုလားကြကုန်၊ ထိုစကားမျိုးကိုလည်း ငါဘုရား ပြောတော်မမူ။

၃။ အကြင်စကားသည် ဟုတ်လည်း ဟုတ်မှန်၏၊ အကျိုးစီးပွါးလည်း ရှိ၏၊ တပါးသောသူတို့ကား မနှစ်သက် မလိုလားကြကုန်၊ ထိုစကားမျိုးကို ငါဘုရားသည် ပြောသင့်သောအခါကို သိ၍ ပြောတော်မူသည်။

၄။ အကြင်စကားသည် မဟုတ်မမှန်၊ အကျိုးစီးပွါးလည်း မရှိ၊ တပါးသော သူတို့သည်ကား နှစ်သက်လိုလား ကြကုန်၏။ ထိုစကားမျိုးကို ငါဘုရား ပြောတော် မမူ။

၅။ အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးစီးပွါးမူကား မရှိ၊ တပါးသောသူတို့သည်ကား နှစ်သက်လိုလားကြ ကုန်၏၊ ထိုစကားမျိုးကိုလည်း ငါဘုရား ပြောတော် မမူ။

၆။ အကြင်စကားသည် ဟုတ်လည်း ဟုတ်မှန်၏၊ အကျိုး လည်း ရှိ၏၊ တပါးသောသူတို့သည်လည်း နှစ်သက် လိုလားကြကုန်၏၊ ထိုစကားမျိုးကို ပြောသင့်သော အခါကို သိ၍ ပြောတော်မူသည်။

အဘယ့်ကြောင့်ဟူမူ "မင်းသား....ငါဘုရားသည် သတ္တဝါတို့ အပေါ်၌ သနားတော်မူသောကြောင့် ဖြစ်သည်"ဟု ဟော တော်မူလေသည်။

အဘယမင်းသားက ဆက်လက်၍ လျှောက်ထားသည်မှာ မင်းပညာရှိ၊ ပြာဟ္မဏပညာရှိ၊ သူကြွယ်ပညာရှိ၊ ရဟန်း (သာသနာပ ရဟန်း) ပညာရှိတို့ အမေးပုစ္ဆာ ပြဿနာများ မေးလျှောက်လာသောအခါ ဤသူတို့ ဤလိုမေးလျှင် ဤကဲ့ သို့ဖြေမည်ဟု ကြိုတင်၍ ကြံစည် စဉ်းစားထားပါသလော၊ သို့မဟုတ် မေးလျှောက်လာသောအခါမှ အခြေအနေ အား လျော်စွာ ဖြေကြားတော်မူပါသလောဟု မေးလျှောက်ရာ—

"မင်းသား.... သည်အမေးပြဿနာနှင့် စပ်၍ သင့်ကိုပင် ငါမေးဦးအံ့၊ သင်သဘောကျသလို ဖြေပါ"ဟု မိန့်ကြားကာ မင်းသား....သင်သည် ရထား၏ အစိတ်အပိုင်း ပစ္စည်းတို့၌ သိရှိနားလည်သလော၊ နားလည်ပါသည် အရှင်ဘုရား။ တစုံ တယောက်သောသူက အသင့်အား ရထား၏ အစိတ်အပိုင်း ပစ္စည်းကို သည်ဟာ ဘာခေါ်ပါသလဲ စသည် မေးလာခဲ့လျှင် သင်သည် ရှေးဦးကပင် ကြိုတင်၍ ဖြေဆိုရန် ကြံစည်စဉ်းစား ထားပါသလော၊ သို့မဟုတ် မေးလာသောအခါမှ အမေး အားလျော်စွာ ဖြေကြားသလောဟု မေးတော်မူလျှင် ကြိုတင် ကြံစည်စဉ်းစားထားသည်မဟုတ်၊ မေးလာမှသာ အမေးအားလျော်စွာ ဖြေကြားမည်ဖြစ်ပါသည်ဟု လျှောက် ထားသောအခါ "မင်းသား...ဤနည်းတူပင် ငါဘုရားသည် မေးလျှောက်လာသောအခါမှ အခြေအနေ အားလျော်စွာ ဖြေကြားပေသည်"ဟု မိန့်တော်မူလေသည်။

ဤသို့ မိန့်တော်မူလျှင် အဘယမင်းသားသည် အလွန် နှစ်သက်သည်ဖြစ်၍ "ယနေ့မှစ၍ အသက်ထက်ဆုံး မြတ်စွာ ဘုရားအား ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ ဘုရား"ဟု လျှောက်ထားကာ တပည့်သာဝကအဖြစ်သို့ ရောက် လေတော့သည်။

## ဥပါလိသူဌေး သောတာပန်ဖြစ်ခြင်း

သူဌေးဥပါလိ ဝါဒတင်ခြင်းကိုကား လိုရင်းကိုသာ ချုံး၍ ပြမည်။ ဥပါလိသည် နာဠန္ဒမြို့၌ ထင်ရှားသော သူဌေး တယောက်ဖြစ်၏၊ နာဋပုတ္တနိဂဏ္ဌဆရာကြီး၏ တပည့်ဒကာ ရင်း ဖြစ်၏။

မြတ်စွာဘုရားသည် ၁–ကာယကံ၊ ၂–ဝစီကံ၊ ၃–မနောကံ ဟူ၍ ကံ ၃-ပါး ဟောတော်မူသကဲ့သို့ နာဋပုတ္တနိဂဏ္ဌဆရာကြီးသည် ၁–ကာယဒဏ္ဍ၊ ၂–ဝစီဒဏ္ဍ၊ ၃–မနောဒဏ္ဍ-ဟူ၍ ဒဏ် ၃-ပါး ပညတ်ဟောပြောသည်။

မြတ်စွာဘုရား ဟောသော ကံ ၃-ပါးတို့တွင် မကောင်းမှုအရာ၌ မနောကံသည် ကြီးလေးသော အပြစ်ရှိသည်ဟု မြတ်စွာဘုရား ဟောတော်မူ၏။

နိဂဏ္ဌဆရာကြီးကမူ ဒဏ် ၃-ပါးတို့တွင် ကာယဒဏ်သည် ကြီးလေးသော အပြစ်ရှိသည်ဟု ဟောပြော၏။

သို့ကြောင့် နာဋပုတ္တနိဂဏ္ဌဆရာကြီးက ကာယဒဏ်သာလျှင် အပြစ်ကြီးလေးကြောင်းဖြင့် ဝါဒတင်ရန် ဥပါလိသူဌေးကို မြတ်စွာဘုရားထံတော်သို့ စေလွှတ်လိုက်၏။ ဥပါလိသူဌေး မေးလျှောက်လိုက်လျှင် ရှင်ဂေါတမ မဖြေနိုင်ပဲ ငိုင်သွားပေလိမ့်မည်ဟု ကြိမ်းဝါးကာ သွား၏။

မြတ်စွာဘုရားထံရောက်၍ မေးသောအခါ မြတ်စွာဘုရားက ဥပါလိကို ဤသို့ မေး၏—

သူဌေး… ငါပြောမည့်စကားကို သင် ဘယ်သို့ ထင်သနည်း၊ နာဋနွှမ်မြို့၌ နိဂဏ္ဌတယောက်သည် ပြင်းပြသော ရောဂါဝေဒနာကို ခံစားနေရသည် ဆိုပါတော့၊ နိဂဏ္ဌသည် ရေအေးကို ပယ်၍ ရေနွေးကိုသာလျှင် သုံးဆောင်သည်လည်း ဖြစ်၏၊ ထိုနိဂဏ္ဌသည် ရေအေးကို မရသောကြောင့် မသုံးရသောကြောင့် သေလွန်ရာ၏၊ ဤနိဂဏ္ဌ၏ လားရာဂတိကို

နာဠပုတ္တနိဂဏ္ဌဆရာကြီးက ဘယ်ဘုံသို့ လားသည် ရောက်သည်ဟု ဆိုပါသနည်း-ဟု မြတ်စွာဘုရားက မေးတော်မူသည်။

အရှင်ဘုရား....မနောသတ္တအမည်ရှိသော နတ်များ ရှိပါသည်၊ ထိုမနောသတ္တနတ်ပြည်၌ ဖြစ်သည်၊ မနောသတ္တနတ်ဘုံသို့ ရောက်သည်ဟု ပြောဟောပါသည်။ ဘာ့ကြောင့် မနော-သတ္တနတ်ဘုံသို့ ရောက်ပါသနည်းဆိုလျှင် ထိုနိဂဏ္ဌသည် စိတ်စွဲလမ်း၍ သေသောကြောင့် ဖြစ်ပါသည်ဟု ဖြေလျှင် မြတ်စွာဘုရားက "သူဌေး....သတိပြု၍ ပြောလော့၊ သင်၏စကားသည် ရှေ့နောက် မညီပဲ ဖြစ်ဘိ၏"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားက ဆက်လက်၍ ယခုငါပြောမည့်စကားကိုသင် ဘယ်သို့ ထင်မြင်သနည်း— နာဠပုတ္တနိဂဏ္ဌဆရာကြီးသည် စောင့်စည်းခြင်း ၄-မျိုးတို့ဖြင့် စောင့်စည်းကာနေ၏၊ အလုံးစုံသော ရေအေးကိုပယ်၏၊ အလုံးစုံသော မကောင်းမှုတားမြစ်ခြင်းကို အားထုတ်၏၊ အလုံးစုံသော မကောင်းမှုကိုတားမြစ်ခြင်းဖြင့် ပြန့်နှံ့ထိတွေ့၏။ ထိုနာဠပုတ္တနိဂဏ္ဌ ဆရာကြီးသည် ရှေ့သို့ရင်း, နောက်သို့ရင်း စင်္ကြံလျှောက်သောအခါ များစွာသော ပိုးမွှားသတ္တဝါငယ်များကို နင်းမိ၍ သေကျေ ပျက်စီးခြင်းသို့ ရောက်စေ၏။ သူဌေး....ယင်းသို့ သေကျေ ပျက်စီးခြင်းသို့ ရောက်စေရာ၌ သူ၏အကျိုးကို အဘယ်ကဲ့သို့ ပညတ် ဟောပြောသနည်း-ဟု မေးတော်မူ၏။ အရှင်ဘုရား…စေ့ဆော်ခြင်း စေတနာ မရှိသည်ဖြစ်၍ ကြီးလေးသော အပြစ်မရှိဟု ပညတ်ဟောပြောပါသည်-ဟု ဖြေကြားလျှောက်ထား၏။

သူဌေး....အကယ်၍ စေတနာ ရှိသည်ဖြစ်အံ့၊ အဘယ်သို့ ဖြစ်သနည်း-ဟု မေးတော်မူလျှင် "အရှင်ဘုရား.... ကြီးလေးသောအပြစ်ရှိပါသည်"ဟု ဖြေကြား လျှောက်ထားလျှင် သူဌေး.... သတိပြုဆင်ခြင်၍ ပြောလော့၊ သင်၏စကားသည် ရှေ့နောက်မညီပဲ ရှိဘိ၏။

မြတ်စွာဘုရားသည် တဖန်ဆက်လက်၍ သူဌေး....ယခု ငါ ပြောမည့်စကားကို သင်ဘယ်သို့ ထင်မြင်သနည်း— ဤနာဠန္ဒမြို့သည် စည်ပင် ဝပြောသာယာ၍ များစွာသော လူတွေ ရှိကြသည်မဟုတ်လော-ဟု မေးလျှင် ဉပါလိက မှန်ပါသည်ဘုရား-ဟု ဖြေကြား၏။ သူဌေး....ယောကျ်ားတယောက်သည် ဓားသန်လျက်ကို စွဲကိုင်ကာ ဆောက်လာ၍ ငါသည် နာဠန္ဒမြို့၌ရှိသော လူတွေကို တခဏချင်းအတွင်း၌ အသားစု အသားတုံး တလင်းဖြစ်အောင် ခုတ်သတ်မည်ဟု ပြောဆိုရာ၏၊ သူဌေး....ထိုယောကျ်ားသည် သူပြောသည့်အတိုင်း နာဠန္ဒတမြို့လုံးက လူတွေကို တခဏချင်း အချိန်ကာလ အတွင်း၌ အသားစု အသားတုံး တလင်းဖြစ်အောင် ခုတ်သတ်နိုင်ပါမည်လော-ဟု မေးတော်မူကာလ "အရှင်ဘုရား.... ယောကျ်ားတယောက်မက ၁၀၊ ၂၀၊ ၃၀၊ ၄၀၊ ၅၀- ဖြစ်ပါစေ ခုတ်သတ်ကြသော်လည်း တခဏချင်းဖြင့် အသားစု အသားတုံးဖြစ်အောင် တတ်နိုင်မည် မဟုတ်ပါဘုရား၊ တယောက်တည်းသော ယောကျ်ားသည်ကား အဘယ်မှာ တတ်နိုင်ပါမည်နည်း"ဟု ဖြေကြားလျှောက်ထား၏။

သူဌေး....တန်ခိုးရှိသော စိတ်ကိုနိုင်နင်းသော သမဏသော်၎င်း၊ ဗြာဟ္မဏသော်၎င်း ရောက်လာကာ နာဠန္ဒမြို့ကို တခဏ

ချင်းဖြင့် ပြာကျအောင် ပြုလျှင် ဖြစ်နိုင် ပါမည်လော-ဟု မေးတော်မူ၏။ မြတ်စွာဘုရား....တန်ခိုးရှိသော စိတ်ကိုနိုင် နင်းသော သမဏဗြာဟ္မဏတို့သည် နာဠိဒ္ဓမြို့ကဲ့သို့သောမြို့မျိုး ၁၀၊ ၂၀၊ ၃၀၊ ၄၀၊ ၅၀- ဖြစ်စေကာမူ တခဏချင်းဖြင့် ပြာ ကျအောင်ပြုလုပ်နိုင်ပါသည်–ဟုလျှောက်ထားလျှင် သူဌေး.... သတိပြု ဆင်ခြင်၍ ပြောလော့၊ သင့်စကားသည် ရှေ့နောက် မညီညွတ်ပဲရှိဘိ၏-ဟု မိန့်တော်မူလေသည်။

သူဌေး.... ငါပြောမည့်စကားကို အဘယ်သို့ ထင်မြင် သနည်း–သင်သည် ဒဏ္ဍကီတော, ကာလိင်္ဂတော, မဇ္ဈတော, မာတင်္ဂတော တို့ တော ဖြစ်သောအကြောင်းကို ကြားဘူး ပါသလော၊ အရှင်ဘုရား ကြားဘူးပါသည်။ သူဌေး ဘယ် ကဲ့သို့ ကြားဘူးသနည်း—ဒဏ္ဍကီတိုင်း, ကာလိင်္ဂတိုင်း, မဇ္ဈ- တိုင်း, မာတင်္ဂတိုင်း တို့သည် အဘယ့်ကြောင့် တောအတိ ဖြစ်သွားခဲ့ဘူးသည်ကို ကြားသိဘူးပါသနည်း-ဟု မေးတော် မူ၏။ အရှင်ဘုရား....တန်ခိုးကြီးသော စိတ်ကို နိုင်နင်းသော ရသေ့တို့ အမျက်ထွက် စိတ်ဆိုးခြင်းကြောင့် ဒဏ္ဍကီ စသော တိုင်းပြည်များ တောဖြစ်သွားဘူးသည်–ဟု ကြားသိရဘူးပါ သည်ဟု လျှောက်ထားလျှင် သူဌေး.... သတိပြု ဆင်ခြင်၍ ပြောလေ၊ သင်၏စကားသည် ရှေ့နောက် မညီညွတ်ပဲ ရှိဘိ ၏-ဟု မိန့်တော်မူ၏။

ထိုအခါ ဥပါလိ သူဌေးသည် ဤသို့လျှောက်ထားလေ သည်—

"မြတ်စွာဘုရား.... မြတ်စွာဘုရား မိန့်ကြားတော် မူသော ရှေးဦးစွာသော ဥပမာဖြင့်ပင်လျှင် နှစ်သက်

ဝမ်းမြောက် နေပါပြီ၊ မြတ်စွာဘုရား၏ ဆန်းကြယ်သော ဉာဏ်တော်ဖြင့် မိန့်ကြားသော စကားတော်တို့ကို ကြားနာလိုက်ရ၍ သာ စောဒကတက်နေခြင်းဖြစ်ပါသည်။ ယနေ့ကစ၍ ဘုရား၊ တရား၊ သံဃာအား ဆည်းကပ်သော ဥပါသကာအဖြစ် မှတ်တော်မူပါ”——

ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ဆက်လက်၍ တရားစကား ဟောပြောတော်မူရာ ဒိဋ္ဌိဗိစိကိစ္ဆာတို့မှ ကင်းလွတ်သော သောတာပတ္တိ မဂ်ဖိုလ်သို့ ဥပါလိသူဌေး ရောက်ရှိလေတော့သည်။ ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရသော အကျိုးကျေးဇူးသည် ကြီးမားလှပေသည်။

အဘယမင်းသား၊ ဥပါလိသူဌေး စသော ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ကောသလမင်းကြီးက မြတ်စွာဘုရားထံ ဝါဒတင်၍ အမှားဖမ်းရန် လာကြသော သူတို့သည် နောက်ဆုံး၌ မြတ်စွာဘုရား၏ တပည့်သာဝကအဖြစ်သို့ ရောက်သွားကြပါသည်-ဟု လျှောက်ထားခြင်း ဖြစ်သည်။ အချို့ ပရိဗိုဇ်ဆရာကြီးများ ကိုယ်တိုင် ရဟန်းအဖြစ်သို့ ရောက်ကြသော သာဓကတွေလည်း ရှိသေး၏၊ ကောသလမင်းကြီး စကားအဆက်ပြတ်ကာ ပျောက်သွားမည်ကြောင့် ဤမျှသာ ထုတ်ဆောင်၍ ပြခြင်းဖြစ်ပေသည်။

(ကောသလမင်းကြီး လျှောက်လက်စ စကားကို ပြန်ဆက်ပါ)——

၆။ ထိုမှတပါးတို့လည်း မြတ်စွာဘုရား.... လက်သမား ဖြစ်ကြသော ဣသိဒတ္တနှင့် ပူရဏတို့သည် ဒကာတော် ပေး ကမ်း ကျွေးမွေး ချီးမြှောက်ထားအပ်သောသူများ ဖြစ်ကြ ပါသည်၊ ဒကာတော်သည် သူတို့၏ အသက်သခင် ကျေးဇူး ရှင် ဖြစ်ပါသည်။ သို့ပါလျက် သူတို့သည် မြတ်စွာဘုရား အပေါ်၌ အရိုအသေ ပြုကြသကဲ့သို့ ဒကာတော်အပေါ်၌ အရိုအသေ မပြုကြပါ၊ မြတ်စွာဘုရား....စစ်ချီတက်သောအခါ တပါး၌ ဣသိဒတ္တနှင့် ပူရဏတို့ကို စုံစမ်းလို၍ နေရာကျဉ်း ကျဉ်း သူတို့၏အနီးအပါး၌ ညအခါ ဒကာတော်သည် အိပ် ပျော်ဟန်ဆောင်၍ နေပါသည်။ ဣသိဒတ္တနှင့် ပူရဏတို့သည် ညဉ့်ဦးယာမ်ပတ်လုံး တရားစကား ပြောဆိုဆွေးနွေးခြင်းဖြင့် အချိန်ကို ကုန်လွန်စေကြ၍ မြတ်စွာဘုရား သီတင်းသုံးနေ တော်မူရာ အရပ်သို့ ဦးခေါင်းပြုကြကာ ဒကာတော်ကို ခြေရင်းပြု၍ အိပ်ကြပါသည်ဘုရား-ဟု လျှောက်ထားလေ သည်။ (ပူရဏသည် မိဂသာလာ ဥပါသိကာမ၏ ဘခင်၊ ဣသိဒတ္တသည် အဘိုးဖြစ်သည်၊ ၂-ယောက်လုံး သကဒါဂါမိ ဖြစ်၍ တုသိတာသို့ ရောက်ကြသည်။)

ထို့နောက် ဆက်လက်၍ မြတ်စွာဘုရား .... မြတ်စွာဘုရား သည် မဖောက်မပြန် ကိုယ်တော်တိုင် အမှန်တရားကို သိမြင် တော်မူပါသည်၊ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်သည်လည်း ကောင်းစွာ ဟောကြားအပ်သော တရားတော် ဖြစ်ပါသည်၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းမြတ်သော အကျင့်တရား ရှိတော် မူကြပါသည်၊ ယခု လျှောက်ထားအပ်သော ဂုဏ်တော်တို့နှင့်

ပြည့်စုံတော်မူသည်ကို အနုမာနအားဖြင့် မှန်းဆကာ ဉာဏ်အမြင် ဖြစ်ပေါ်သောကြောင့် ယခုကဲ့သို့ အလွန်အကဲ ရှိခိုးခြင်း, ဦးတိုက်ခြင်း, ရိုသေမြတ်နိုးခြင်းကို ပြုလုပ်ခြင်း ဖြစ်ပါသည် မြတ်စွာဘုရား-ဟု လျှောက်ထားခြင်း ဖြစ်သတည်း။

မြတ်စွာဘုရားကို ဦးတိုက်ညွတ်လျိုး၍ ရှိခိုးခြင်းဖြင့် တရားတော်နှင့်တကွ သံဃာတော်ကိုလည်း ပူဇော်မြတ်နိုး ရှိခိုးခြင်းကိစ္စသည် ပါဝင်လေတော့သည်၊ ကောသလမင်းကြီးကိုယ်တိုင်လည်း တရားနှင့် သံဃာ၏ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်ကာ လျှောက်ကြားခဲ့ပေပြီ။

## မြတ်စွာဘုရားအား သိကြားနတ်မင်းနှင့် သဟမ္ပတိ ဗြဟ္မာကြီးတို့ ရှိခိုးခြင်း

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ နေ့အခါ တဆူတည်း (တပါးတည်း) သီတင်းသုံးနေတော်မူစဉ် သိကြားနတ်မင်းနှင့် သဟမ္ပတိ ဗြဟ္မာကြီးတို့သည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာသို့ ရောက်လာကြ၍ အသီးသီး တံခါးပေါင်တို့ကို မှီလျက်ရပ်နေကြကုန်၏၊ ထိုအခါ သိကြားနတ်မင်းသည် ဤဂါထာကို ရွတ်ဆို၍ ရှိခိုးလေသည်။

ပယတ္တဂုဏ်တည်းဟူသော လုံ့လဝီရိယ ရှိတော်မူသော မြတ်စွာဘုရား၊ အောင်အပ်ပြီးသော မာရ်စစ်သည် ရှိတော်မူသော မြတ်စွာဘုရား၊ ချအပ်ပြီးသော ခန္ဓာဝန် ရှိတော်မူသော မြတ်စွာဘုရား၊ ကိလေသာ ကြွေးမြီ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ထတော်မူပါလော့၊ လောက၌ လှည့်

လည်ကြွချီတော်မူပါလော့၊ လပြည့်နေ့ညဉ့်၌ လမင်းသည် တိမ်တိုက်မှ ကင်းစင်၍ ကြည်လင်သန့်ရှင်းဘိသကဲ့သို့ အရှင်မြတ်ဘုရား၏ စိတ်တော်သည် ကိလေသာ အညစ်အကြေးမှ ကောင်းစွာကင်းလွတ်တော်မူပါသည် မြတ်စွာဘုရား-ဟု ရွတ်ဆို၍ ရှိခိုးလေသည်။

ထိုအခါ သဟမ္ပတိဗြဟ္မာမင်းက “သိကြားနတ်မင်း.... မြတ်စွာဘုရားတို့ကို ယခု ရှိခိုးသကဲ့သို့ ရှိမခိုးအပ်ကုန်၊ ဤကဲ့သို့သာ ရှိခိုးအပ်ကုန်၏” ဟု ညွှန်ပြသည်မှာ—

ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အောင်အပ်ပြီးသော မာန်ရစ်စစ်သည်ရှိတော်မူသော မြတ်စွာဘုရား၊ ယဉ်မှူးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ကိလေသာ ကြွေးမြီကင်းစင်တော်မူသော မြတ်စွာဘုရား၊ ထတော်မူပါလော့၊ လောက၌ လှည့်လည်တော်မူပါလော့၊ မြတ်စွာဘုရားသည် သစ္စာလေးပါး တရားတော်ကို ဟောတော်မူပါလော့၊ တရားတော်ကို သိအံ့သောသူတို့သည် ရှိပါကုန်လိမ့်မည် မြတ်စွာဘုရား၊ ဤသို့ ရှိခိုးအပ်ကုန်၏-ဟု ညွှန်ပြလေသည်။

**သိကြားနတ်မင်းသည် မြတ်စွာဘုရားနှင့်တကွ အရိယာသံဃာတော်ကို လက်အုပ်ချီမိုး၍ ဦးညွှတ်ရှိခိုးခြင်း မာတလိနတ်သားကလည်း ရှိခိုးခြင်း**

**သိကြားနတ်မင်းသည် ဥယျာဉ်သို့ထွက်ရန် ရထားပေါ်သို့ တက်ခါနီး ဝေဇယန္တာဗိမာန်မှ ဆင်းသက်သောအခါ၌ မြတ်စွာဘုရားကို အာရုံပြု၍ လက်အုပ်ချီကာ ဦးညွှတ်၍**

ရှိခိုးသည်ကို မာတလိကမြင်၍ "အရှင်သိကြားမင်း....လူတို့သည်ရင်း, နတ်တို့သည်ရင်း အရှင်သိကြားမင်းကိုသာလျှင် ရှိခိုးကြကုန်၏၊ ယင်းသို့ဖြစ်ပါလျက် အရှင် သိကြားမင်းက အဘယ်ကဲ့သို့သော နတ်ကို ရှိခိုးရပါသနည်း"ဟု မေးမြန်းရာ "မာတလိ....နတ်နှင့်တကွသော ဤလောက၌ သစ္စာလေးပါး တရားတော်ကို ကောင်းစွာ ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည် ရှိ၏၊ မယုတ်သော အမည် ရှိတော်မူသော ထိုမြတ်စွာဘုရားကို ငါ ရှိခိုးပါသည်"ဟု ပြော၏။

ထို့ပြင်—မာတလိ.... အကြင်ပုဂ္ဂိုလ်တို့သန္တာန်၌ ရာဂ, ဒေါသ, မောဟတို့ ကင်းစင်ကုန်၏၊ အာသဝေါ ကုန်လေပြီးသော ထို ရဟန္တာတို့ကိုလည်း ငါ ရှိခိုးပါသည်-ဟု ပြော၏။

## ကျင့်ဆဲ သေက္ခ ပုဂ္ဂိုလ်တို့ကို ရှိခိုးခြင်း

ထို့ပြင်— အကြင် ပုဂ္ဂိုလ်တို့သည် ရာဂ, ဒေါသတို့ကို ပယ်ဖျောက်ကုန်၏၊ အဝိဇ္ဇာကိုလည်း လွန်မြောက်ကြကုန်၏၊ ဝဋ်ဆင်းရဲကို ဖျက်ဆီးခြင်း၌ မွေ့လျော်ကြကုန်၏၊ ရဟန်းတရား၌ မမေ့မလျော့ကြကုန်သည် ဖြစ်၍ ရဟန်းတရားကို ကျင့်ဆဲ အားထုတ်ဆဲ ဖြစ်ကြကုန်၏၊ ကျင့်ဆဲ အားထုတ်ဆဲ ဖြစ်သော သေက္ခ ပုဂ္ဂိုလ် ၇-ယောက်တို့ကိုလည်း ငါ ရှိခိုးပါသည်-ဟု သိကြားမင်းက ပြောသောအခါ—

မာတလိက "သိကြားမင်း....အကြင်ပုဂ္ဂိုလ်တို့ကို သိကြားမင်းသည် ရှိခိုး၏၊ ထိုပုဂ္ဂိုလ်တို့သည် လောက၌ မြတ်သော ပုဂ္ဂိုလ်တို့ ဖြစ်သတဲ့၊ သိကြားမင်း .. အရှင်သိကြားမင်း ရှိခိုး

သော သေက္ခ, အသေက္ခပုဂ္ဂိုလ်တို့ကို အကျွန်ုပ်လည်း ရှိခိုးပါသည်''ဟု ဆို၍ ရှိခိုးလေသည်။

ဤသို့လျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရားနှင့်တကွ သေက္ခ,အသေက္ခ ရဟန်းသံဃာတော်များကို ရှိခိုးပြီးကာလမှ ရထားပေါ်သို့ တက်လေသည်။

သေက္ခ ပုဂ္ဂိုလ်အတွင်း၌ တရားအားထုတ်ဆဲ, ဓုရ ၂-ပါးကို ကျင့်ဆဲ ပုထုဇန်တို့ကိုလည်း ထည့်သွင်း၍ ယူကြကုန်၏၊ ဒါန, သီလ, နဝကမ္မ ပြုလုပ်နေသော ရဟန်း, ဓုရ ၂-ပါးကို အားထုတ်နေသော ရဟန်းတို့သည်လည်း နိဗ္ဗာန်တရားကို အားထုတ်နေသော ပုဂ္ဂိုလ်တို့ပင်တည်းဟု အရှင်နာဂသေန ထေရ် မိန့်တော်မူသည့် စကားအရဆိုလျှင် ဓုရ ၂-ပါးကို အားထုတ်ဆဲ ပုဂ္ဂိုလ်တို့သည် သေက္ခ ပုဂ္ဂိုလ်တို့ပင် ဖြစ်သည်ဟု ယူရပေမည်။ ဓုရ ၂-ပါးကို အားထုတ်နေသော သံဃာများသည်လည်း နိဗ္ဗာန်ကို ဦးတည်နေသော ပုဂ္ဂိုလ်တို့ပင် ဖြစ်ပေသည်။ သီလကျင့်ဝတ်နှင့် ပြည့်စုံ၍ ဓုရ ၂-ပါးကို အားထုတ်နေသော သံဃာတော်တို့သည်လည်း လူမင်း နတ်မင်းတို့၏ ဦးညွတ်ရှိကျိုး ရှိခိုးခံထိုက်သော ပုဂ္ဂိုလ်တို့တွင် အပါအဝင် ဖြစ်သည်ကို သိရှိကြ၍ ရှိခိုးခံထိုက်သောဂုဏ် မယုတ်စေရန် သတိပြုထိုက်ကြပေသည်။

## သိကြားနတ်မင်းသည် သံဃာတော်ကို ရှိခိုးခြင်း

အခါတပါး၌လည်း – သိကြားနတ်မင်းသည် မိမိဗိမာန်မှ ဆင်းသက်ခါနီး၌ ထိုထို အရပ်မျက်နှာတို့သို့ လှည့်လည်ကာ ရှိခိုးသည်ကိုမြင်သော မာတလိက မေးပြန်သည်မှာ "အရှင်

သိကြားမင်း .. အရှင်သိကြားမင်းကို လောကီသား ဝေဒကျမ်းတတ် တေဝိဇ္ဇဖြစ်သော ပြာဟ္မဏတို့ကလည်း ရှိခိုးကြပါသည်၊ ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်တို့ကလည်း ရှိခိုးကြပါသည်၊ သမ္မုတိနတ်ဖြစ်သော ရေမြေပိုင်နင်း လူဖြစ်သော မင်းတို့ကလည်း ရှိခိုးကြပါသည်၊ စာတုမဟာရာဇ် နတ်မင်းကြီးတို့နှင့် တကွ တာဝတိံသာ နတ်တို့ကလည်း ရှိခိုးကြပါသည်။ သို့ပါလျက် အရှင်သိကြားမင်းက လက်အုပ်ချီမိုး ရှိခိုးရသော ပုဂ္ဂိုလ် ရှိပါသေးသလား၊ အရှင်သိကြားမင်းရှိခိုးသော ပုဂ္ဂိုလ်သည် အဘယ်သို့သောပုဂ္ဂိုလ် ဖြစ်ပါသနည်း" ဟု မေးမြန်းလေသည်။

အို မာတလိ ငါ့ကို ဝေဒကျမ်းတတ် တေဝိဇ္ဇဖြစ်သော ပြာဟ္မဏတို့ကလည်း ရှိခိုးကြသည်၊ ဘုမ္မစိုး, ရုက္ခစိုးနတ်တို့ကလည်း ရှိခိုးကြသည်၊ သမ္မုတိနတ်ဖြစ်သော လူမင်းတို့ကလည်း ရှိခိုးကြသည်၊ စာတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်တို့နှင့် တကွ တာဝတိံသာ နတ်တို့ကလည်း ရှိခိုးကြသည်ကား မှန်ပေသည်။

သို့ပင် မှန်စေကာမူ ကာလပဲ ကိုယ်ကျင့်သီလနှင့် ပြည့်စုံတော်မူကြသော၊ ကြာမြင့်စွာ ထုံအပ်သော သမာဓိဂုဏ် ရှိတော်မူကြသော၊ မြတ်သော သာသနာမဂ်တရားကို နှစ်သက်ကိုင်းရှိုင်းတော်မူကြသော၊ ဖြောင့်မတ်မှန်ကန်စွာ ရဟန်းတရားကို အားထုတ်တော်မူကြသော ရဟန်းကောင်း ရဟန်းမြတ်တို့ကို ရှိသေမြတ်နိုး ဦးညွှတ်လျှိုးကာ ရှိခိုးပါသတည်း-ဟု ပြန်လည်ပြောကြားသောအခါ—

အရှင် သိကြားမင်း....အရှင် သိကြားမင်းသည် အကြင် ရဟန်းတော်တို့ကို ရှိခိုးတော်မူ၏၊ ထိုရဟန်းမြတ် သူတော်

ကောင်းတို့သည် လောက၌ မြတ်သောပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်၊ အဲသည် ရဟန်းတော်ပုဂ္ဂိုလ်မြတ်တို့ကို ကျွန်ုပ်လဲပဲ လက်အုပ်ချီမိုး ဦးညွတ်လျှိုးကာ ရှိခိုးပါသည်ဟု ပြောကာ မာတလိနတ်သားကလည်း ရဟန်းတော်မြတ်တို့ကို ဦးညွတ်ကာ ရှိခိုးလေသည်။

(သိကြားနတ်မင်းစသည်တို့ ရှိခိုးမြတ်နိုးခြင်းကို ခံယူထိုက်သော ရဟန်းတော်တို့၏ ဂုဏ်သည် သေးငယ်သောဂုဏ် မဟုတ်ပေ၊ မြင့်မြတ် ကြီးမား၍ သိကြားနတ်မင်းတို့က တန်ဘိုးထားအပ်သော မိမိတို့၏ ဂုဏ်ကို ရဟန်းတော်တို့သည် အထင်သေးကာ အလေးဂရုမပြု မဖြစ်စေကြမူ၍ ရှိသေ လေးစားစွာ ထိန်းသိမ်း စောင့်ရှောက်ထိုက်လှပေသည်။)

တဖန်တုံလည်း—သိကြားမင်းရှိခိုးသည်ကိုမြင်၍ မာတလိနတ်သားက ပြောပြန်သည်မှာ "အရှင်သိကြားမင်း... ပုပ်ပောင်ညှီအိုက် မိခင်ဝမ်းတိုက်၌ ကိန်းအောင်းကာ မွေးဖွားကြကုန်သော လူတို့သည် အရှင်သိကြားမင်းကိုသာလျှင် ရှိခိုးကြသည်မဟုတ်ပါလော၊ လူဟူသမျှတို့သည် အပုပ်အိုး၌ နစ်မြုပ်ကြကုန်သည်ဖြစ်၍ ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်သည် မဟုတ်ပါလော။ သို့ပါလျက် အရှင်သိကြားမင်းသည် အိမ်ထောင်ခမ်းနားဟူသော အစီးအပွါး မရှိကုန်သော ထိုရဟန်းတော်တို့၌ ရှိသော အဘယ်ကဲ့သို့သော ကိုယ်ကျင့်တရားမျိုးကို နှစ်သက် မြတ်နိုးပါသနည်း၊ ထိုရဟန်းတော်တို့၏ သိက္ခာ အကျင့်ဂုဏ်ကို အမိန့်ရှိတော်မူလျှင် ကျွန်ုပ်တို့လဲ မှတ်သားလိုပါသည်"ဟု တောင်းပန်လေသည်။

ထိုအခါ သိကြားမင်းက မိမိ၏ စိတ်နှလုံး၌ သဒ္ဓါတရားတော် ရွှင်ပြုံးကြည်လင်စေအောင် မြတ်နိုးကြည်ညိုသော ရဟန်းတော်တို့၏ အကျင့်သိက္ခာဂုဏ်တို့ကို မိမိဉာဏ် မြင်သမျှ ပြောကြားသည်မှာ—

အို မာတလိ....အိမ်ရာမထောင် လူ့ဘောင်မှ ခွါရှောင်၍ နေကြကုန်သော ထိုရဟန်းတော်တို့၏ ပြဆိုလတ္တံ့သော အကျင့်ဂုဏ်တို့ကို ငါနှစ်သက် မြတ်နိုးပါသည်၊ ယင်းဂုဏ်တို့သည် အဘယ်အကျင့်ဂုဏ်များ ဖြစ်သနည်းဟူမူ–

အို မာတလိ ...ထိုရဟန်းတော်တို့သည် အကြင် အကြင်ရွာ၌ သီတင်းသုံး နေတော်မူကြ၏၊ အကယ်၍ ဒေသစာရီ ကြွလို၍ ထိုထိုရွာမှ ဖဲသွားကြကုန်သည်ဖြစ်အံ့၊ ထိုထိုရွာ ထိုထိုကျောင်းတို့၌ အတွယ်အတာ အငဲ့အကွက်မရှိ၊ နောက်ဆံမတင်းကြမူ၍ လွတ်လွတ်ရှင်းရှင်း ကင်းကင်းပြတ်ပြတ် ထွက်ခွါဖဲသွားကြပေသည် မာတလိ။

(ယင်းသို့ ရဟန်းတော်များ အတွယ်အတာမရှိ ဖဲသွားတော်မူနိုင်ကြခြင်းသည် ဒကာ ဒကာမတို့၏ အပေါ်၌ ခင်မင်ခြင်း ဂေဟာဿိတပေမ သဘောလည်း မရှိကြ၊ ကျောင်းများမှာလည်း ကိုယ်ပိုင်ပုဂ္ဂလိက ကျောင်းများ မဟုတ်ပဲ သံဃိကကျောင်းများ ဖြစ်သောကြောင့် ငါ့ကျောင်းဟူ၍ စွဲလမ်းဖွယ်လည်းမရှိ၊ ငြင်းခုံလုယက်နေဖွယ်လည်း မရှိသောကြောင့် မတွယ်မတာ အာသာမငတ် တပ်မက်ခြင်းမရှိကြပဲ ဖဲခွါ ထွက်ကြွတော်မူနိုင်ကြခြင်း ဖြစ်သည်။ တပည့်သား

သံဃာ ရဟန်းတော်တို့သည် ကျောင်းနှင့်စပ်၍ ဤသို့ သင်္ကာယဒိဋ္ဌိအဖြစ်မှ လွတ်မြောက်နိုင်ကြစေရန် မြတ်စွာဘုရားသည် ရာဇဂြိုဟ်သူဌေး လှူသော ကျောင်းကလေးပေါင်း ၆၀၊ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်, ပုဗ္ဗာရုံကျောင်းတော်တို့ကို ရေစက်ချစဉ်ကပင် သံဃိက ရေစက်ချ ပေးတော်မူသည်။

ကျောင်းများသည် သံဃိက ဖြစ်သည့်အတွက် ငါ့ကျောင်းဟူ၍ရှင်း, ငါပိုင်သည်ဟူ၍ရှင်း တွယ်တာဖွယ်မရှိ၊ စွဲလမ်းဖွယ်မရှိ၊ မိမိက ဦးစွာနေသူဖြစ်လျှင် မိမိပျော်မွေ့သမျှ နေနိုင်သည်၊ ထွက်ခွါသွားလိုက ဝတ်တရား ရှိသည့်အတိုင်း သိမ်းဆည်းသိုမှီးခဲ့၍ လွတ်လွတ်ရှင်းရှင်း ထွက်ခွါနိုင်ကြသည်၊ ရောက်ရာအရပ်၌ တွေ့ရှိသော သံဃိကကျောင်း၌ နေနိုင်ကြသည်၊ သူ့ကျောင်း ငါ့ကျောင်းဟု ငြင်းခုံဖွယ်မရှိ၊ လုယက်ဖွယ်မရှိ၊ အလွန်ကောင်းမြတ်သော နည်းဖြစ်၍ မြတ်စွာဘုရားက လမ်းပြ၍ သံဃိက၏ ကျေးဇူးကို ဟောကြားတော်မူခဲ့သည်၊ ဤနည်းကိုသာ လိုက်နာကြလျှင် သိကြားမင်း ပူဇော်ရှိခိုးခြင်းကို ခံယူထိုက်သော ရဟန်းမြတ် အဖြစ်သို့လည်း အလိုအလျောက် ရောက်မည်ပင် ဖြစ်သည်။)

သိကြားမင်းက ဆက်လက်၍ —

အိုမာတလိ .... ငါရှိခိုးအပ်သော ထိုရဟန်းတော်တို့သည် ဆန်စပါးစသော ဥစ္စာပစ္စည်းတို့ကို ကျီတိုက်၌လည်း သိုမှီး

သိမ်းဆည်း၍ မထားကြကုန်၊ အိုးတို့၌ရင်း, ပုတ်တောင်းတို့၌ ရင်း သိုမှီးသိမ်းဆည်း၍ မထားကြကုန်၊ လူဒကာ ဒကာမတို့ ချက်ပြုတ်အပ်ပြီးသောဆွမ်းကို ဆွမ်းခံသော ကျင့်ဝတ်ဖြင့် စင်ကြယ်စွာ ရှာမှီးတော်မူကြကုန်သည်ဖြစ်၍ ကောင်းသော ကိုယ်ကျင့်သီကွာ ရှိတော်မူကုန်လျက် ရသမျှနှင့် မျှတရောင့်ရဲ တော်မူကြပေသည် မာတလိ။

(ဆွမ်းခံ၍ မျှတသောကျင့်ဝတ်ကို မြတ်စွာဘုရား ခွင့်ပြုတော်မူသည်မှာ အလွန်ကောင်းသော နည်းဖြစ်သည်၊ ဓုရ ၂-ပါးတွင် တပါးပါးကို ဆောင်ရွက်သော ပုဂ္ဂိုလ်ဖြစ်စေ, ၂-ပါးလုံးကိုပင် ဆောင်ရွက်သော ပုဂ္ဂိုလ်ဖြစ်စေ ချက်ပြီးပြုတ်ပြီးသား စားရုံမျှသာ ရှိသော နည်းဖြစ်၏၊ ကာလဒေသအလျောက် ဒကာ ဒကာမများ၌ စားရတတ်သာမျှ ရရှိသမျှနှင့်သာ မျှတ ရောင့်ရဲနိုင်ကြလျှင် ဆွမ်းခံ၍ မွေးမြူနိုင်ခြင်းသည် စင်ကြယ်သော သမ္မာအာဇီဝဖြစ်သည်၊ ဒုက္ခနည်း၍ ဓုရကိုဆောင်ရွက်ရန် ကိစ္စနည်းပြီး အချိန်များများ ရသောနည်းဖြစ်သည်။)

အိုမာတလိ....ရဟန်းကောင်း ရဟန်းမြတ်တို့သည် အတ္တ, ပရ နှစ်ဝသော အကျိုးကျေးဇူးတို့ကို ထိုးထွင်းသိမြင်သော ပညာရှိကြကုန်သည်ဖြစ်၍ တရားစကားတို့ကိုသာလျှင် ဆွေးနွေး တိုင်ပင်ခြင်းဖြင့် ကောင်းသော တိုင်ပင်ခြင်းရှိတော်မူကြပေသည်၊ တရားစကားမှတပါး တရားနှင့်ဖီလာဖြစ်သော လောကစကားတို့ကို မပြောကြ၊ လောကစကားကို ပယ်ရှားသောစိတ်ဖြင့် ဆိတ်ဆိတ်သာလျှင် သိတင်းသုံးနေတော်

မူကြကုန်သည်ဖြစ်၍ တူမျှသော ညီညွတ်သော ကိုယ်ကျင့်သီလ ရှိတော်မူကြပေသည် မာတလိ။

(အရှေ့ ဝါးတော၌ အခါတပါး ရှင်အနုရုဒ္ဓ, ရှင်နန္ဒိယ, ရှင်ကိမိလ တို့ သုံးပါး သီတင်းသုံးနေတော်မူကြရာ မြတ်စွာဘုရား ကြွရောက်တော်မူ၍ "ချစ်သားတို့....အသင်တို့ နေရသည်မှာ ညီညွတ်ကြပါ၏ လော၊ ချမ်းသာကြပါ၏လော" ဟု မေးမြန်းတော်မူလျှင် 'တပည့်တော်များ ညီညွတ်ကြပါသည်၊ သပ္ပါယဖြစ်၍ ချမ်းသာကြပါသည်'ဟု လျှောက်ကြကုန်၏။ အဘယ်သို့နေ၍ ချမ်းသာပေသနည်းဟု မေးမြန်းတော်မူလျှင် ရှင်အနုရုဒ္ဓက–တပည့်တော်၏ စိတ်ကို ချထား၍ ရှင်နန္ဒိယ, ရှင်ကိမိလတို့၏ စိတ်ဆန္ဒသို့ လိုက်၍နေပါသည်– ဟုလျှောက်၏။ ရှင်နန္ဒိနှင့် ရှင်ကိမိလတို့ကလည်း ထို့အတူ မိမိစိတ်ကိုချထား၍ ကျန် ၂-ပါးတို့၏ စိတ်ဆန္ဒကို လိုက်၍နေပါသည်ဟု-လျှောက်ကြ၏။ အချည်းနှီးစကားမပြော၊ တရားစကားကို သာလျှင် တွေ့ဆုံသည့် အခါ၌ ပြောကြပါသည်ဟု လျှောက်၏။ ယင်းသို့ နေတော်မူကြခြင်းဖြင့် သာရဏီယ တရားတော်ကို ကျင့်သုံး လိုက်နာရာသို့လည်း ရောက်၍ သာရဏီယ, ပိယကရဏ, ဂရုကရဏ, သင်္ဂဟ, အဝိဝါဒ, သာမဂ္ဂိယ, ဧကီဘာဝဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူကြသဖြင့် သိကြားနတ်မင်း ဦးညွှတ်ရှိခိုးခြင်းကိုခံထိုက်သောရဟန်းတော်ကောင်း

အဖြစ်သို့လည်း ရောက်ကြသည်ဟု အာရုံပြု၍ ကြည့်ညိုသင့်လှပေသည်။)

အိုမာတလိ.... ငါတို့တာဝတိံသာနတ်တို့သည် အသူရာနတ်တို့နှင့် မပြတ်မပြတ် ရံခါရံခါ ရန်ဖြစ်ကြ၍ စစ်ဆင်လုယက် ဆန့်ကျင်လျက်ရှိနေကြကုန်သည် မဟုတ်တုံလော၊ လူ့ပြည် လူ့ရွာ၌ လူတို့သည်လည်း သားရေး‚မယားရေး‚စီးပွါးရေး‚ တိုင်းရေးပြည်ရေးတို့ကြောင့် စကားများကြ‚ခိုက်ရန်ဖြစ်ကြ‚ လုယက်ကြ‚ စစ်တိုက်ကြနှင့် တဦးနှင့်တဦး သင့်တင့်ညီညွတ်ခြင်း မရှိကြမူ၍ ဆန့်ကျင်လျက် ရှိနေကြကုန်သည် မဟုတ်တုံလော၊ ဤကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်ကာ မသင့်မမြတ် မညီမညွတ် ကွဲပြား ရန်မူလျက် ရှိနေကြကုန်သော လူတို့၏ အကြား အနီးအပါး၌ သီတင်းသုံးနေတော်မူကြပါလျက် ထိုရဟန်းတော်မြတ်တို့သည် မဆန့်မကျင် ရန်မမင်ပဲ ချစ်ခင် ပေါင်းသင်း ညီညွတ်ခြင်းဖြင့် သီတင်းသုံး နေတော်မူကြပေသည် မာတလိ။

ရဟန်းတော်များသည် သာရဏီယတရား ၆– ပါးနှင့် ပြည့်စုံပါလျှင် စိတ်အေးချမ်းသာ ခုရ၂-ပါးကို ပွါးများကြရမည်ဖြစ်သည်။

သာရဏီယတရား ၆-ပါးကို အလိုရှိသောသူတော်ကောင်းများအကျိုးငှါ ပြပါဦးအံ့–

သီတင်းသုံးဖော်တို့အပေါ်၌——

၁။ မေတ္တာနှင့်ယှဉ်သော ကာယကံရှိခြင်း၊

၂။ မေတ္တာနှင့်ယှဉ်သော ဝစီကံရှိခြင်း၊

၃။ မေတ္တာနှင့်ယှဉ်သော မနောကံရှိခြင်း၊

၄။ ရရသမျှ ပစ္စည်း လာဘ်လာဘကို သီတင်းသုံးဖော်များနှင့် ဝေဘန်၍ သုံးဆောင်ခြင်း၊ (ဤအမှတ်-၄ သာရဏီယ အင်္ဂါကိုကား အများလိုက်နာပြုလုပ်နိုင်သော သံဝိဘာဂ ဂုဏ်အင်္ဂါအဖြစ်လောက်သာ ပြအပ်သည်။)

၅။ သီတင်းသုံးဖော်များနှင့် တူညီသော သီလရှိခြင်း၊

၆။ သီတင်းသုံးဖော်များနှင့် တူညီသော ဖြူစင်သော သမ္မာဒိဋ္ဌိ အမြင်မှန်ရှိခြင်း—

ဤ ၆-ပါးသည် သာရဏီယတရား ၆-ပါး ဖြစ်သည်၊ တဦးနှင့်တဦး ကွဲကွာနေကြရစေကာမူ အသက်ဆက်ဆုံးတသ အောက်မေ့ခြင်းကို ဖြစ်စေသော တရား ၆-ပါးဟု ဆိုလိုသည်။ သာရဏီယ တရား ၆-ပါးနှင့် ပြည့်စုံသော ရဟန်းတော်များ၌—

၁။ အချင်းချင်း အသက်ထက်ဆုံး အောက်မေ့တမ်းတခြင်းကို ဖြစ်စေသောအကျိုး၊

၂။ အချင်းချင်း ချစ်ခင်စေတတ်သောအကျိုး၊

၃။ အချင်းချင်း အလေးဂရုပြုခြင်းကို ဖြစ်စေတတ်သော အကျိုး၊

၄။ ပေါင်းစည်း စုရုံးခြင်းရှိသောအကျိုး၊

၅။ ငြင်းခုံ ခိုက်ရန်မဖြစ်သောအကျိုး၊

၆။ ညီညွတ်သောအကျိုး၊

၇။ တစိတ်တဝမ်း တလုံးတစည်းဖြစ်သော အကျိုးတို့ကို ရရှိကြကုန်၏။

သာရဏီယတရား ၆-ပါးကိုပင် ကြီးပွါးကြောင်း အပရိဟာနိယ တရားအဖြစ်ဖြင့်လည်း ဗုဒ္ဓမြတ်စွာဘုရားဟောတော်မူသေးသည်။

အို မာတလိ...တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့၊ တရွာနှင့်တရွာ၊ တရပ်နှင့်တရပ်၊ တနယ်နှင့်တနယ်၊ တပြည်နှင့်တပြည် လုမည် ယက်မည်၊ နှိပ်စက်မည်၊ ညှဉ်းပန်းမည် စသည်ဖြင့် ဓား လှံ လက်နက် စသည်တို့ကို စွဲကိုင်သော လူတို့၏ အကြား အနီးအပါး၌ သီတင်းသုံးနေတော်မူကြသော်လည်း ထိုရဟန်းတော်မြတ်တို့သည် လက်နက်စွဲကိုင်ခြင်း မရှိ၊ နှိပ်စက်မှု ရန်လိုမှု မရှိကြမူ၍ ကြည်ဖြူအေးချမ်းစွာ သီတင်းသုံးနေတော်မူကြပေသည် မာတလိ။

(အချို့ပုဂ္ဂိုလ်တို့သည် မကောင်းသေးသော လောဘ မာန ရှိကြသည်အလျောက် ပစ္စည်းစကား, ကျောင်းကန်စကား ပြောလာစေကာမူ သာရဏီယတရားနှင့် ပြည့်စုံသော ရဟန်းတော်များသည်ကား လောဘ မာန တုံ့ပြန်ခြင်းကို မပြုကြမူ၍ သင့်လျော်ရာ အရပ်ဒေသသို့ အေးချမ်းစွာ ထွက်ခွါ ဖဲသွားခြင်းဖြင့် ရှောင်ကြဉ်တော်မူကြသည်။ အတိတ် ပစ္စုပ္ပန် ဝတ္ထုသာဓကများလည်း ရှိကြသည်။)

အို မာတလိ...ငါးပါးအာရုံ ကာမဂုဏ်တို့ကို ရှာမှီးကာ အပျော်ကြီးပျော် အခင်ကြီးခင် အစွဲလမ်းကြီး စွဲလမ်းကြ

ပြီးလျှင် မှားချင်တိုင်း မှားနေကြကုန်သော လူတို့အကြား အနီးအပါး၌ သီတင်းသုံးနေတော်မူကြကုန်သော်လည်း ငါ ရှိခိုးအပ်သော ရဟန်းတော်မြတ်တို့သည်ကား အာရုံငါးပါး အယုတ်တရားတို့၌ လိုက်စားမှု မရှိ၊ ခင်မင်စွဲလမ်းမှု မရှိကြပဲ ရဟန်းပရိက္ခရာ ဆောင်ယူကာဖြင့် ရောက်ရာရာ၌အိပ်၊ လူဆိုတ်ရာ၌ ပျော်၊ သင့်လျော်သော ရဟန်းတရားကို ဆင်ခြင်ပွါးများကြကုန်သည်ဖြစ်၍ ကျောင်းကန်စသော အဘယ်ကဲ့သို့သော ပစ္စည်းမျိုးကိုမှ ခင်မင်မက်မော နှမြောတပ်မက်ခြင်း မရှိ၊ ရှင်းရှင်းကင်းကင်းကြီး သီတင်းသုံးတော်မူကြသော ရဟန်းတော်များ ဖြစ်ပေသည် မာတလိ။

အို မာတလိ....သင့်အား ပြဆိုခဲ့ပြီးသော ရဟန်းတော်မြတ်တို့၏ အကျင့်ဂုဏ်ကို ငါသိကြားမင်းသည် နှစ်သက်မြတ်နိုးပေသည်၊ ဤအကျင့်ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော ရဟန်းတော်မြတ်တို့အား ငါသည် သဒ္ဓါစိတ်မိုး ရွာသွန်းဖြိုးကာ ရှိခိုးဦးညွှတ်ပါသတည်း-ဟူ၍ သိကြားမင်းက မာတလိနတ်သားအား ရှင်းလင်းပြောကြားလေသည်။

(စာတုမဟာရာဇ်နတ်, တာဝတိံသာနတ်တို့က ပင်လျှင် ရှိခိုးရသော သိကြားနတ်မင်းကြီးကိုယ်တိုင် ရဟန်းကျင့်ဝတ်နှင့် ပြည့်စုံသော ရဟန်းကောင်း ရဟန်းမြတ်တို့ကို ဦးညွှတ်ရှိကျိုး မြတ်မြတ်နိုးနိုး ရှိခိုးသည်ကို ထင်ရှားစွာ သိမြင်ကြရပေပြီ၊ ရဟန်းတော်တို့၏ သီလစသော ကျင့်ဝတ်တရားတို့၏ အရှိန်အဝါ မည်မျှလောက် ကြီးမားသည်ကိုလည်း သိကြရပေပြီ၊ ထို့ကြောင့် ရဟန်းတော်တို့သည် မိမိတို့ကသာလျှင်

သိကြားနတ်မင်းတို့၏ ရှိခိုးခြင်း, ဦးညွှတ်ပူဇော်ခြင်းကို ခံယူကြရသော ပုဂ္ဂိုလ်များ ဖြစ်သင့်သည်မဟုတ်ပါလော။)

## သိကြားနတ်မင်းက လူသူတော်ကောင်းများကိုလည်း ရှိခိုးခြင်း

သိကြားနတ်မင်းသည် သူတော်ကောင်းဖြစ်သော ရဟန်းတော်မြတ်တို့ကိုသာလျှင် ရှိခိုးသည် မဟုတ်သေးချေ၊ အိမ်ရာ တည်ထောင် လူ့ဘောင်၌ နေသော လူပင်ဖြစ်စေကာမူ ဒါန သီလ စသော လူ့ကျင့်ဝတ်တရားတို့နှင့် ပြည့်စုံညီညွတ်သော သမ္မာအာဇီဝ=ကောင်းသော သန့်ရှင်းစင်ကြယ်သော အလုပ်ဖြင့် အသက်မွေးသော လူဖြစ်ခဲ့လျှင် ထိုကဲ့သို့သော လူသူတော်ကောင်းတို့ကိုလည်း သိကြားနတ်မင်းက လေးစားကြည်ညိုသောစိတ်ဖြင့် ရှိခိုးပါသေးသည်။

ရှိခိုးပုံမှာ—အိုမာတလိ....အချို့သော လူတို့သည် အိမ်ရာတည်ထောင်၍ လူ့ဘောင်၌ နေကြကုန်သော်လည်း ဒါန စသော ကောင်းမှုတို့ကို ပြုလုပ် အားထုတ်ကြကုန်၏၊ ငါးပါး, ရှစ်ပါး စသော သီလတို့ကိုလည်း ကျင့်သုံး စောင့်သုံးကြကုန်၏၊ ဘုရားစသော ရတနာ သုံးပါးတို့ကိုလည်း ဆည်းကပ်ပူဇော်ကြကုန်သည်ဖြစ်၍ တရားသဖြင့် စင်ကြယ်စွာ ရှာမှီး၍ ရရှိအပ်သော ပစ္စည်းတို့ဖြင့် မိမိကိုယ်တိုင် အသက်မွေး၍ သားမယားတို့ကိုလည်း ကျွေးမွေးကြကုန်၏၊ ထိုသို့သော ကျင့်ဝတ်တရားတို့နှင့် ပြည့်စုံသော လူသူတော်ကောင်းတို့ကိုလည်း ငါရှိခိုးပါသည် မာတလိ-ဟု သိကြားမင်းက ပြောကြားလေသည်။

(လူသူတော်ကောင်းတို့ကို နတ်တို့၏ ဘုရင်ဖြစ်သော သိကြားနတ်မင်း ကိုယ်တိုင်က ရှိခိုးပါသည်ဆိုလျှင် လူတို့သည် မိမိက လူ့ကျင့်ဝတ်တရားနှင့်ညီသောငါးပါးသီလ၌တည်သော အသက်မွေး စင်ကြယ်သောလူကောင်းတယောက်ဖြစ်ပါမူကား နတ်များကို မေတ္တာပို့ကာ မိမိပြုသော ကောင်းမှုအဘို့ဘာဂကို အမျှအတန်း ပေးဝေကာဖြင့် နတ်တို့၏ ရှိခိုးမြတ်နိုးခြင်းကိုသာလျှင် ခံယူကြရပေမည်။ အုန်းသီး ငှက်ပျောသီးတို့ဖြင့်ပွဲတင်၍အောက်နတ်တို့ကို (ဝါ)တစ္ဆေသူရဲ ခေါ်သော ပြိတ္တာတို့ကို သို့မဟုတ် ဝိဇ္ဇာတို့ကို ပူဇော်ပသ တင်မြှောက်နေရန် မလိုပေ။ (၁၄-ရာစုနှစ်၌ ဣန္ဒိယတွင် သာသနာ လုံးဝကွယ်ခြင်းသည်၊ ဝိဇ္ဇာဂိုဏ်းပေါ်ခြင်းသည် အဓိကအကြောင်းဖြစ်သည်ဟု ရေးသား ပြောဆိုကြသည်။)

မြတ်စွာဘုရား ကိုယ်တော်တိုင်ကပင် "ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော"စသည်ဖြင့် လူပညာရှိများသည် အကြင်အရပ်၌ နေ၏၊ မိမိနေသော အရပ်၌ ကိုယ်နှုတ်ကို စောင့်စည်းသော မြတ်သော အကျင့်ရှိသော သီလရှိသော ရဟန်းသံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း၍ ထိုအရပ်ဒေသ အိမ်ရာ ခြံဝင်း၌ ရှိနေကြကုန်သော နတ်တို့ကို မိမိပြုသော ကောင်းမှု၏ အဘို့ဘာဂကို အမျှပေးဝေကြကုန်၊ ယင်းသို့ ပေးဝေခြင်းကြောင့် ထိုနတ်တို့က ပြန်၍ မိခင်က သားသမီးကို စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်ကြသည်ဖြစ်၍ အခါခပ်သိမ်း ကောင်းသော

အာရုံတို့ကိုသာလျှင် ရကြ မြင်ကြရကုန်၏-ဟု ဟောတော်မူ သည်။ မေတ္တာပွါးခြင်း ပို့ခြင်းသည်လည်း မိမိသာလျှင် ချမ်း သာသည် မဟုတ်၊ မေတ္တာပွါး မေတ္တာပို့ ခံရသော သူတို့ သည်လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ရရှိကြပေ သည်။ ဝိသာခ အမည်ရှိသော ရဟန်းတော်၏ မေတ္တာကြောင့် နတ်များ ချမ်းသာကြသော သာဓကလည်း ရှိပေသည်။

အကယ်၍ နတ်များက မိမိတို့ကို ပူဇော်မြတ်နိုး ရှိခိုးသည် အထိ ကောင်းကျိုးစီးပွါးကို အလိုရှိကြပါမူ သီလသီတင်းနှင့် ပြည့်စုံအောင် ကျင့်သုံး စောင့်ထိန်းကြရမည်၊ ဒါနစသော ကောင်းမှုတို့ကို သင့်တင့် လျောက်ပတ်သလောက် ပြုလုပ်ကြ ရမည်၊ ဘုရားစသော ရတနာသုံးပါးတို့၌ ဆည်းကပ်ကြရ မည်၊ စင်ကြယ်သန့်ရှင်းစွာ တရားသဖြင့် ရှာဖွေရရှိသော ဥစ္စာပစ္စည်းတို့ဖြင့် အသက်မွေးကြရမည်၊ ဤသို့လျှင် သူတော် ကောင်းဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက် ကျင့်ကြံ အားထုတ်ရမည်သာ ဖြစ်သည်၊ ကောင်းမှုကို ပြုမှသာလျှင် ကောင်းကျိုးချမ်းသာကိုရမည်-ဟူ၍ ကြပ်ကြပ် ယုံကြည်ကြ ရမည်၊ အလုပ်မလုပ်ပဲ အလိုအလျောက် နေရင်းထိုင်ရင်း နတ်က မ,၍ ချမ်းသာသောသူ မရှိသလောက် ရှားပါးလှ၏၊ မရှိဟုပင် ဆိုရပေမည်။ "အတ္တာ ဟိ အတ္တနော နာထော"= မြတ်စွာဘုရား ကိုယ်တော်တိုင်က မိမိကိုယ်သာလျှင် မိမိ၏ မှီခိုရာ အားထားရာ ဖြစ်သည်၊ "ကော ဟိ နာထော ပရော သိယာ"=အခြားသူသည်(ဝါ)အခြားသောလူ,အခြားသော နတ်တို့သည် အဘယ်မှာလျှင် မိမိ၏ မှီခိုရာ အားထားရာ ဖြစ်ပါအံ့နည်း-ဟူ၍ ဟောတော်မူသည်။ အားကိုးရာ မဟုတ်

သော သူတပါးကို အားကိုးအားထား မျှော်လင့်နေသော ကြောင့် မိမိ၌ အချိန်ကုန်၍ အလုပ်ပျက်ရသော ရှိပေသည်။

ရဟန်းတော်တို့သည်လည်း သက်ဦးဆံပိုင် သမ္မုတိနတ်ဖြစ်သော လူတို့၏ အရှင်သခင် ဘုရင်မင်းတို့နှင့်တကွ နတ်မင်း သိကြားမင်းတို့၏ ကြည်ညိုခြင်း, ရှိသေလေးစားခြင်း, ရှိခိုးခြင်းကို ခံထိုက်သော သူတော်ကောင်း ရဟန်းမြတ် အဖြစ်ဖြင့်သာလျှင် လူမင်း နတ်မင်း အစရှိသော လူအပေါင်း နတ်အပေါင်းတို့၏ ရှိသေမြတ်နိုး ရှိခိုးခြင်းကို ခံထိုက်ကြစေရန် ရဟန်းကျင့်ဝတ် တရားတို့ကို လေးစားစွာ အားထုတ်ထိုက်ကြပေသည်။ ရဟန်းတော်များသည် မိမိတို့၏ အလုပ်အမှန်ဖြစ်သော ဓုရ နှစ်ပါးကို ယုံယုံကြည်ကြည် နှစ်နှစ်ကာကာ လေးလေးစားစား အားထုတ်ကြပါလျှင် မိမိ အလုပ်အားလျော်စွာ လောကပစ္စက္ခအကျိုး မဂ်ဖိုလ်တည်း ဟူသော အကျိုးတို့ကို သဘာဝအလျောက် အကြောင်းအားလျော်စွာ ရသင့် ရထိုက်သလောက် ရကြမည်ပင် ဖြစ်၏။

လူတို့သည်လည်း လူအလျောက် ပစ္စုပ္ပန် မျက်မှောက်၌ မိမိကိုယ်တိုင် တရားသဖြင့် ကုန်သွယ်ခြင်း၊ ရောင်းဝယ်ခြင်း၊ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ခြင်း၊ စက်မှုလက်မှု စသည်တို့ကို ပြုလုပ်ခြင်းဖြင့် ဥစ္စာပစ္စည်းတို့ကို တရားနှင့်အညီ ရှာဖွေကြရပေမည်၊ မိမိတို့ကိုယ်တိုင် ပြုလုပ်အားထုတ်ကြရမည်၊ ကိုယ်တိုင် ပြုလုပ် အားထုတ်ခြင်း ပစ္စုပ္ပန်ကံ ဟူသော အလုပ်ကို ဖယ်ရှားကာ ကျော်လွှားကာ အလုပ်မလုပ်ပဲ သူဌေး သူကြွယ် ဖြစ်လိမ့်မည်၊ သူဌေးဖြစ်သူတို့ကလည်း တိုးတက်၍ ကြွယ်ဝ

ချမ်းသာလိမ့်မည်ဟု အထင်အမြင်လွဲကာ သူတပါးကို၊ နတ်များကို၊ ဝိဇ္ဇာများကို အားကိုး၍ နေခြင်းဖြင့် အချိန်ကို မကုန်လွန်စေသင့်ကြပေ။

အချို့သော လူတို့သည် ပစ္စုပ္ပန်မျက်မှောက်ကာလ၌ မိမိပြုလုပ်ရမည့်အလုပ်ကို မလုပ်ကြမူပဲ အတိတ်ကံကို အားကိုးတောင့်တကာ နေတတ်ကြကုန်သေး၏၊ ယင်းသို့ အတိတ်ကံကိုသာ အားကိုးမျှော်လင့်နေခြင်းကြောင့်လည်း အချိန်ကုန်အလုပ်လစ်ဟင်း၍ အကျိုး ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏။

သတ္တဝါတို့၌ ပစ္စုပ္ပန်ကံ၊ အတိတ်ကံ ဟူ၍ ကံ နှစ်မျိုးရှိ၏၊ ကံ ဆိုသည်မှာ အလုပ်ပင် ဖြစ်၏၊ ကံ တည်းဟူသော အလုပ် ၂-မျိုးတို့တွင် အတိတ်ကံသည် ချုပ်ဆုံးကွယ်ပျောက်လေပြီ၊ အတိတ်ကံ၏ အစွမ်းသတ္တိ အဟုန်အရှိန်သာလျှင် ကျန်ရှိတော့သည်၊ ထို အတိတ်ကံသည် မည်မျှလောက် တန်ခိုးသတ္တိ အဟုန်အရှိန် ရှိသည်ကို တပ်အပ်သေချာ မသိကြရပေ၊ ထိုသူ၏အမျိုးအနွယ်၊ ထိုသူ၏ရုပ်လက္ခဏာ၊ ထိုသူ၏စွမ်းရည်သတ္တိ၊ အရည်အချင်းတို့ကိုသာလျှင် ကြည့်ရှု အကဲခတ်၍ ထိုသူ၏အတိတ်ကံသည် ဤမျှလောက်ရှိပေရာသည်ဟူ၍ မှန်းဆကာ ထင်မြင်ရပေသည်။ (သဗ္ဗညုဘုရားမှတပါး မည်သူမျှ တပ်အပ်သေချာ မသိနိုင်ကြကုန်။) ယင်းသို့ အတိတ်ကံရှိသူဖြစ်စေကာမူ ချုပ်လေပြီးသော အတိတ်ကံ၏ အဟုန်အရှိန်ကို ပစ္စုပ္ပန်ကံဖြစ်သော လက်ငင်းပြုလုပ် အားထုတ်ရမည့် ပစ္စုပ္ပန်အလုပ်ကို ပြုလုပ်သော်မှသာလျှင် အတိတ်ကံ၏ အဟုန်အရှိန်သည် အားရှိကာ အကျိုး ပေးနိုင်ပေသည်၊ ပစ္စုပ္ပန်ကံ

ဖြစ်သော အလုပ်ဖြင့် ကျေးဇူးပြုအားပေးခြင်းမရှိမူကား အတိတ်ကံသည်(ဝါ)အတိတ်အလုပ်သည် အကျိုးပေးသင့်သလောက် အကျိုးပေးမည် မဟုတ်သည်ကို သတိပြု၍ သိရှိသင့်ကြပေသည်။

ဥပမာ——ဘီအေ, အမ်အေဘွဲ့ကို ရရှိပြီးသောသူ၌ ယင်းဘွဲ့ကို ရရှိအောင် သူငယ်တန်းကစ၍ ပညာသင်ယူခဲ့ခြင်းသည် အတိတ်ကံဖြစ်သည်၊ (အတိတ်ကအလုပ်ဖြစ်သည်၊) ရရှိသောဘွဲ့အားလျော်သောအလုပ်ကို ဆက်လက်လုပ်ကိုင်ခြင်းသည် ပစ္စုပ္ပန်ကံဖြစ်သည်၊ (ပစ္စုပ္ပန်အလုပ်ဖြစ်သည်၊) ဤကဲ့သို့ ပစ္စုပ္ပန်ကံတည်းဟူသောအလုပ်ကို ဆက်ကာ ဆက်ကာ နေ့စဉ်လစဉ်နှင့်အမျှ ပြုလုပ်ဆောင်ရွက်သွားပါမှ စားဝတ်နေရေး ချောင်လည်ကာ ချမ်းသာစွာ အသက်မွေးနိုင်ပေမည်၊ ယင်းသို့လျှင် ပစ္စက္ခမျက်မှောက် ယခုဘဝ၌ပင်လျှင် အတိတ်ကံ, ပစ္စုပ္ပန်ကံ(ဝါ)အတိတ်အလုပ်, ပစ္စုပ္ပန်အလုပ်ရှိသည်ကို သတိပြု၍ သိကောင်းလှပေသည်။ ဤနည်းတူ—နောက်နောက်ဘဝဟူသော အတိတ်က ပြုလုပ်ခဲ့သော ကောင်းမှုကံသည် အတိတ်ကံဖြစ်၏၊ (အတိတ်အလုပ်ဖြစ်၏၊) ယခု ပစ္စက္ခ မျက်မှောက်ဘဝ၌ ကောင်းစွာ ပြုလုပ်ခြင်း, ကောင်းစွာ ပြောဆိုခြင်း, ကောင်းစွာ ကြံစည်ခြင်း စသော ကံတို့သည် (အလုပ်တို့သည်)ပစ္စုပ္ပန်ကံ(ပစ္စုပ္ပန်အလုပ်)ဖြစ်သည်၊ ဤသို့ ပစ္စုပ္ပန်ကံတည်းဟူသော ကောင်းသောအလုပ် အပြော အကြံအစည်တို့ဖြင့် ကျေးဇူးထောက်ပံ့ အားပေးပြုလုပ်မှသာလျှင် အတိတ်ကံသည် ကောင်းစွာ အကျိုးပေးခွင့် သာနိုင်ပေသည်ဟု သိထိုက်ကြကုန်ရာ၏။

သို့ဖြစ်၍ အတိတ်ကပြုလုပ်ခဲ့သော ကံ(အလုပ်)ကိုသာ အားကိုးမျှော်လင့်၍ မနေကြပဲ နေ့ရက်ရှိသမျှ ပစ္စုပ္ပန်ကံ (ပစ္စုပ္ပန်အလုပ်)ဖြင့် ဆက်ကာ ဆက်ကာ ပြုလုပ်အားပေးမှ သာလျှင် မိမိတို့ အလိုရှိအပ်သော ကောင်းကျိုးချမ်းသာ တည်းဟူသော အကျိုးကျေးဇူးကို ရရှိကြပေမည်ဟု သဘော ပေါက်ကြ, နားလည်သင့်ကြပေသည်၊ အခြေခံဖြစ်သော အတိတ်ကံ၏ အစွမ်းသတ္တိ အဟုန်အရှိန် အားမသေးမီ ပစ္စုပ္ပန် ကံဖြင့် ဆက်လက်အားပေး ဆောင်ရွက်မှသာလျှင် မိမိ ပြုလုပ်သော ကံသည် မိမိအား ကောင်းကျိုးချမ်းသာကို ပေးနိုင်ခြင်းကိုလည်းကောင်း, မိမိ၏ အကျိုးစီးပွါးကို မိမိ ကိုယ်တိုင်သာလျှင် ပြုလုပ်ရမည်ကိုလည်းကောင်း သိရှိကြပြီး လျှင် သူတပါးကို အားမကိုးကြပဲ နတ်များကို ဝိဇ္ဇာများကို ချမ်းသာအောင် ပြုလုပ်ပေးနိုင်သည်ဆိုသော လူလိမ်ဆရာ များကို အားမကိုးကြပဲ မရရှိသေးသော ပညာ, ဥစ္စာ, ပစ္စည်းများကို ရရှိကြစေရန်၊ ရရှိပြီး ပညာ, ဥစ္စာ, ပစ္စည်း များကို တိုးပွါးစေရန် မိမိကိုယ်ကိုသာလျှင် မိမိ အားကိုး အားထားပြု၍ မိမိနှင့်သက်ဆိုင်ရာ ကံတည်းဟူသော အလုပ် ကိုသာလျှင် ဉာဏ်, ဝီရိယတို့နှင့်ယှဉ်ကာ အားထုတ်ပြုလုပ်ကြ ကုန်ရာသတည်း။

## ဆောင်ပုဒ်လင်္ကာ

၁။ ကျင့်ဝတ်ပြည့်လျှင်၊ သံဃာရှင်၊ နတ်ပင် ဦးညွှတ်ရာ။

၂။ ကျင့်ဝတ်ပြည့်ငြား၊ သံဃာအား၊ လူသား ဦးညွှတ်ရာ။

၃။ ကျင့်ဝတ်ပြည့်ငြား၊ ရှင်လူအား၊ နတ်များ ဦးညွှတ်ရာ။

၄။ လူမင်း နတ်မင်း၊ ဦးညွှတ်ခြင်း၊ လက်ငင်း ခံထိုက်ပါ။

၅။ ကံဆိုသမျှ၊ အလုပ်ပ၊ မှတ်ကြအမြဲသာ။

၆။ အလုပ်ကောင်းမှ၊ ကံကောင်းကြ၊ မှတ်ကြ အမြဲသာ။

၇။ မိမိကံသာ၊ မိမိမှာ၊ မှတ်ပါအားထားရာ။

၈။ သူများအားကိုး၊ ကိုယ့်အားညှိုး၊ အကျိုး ယုတ်တတ်ပါ။

၉။ နတ်နှင့် ဝိဇ္ဇာ၊ လူလိမ်ဆရာ၊ ရှောင်ပါ ဝေးကသာ။

၁၀။ လူပျင်း နတ်မ၊ မရှိကြ၊ မှတ်မယုံကြည်စွာ။

၁၁။ ကိုယ်တိုင်ပြုမှ၊ ကံကမ၊ ချမ်းသာကြွမည်သာ။

၁၂။ အများအကျိုး၊ ရှာသွန်းဖြိုး၊ မိုးကြိုး ဤ မေတ္တာ။

၁၃။ အများကျေးဇူး၊ ဖြန့်ကာပြူး၊ မိုးထူး ကရုဏာ။

အရှင်ပဏ္ဍိတထေရ်

ရွှေဟင်္သာဆရာတော်

ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး၊

စစ်ကိုင်းမြို့။

(ဒုတိယအကြိမ် ဖြည့်စွက်ပြုပြင်ရေးသားသည်။)

၁၃၃၀-ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၃-ရက်။

ပ-မ-သ-စ—၃၀၅—၇-၅-၇၉—၃၀၀၀။

စစ်ကိုင်းတောင်ရိုး

အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု

# ရွှေဟင်္သာဆရာတော်ဘုရားကြီး

ရေးသားပြုစုအပ်သော ကျမ်းစာများ

---

၁။ မြန်မာအလင်္ကာကျမ်း
၂။ မေတ္တာသုတ်မြန်မာဋီကာ
၃။ ပရာဘဝသုတ် မြန်မာဋီကာ
၄။ မင်္ဂလသုတ်လက်စွဲ
၅။ စာဏကျနီတိ
၆။ ရွှေဟင်္သာတောရသမိုင်း
၇။ ဟိ စ ပန နိပါတတ္ထဒီပနီ
၈။ ထွန့်ခေါင်ဆရာတော်အကြောင်း
၉။ ရွှေသွားမင်္ဂလာ
၁၀။ ဘုန်းတော်ပွင့် ထေရုပ္ပတ္တိ
၁၁။ ဥပုသ်သည်လက်စွဲ
၁၂။ ဂရုဓမ္မဝတ္ထု
၁၃။ ရွှေကျင်နိကာယ သာသနာဝင်
၁၄။ ဝိနယမဟာဝဂ္ဂပါဠိတော် မြန်မာပြန်
(အဓိပ္ပါယ်ရှင်းလင်းချက်နှင့် အကျယ်)
၁၅။ ယုဝေါဝါဒ ဆုံးမစာ
၁၆။ ပဒေသာဆုံးမစာများ
၁၇။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ
(စံကျောင်း ဆရာတော်ဘုရား၏ ကျမ်းစာများ)
၁၈။ လူမင်းနတ်မင်း ဦးညွတ်ခြင်း
၁၉။ ကာယာနုပဿနာကျမ်း
၂၀။ ရွှေဟင်္သာဆရာတော်တရားစာ

စာကြည့်ခန်း